



**Proof - မ thanthannaing**

**Typing – DuDu & zeyetp**

**Cover Design & PDF - zeyetp**

# မဟာဗျူဟာမြောက်ချစ်တဲ့သူ - နေသန်မောင်


**ပုံနှိပ်မှတ်တမ်း**

| | |
|---|---|
| ထုတ်ဝေသူ | - ဦးဇော်မင်းအေး<br>(မြဲ - ၀၄၁၂၂)<br>ထက်ဝေယံစာပေ |
| ပုံနှိပ်သူ | - ဦးဇော်မင်းအေး<br>(မြဲ - ၀၇၁၂၅)<br>ဇော် ပုံနှိပ်တိုက်<br>အမှတ် (၃၈၆)၊ အင်ကြင်းမြိုင်လမ်း၊<br>သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်။ |
| မျက်နှာဖုံးဒီဇိုင်း | - ဝင်းအောင် |
| အတွင်းဒီဇိုင်း | - ထက်ဝေယံစာပေ |
| ကွန်ပျူတာစာစီ | - ထက်ဝေယံစာပေ |
| ဖလင် | - ကိုဦးနှင့်ညီများ |
| ထုတ်ဝေသည့်အကြိမ် | - ပထမအကြိမ် |
| ထုတ်ဝေသည့်ကာလ | - ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ |
| အုပ်ရေ | - ၁၀၀၀ |
| တန်ဖိုး | - ၁၀၀၀ကျပ် |

## စာဖတ်သူတွေအတွက် နေသန့်မောင်ရဲ့ အမှတ်တရ

မဟာဇာတ်ဘာဝေဟာက်ချစ်တဲ့သူ ခေါင်းစဉ်အောက်ကနေ ပထဝီနိုင်ငံရေးအကြောင်း ရှာဖွေလေ့လာပြီး စာရေးခဲ့တာ တစ်နှစ်လောက်ရှိခဲ့ပါပြီ။ ခေါင်းစဉ်ခွဲတွေ ၂၀ကျော်လောက် ရေးပြီးတဲ့အခါ အမေရိကန်-မြန်မာ ဆက်ဆံရေးအချိုးအကွေ့ အပြောင်းအလဲတွေလည်း ဆက်တိုက်ဆိုသလို ဖြစ်လာခဲ့တာမို့ မဟာဇာတ်ဘာဝေဟာက်ချစ်တဲ့သူကို စာဖတ်သူတွေဆီ အမြန်ဆုံးပို့ပေးချင်တဲ့စိတ် ပေါ်ခဲ့ပါတယ်။ ဒီစာအုပ်ရေးဖြစ်သွားတာကလည်း The Voice Weekly မှာ မှန်နန်းဆောင်ကန့်လန့်ကာများကို အခန်းဆက်ဖော်ပြနေချိန်မို့ မြန်မာနိုင်ငံမှာလည်း ထူးထူးခြားခြား အပြောင်းအလဲတွေ ဆက်တိုက်ဖြစ်နေချိန်မို့ ပထဝီနိုင်ငံရေးကို ဆဝါးမိစေချင်တာကြောင့် ဖြစ်ပါတယ်။ တကယ်တမ်း မဟာဇာတ်ဘာဝေဟာက်ချစ်တဲ့သူကို ရေးတဲ့အချိန်မှာ မြင်ရတဲ့ ရုပ်ပုံလွှာက ခပ်ရေးရေးလေးပဲရှိပါတယ်။ အခု စာအုပ်ထုတ်ဝေချိန်မှာလို ပထဝီနိုင်ငံရေးအလှုပ်အရမ်းက ပြတ်ပြတ်သားသားကြီး မြင်ရသေးတာမဟုတ်ပါဘူး။

ဒါကြောင့် တစတစပုံပေါ်လာတဲ့ ပထဝီနိုင်ငံရေးအခင်းအကျင်းတွေကို နောက်ဆက်တွဲ ဆောင်းပါးတွေမှာလည်း ဖော်ပြထားပါတယ်။ ဒီမဟာဇာတ်ဘာဝေဟာက်ချစ်တဲ့သူမှာပါတဲ့ အချက်အလက်တွေဟာ အမေရိကန်ပြည်ထောင်စုနဲ့ အခြားတက္ကသိုလ်တွေက သုတေသနစာတမ်းတွေအများကြီးပေါ်မှာ အခြေခံပြီး အနုမာနတစ်ခုကို ခပ်ကြမ်းကြမ်း ဆွဲထုတ်ခဲ့ရတာပါ။ တော်တော်လေးကို သတ္တိမွေးယူခဲ့ရပါတယ်။ မက်စင်ဂျာ ဂျာနယ်မှာဖော်ပြနေတဲ့အချိန် တောင်တရုတ်ပင်လယ်ပြင်က လှုပ်လှုပ်ရှားရှားမှုတွေ သိသိသာသာဖြစ်လာတာမို့ ထက်ဝေယံစာပေက စာအုပ်ထုတ်ဖို့ ပြောတဲ့အချိန် ကျွန်တော့်ဘက်က ဝမ်းပမ်းတသာ လက်ခံခဲ့တာဖြစ်ပါတယ်။ မဟာဇာတ်ဘာဝေဟာက်ချစ်တဲ့သူဟာ လက်ရှိ မျိုးဆက်နဲ့ လာမယ့်မျိုးဆက်အတွက်တင်မကပဲ ၂၁ ရာစုခေတ်ဦးကို လေ့လာသင်ယူနိုင်ဖို့ ပန်းချီကားလေး တစ်ချပ်အဖြစ် ပုံဖော်နိုင်ခဲ့တယ်ဆိုရင်ပဲ ကျေနပ်စရာဖြစ်ရပါပြီ။

မဟာဇာတ်ဘာဝေဟာက်ချစ်တဲ့သူကို ထုတ်ဝေပေးတဲ့ ထက်ဝေယံစာပေနဲ့ ကိုဇော်မင်းအေး၊ မင်စင်ဂျာ ဂျာနယ်က တာဝန်ခံအယ်ဒီတာ ကိုသူရအောင်အပါအဝင်၊ မျက်နှာဖုံးဒီဇိုင်းပြုလုပ်ပေးသူနဲ့ စာဖတ်သူတွေကို အထူးကျေးဇူးတင်တဲ့အကြောင်း ပြောလိုပါတယ်။ နောက်ထပ်ပြောချင်တာကတော့ ဒီစာအုပ်ရေးဖြစ်အောင် တွန်းအားပေးခဲ့ကြတဲ့ မိတ်ဆွေတွေအားလုံးနဲ့ သူငယ်ချင်းတွေ၊ စာနယ်ဇင်းလောက,က လုပ်ဖော်ကိုင်ဖက်တွေကို ကျေးဇူးတင်ရှိကြောင်းဖြစ်ပါတယ်။ နောက်ဆုံးကျေးဇူးတင်လိုတာကတော့ ကျွန်တော့်မိခင်ကြီးပဲ ဖြစ်ပါတယ်။ ဒီစာအုပ်ဟာ အမေ့အတွက် ရည်ရွယ်ပါတယ်။

ချစ်ခင်စွာဖြင့်

နေသန့်မောင်

အောက်တိုဘာ ၁၇၊၂၀၁၂

ရန်ကုန်မြို့။

## ကိုယ်ရေးအကျဉ်း

နေသန်မောင်ကို ၁၉၇၇ တွင် ရန်ကုန်မြို့၌ မွေးဖွားခဲ့သည်။ ၁၉၉၆ တွင် ရန်ကုန်တက္ကသိုလ် လှိုင်ကောလိပ်၌ သင်္ချာဘာသာအဓိကဖြင့် ဒုတိယနှစ်အထိတက်ရောက်ခဲ့သည်။ ၁၉၉၉ တွင် ထိုင်းနိုင်ငံသို့ ရောက်ရှိခဲ့ပြီး အမြင်သစ်သတင်းစာကို ၂၀၀၀ ပြည့်နှစ်မှစတင်ကာ ထုတ်ဝေခဲ့ပြီး အယ်ဒီတာချုပ်အဖြစ် တာဝန်ယူခဲ့သည်။ ၂၀၀၅ တွင် အမေရိကန်ပြည်ထောင်စုသို့ ပြောင်းရွှေ့ခဲ့ပြီး ၂၀၁၀ တွင် မြောက်ကာရိုလိုင်းနားပြည်နယ်မှ ရုပ်ရှင်ပညာနှင့် နိုင်ငံရေးသိပ္ပံဘာသာရပ်များ ဝိဇ္ဇာဘွဲ့ကို ရရှိခဲ့သည်။ ၂၉၃၀-၁၉၅၀ မြန်မာ့နိုင်ငံရေးသမိုင်းနောက်ခံ စာအုပ်ဖြစ်သော အရဏ်ဦးလွတ်လပ်ရေးနှင့် မှန်နန်းဆောင် ကန့်လန့်ကာများ စာအုပ်နှစ်အုပ်ကို ၂၀၀၂ မှ ၂၀၁၁ အတွင်း ရေးသားပြုစုခဲ့သည်။ မဟာဗျူဟာမြောက်ချစ်တဲ့သူနှင့် အခြားဆောင်းပါးများ စာအုပ်သည် နေသန်မောင်၏ တတိယမြောက် စာအုပ်ဖြစ်သည်။ နေသန်မောင်သည် သတင်းမီဒီယာများတွင် Consultant အဖြစ် လုပ်ကိုင်နေပြီး နိုင်ငံရေးဆိုင်ရာဆောင်းပါးများကို ရေးသားနေသူဖြစ်ပြီး အပတ်စဉ်ထုတ် The Voice Weekly နှင့် The Messenger သတင်းဂျာနယ်များတွင် ပင်တိုင်နိုင်ငံရေးဆောင်းပါးများ ရေးသားနေသူတစ်ဦးဖြစ်သည်။ The Voice Weekly ဂျာနယ်တွင် ရေးသားခဲ့သော မှန်နန်းဆောင် ကန့်လန့်ကာဆောင်းပါးများအား စုစည်း၍ စာအုပ်ထုတ်ဝေသွားမည်ဖြစ်သည်။

## အပိုင်း (၁)

## နိဒါန်း

မြန်မာနိုင်ငံသည် လွတ်လပ်ရေးတိုက်ပွဲကာလ ဗြိတိသျှကိုလိုနီထမ်းပိုးအောက်မှစတင်ကာ ကမ္ဘာတွင် ခေတ်စားသော ဆိုရှယ်လစ်အိပ်မက်ကြီးကို ၂၁ရာစုတစ်စုလုံးနီးပါးမက်ကာ တံခါးပိတ်အမှောင်ချထားခဲ့သည်။ လက်ဝဲဝါဒ၊ လက်ဝဲအယူအဆသည် လွတ်လပ်ရေးတိုက်ပွဲကို ဦးဆောင်ခဲ့ကြသူ လူငယ်ပညာတတ်များကို သူ့ကျွန်ဘဝမှ လွတ်မြောက်စေရေး ပြဒါးရှင်လုံးအဖြစ် အကြီးအကျယ် ဖမ်းစားခဲ့သည်။ အရင်းရှင်ကို အရင်ရှင်းရမည်ဆိုသော ဆိုရှယ်လစ်ခေတ်ပြောင်းတော်လှန်ရေး အောင်ရမည်ဟူသည့် ကြွေးကြော်သံအောက်တွင် မြန်မာနိုင်ငံသည် ကမ္ဘာ့အဆင်းရဲဆုံးတိုင်းပြည်အဖြစ် ကျရောက်ခဲ့သည်။

အနုပဋိလောမကျမ်းကို လက်မခံလျှင် စာပေနှင့်နိုင်ငံရေး လောကအတွင်းမှ ဆွဲထုတ် ဖယ်ကျဉ်ခံထားရသည်။ ကနဦးတွင် ဆိုဗီယက်သွင်းကုန်၊ နောက် တရုတ်သွင်းကုန်အဖြစ် သူတစ်ပါးနောက်လိုက်လုပ်ရာမှ မြန်မာ့နည်းမြန်မာ့ဟန် ဆိုရှယ်လစ်ရယ်လို့ ဖြစ်လာခဲ့သည်။

အရှေ့တောင်အာရှတွင် ဆင်းရဲလွန်းလှသောနိုင်ငံလေးသည် ကမ္ဘာ့နိုင်ငံကြီးအောက်တွင် ကံဆိုးမိုးမှောင်ကျခဲ့ပြီး လွတ်လပ်သော ကမ္ဘာသစ်ကြီးနှင့် မျိုးဆက် ၂ခုစာ ပြတ်တောက်သွားခဲ့သည်။ အယူဝါဒရေးရာတွင် ကျမ်းလေးခဲ့သည်။ အဘိဓမ္မာသိပ်များပြီး လက်တွေ့တွင် ဘာတစ်ခုမှဖြစ်မလာခဲ့။

ဒီမိုကရေစီ သင်းသပ်ခံခဲ့ရသော ၂၃နှစ်တာကာလတွင် မြန်မာ၏အရေးပါမှုသည် ပိုမိုနောက်ဆုတ်သွားခဲ့သည်။ ကမ္ဘာ့ဇာတ်ခုံပေါ်မှ လုံးဝနီးပါး ဖယ်ရှားခံလိုက်ရချိန်ဖြစ်ပြီး အမေရိကန်ပြည်ထောင်စု အပါအဝင် အနောက်နိုင်ငံအများစု၏ ပြစ်ဒဏ်ခတ်ပိတ်ဆို့မှုကိုသာ ဆုလာဘ်အဖြစ်ရခဲ့သည်။ ထိုအခြေအနေအောက်မှ မြန်မာသည် နိုင်ငံတကာ အသိုင်းအဝိုင်းအတွင်းသို့ ညတွင်းချင်းပြန်လည်တိုးဝင်ဖို့ ဆိုသည်မှာ မျှော်မှန်းဖို့ပင်မကောင်းသော အချက်ဖြစ်ခဲ့သည်။ ကမ္ဘာ့ဇာတ်ခုံပေါ် မဟာဗျူဟာမြောက် အရေးပါလာဖို့ဆိုသည်မှာ အလွန်ရယ်စရာကောင်းသော ပြက်လုံးတစ်ခုဖြစ်သည်။

သို့သော် ထိုပြက်လုံးသည် တကယ်အစစ်အမှန်ဖြစ်လာသောအခါ ကျန်သူများမပြောနှင့် မြန်မာတို့ကိုယ်တိုင် ရှော့ခ်ရသွားသည်အထိ ဖြစ်သွားသည်။ အမေရိကန်ပြည်ထောင်စုက ၂၀၁၁ ဆောင်းဦးကာလတွင် ဖော်ပြခဲ့သည့် ဖောရိန်းပေါ်လစီမဂ္ဂဇင်းတွင် အာရှ-ပစိဖိတ်ဒေသ အမေရိကန်တို့၏ အကျိုးစီးပွားကိုဖော်ပြလိုက်သည်။ အမေရိကန်တို့ အာရှသို့ပြန်လာပြီဆိုသည့် သတိပေးစကားနှင့်အတူ အကြမ်းဖက်မှုတိုက်ဖျက်ရေးစစ်ပွဲများဖြင့် အရှေ့အလယ်ပိုင်းတွင် ငွေကုန်ကြွေးတင် အလုပ်များနေခဲ့သည့် သိမ်းငှက်ကြီးအာရှသို့ ပြန်လည်ဝဲပျံလာခဲ့သည်။

အပြောင်းအလဲများသည် အချိန်ကိုက်များလုပ်နေသည်ဟုပင် သံသယရှိဖို့ကောင်းစွာ ၂၀၁၀၊ ၂၀၁၁အတွင်း ဝုန်းခနဲ ဝုန်းခနဲ ပြောင်းလဲနေသည်။ ၂၀၀၉ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်ပေါ်လစီသစ်နှင့် ၂၀၁၀ မြန်မာ့ရွေးကောက်ပွဲ၊ ၂၀၁၁ အရပ်သားအစိုးရသစ်နှင့် ပြုပြင်ပြောင်းလဲရေးများ၏ လားရာသည် ၂၀၁၁ ဒီဇင်ဘာ နိုင်ငံခြားရေးဝန်ကြီးဟီလာရီ၏ခရီးစဉ်တွင် ပေါင်းဆုံရာဖြစ်လာသည်။ မြန်မာပြည်အရေးနှင့် ပတ်သက်ပါက အင်အားကြီးနိုင်ငံတို့၏ ကူညီဖေးမမှုမျိုး လွန်ခဲ့သည့် ဆယ်စုနှစ် ၅ ခုအတွင်း လုံးဝမရှိခဲ့ပေ။

၂၀၁၁အတွင်း မြန်မာနိုင်ငံထဲကို ထဲထဲဝင်ဝင် ပြန်လည်ပတ်သက်ဖို့ ချစ်ကြည်ရေးခရီးစဉ်များ ဘာ့ကြောင့်ဖော်ဆောင်နေသနည်းဆိုသည့် မေးခွန်းသည် လူတိုင်းစိတ်ဝင်စားသည့် ကိစ္စဖြစ်သည်။ ယင်းမှာ အမေရိကန်ပြည်ထောင်စု၏ မြန်မာအပေါ်ထားသော အပြစ်ပေးဒဏ်ခတ်ရေးဆိုသည့် ပေါ်လစီတစ်ခုတည်းဖြင့် ဒီမိုကရေစီရေးပြုပြင်ပြောင်းလဲမှုကို တွန်းအားပေးနိုင်ခြင်းမရှိဆိုသည့် သုံးသပ်ချက်ကြောင့် ဖြစ်သည်။ ၂၀၀၉တွင် သမ္မတအိုဘားမား အစိုးရသစ်က မြန်မာနိုင်ငံဆိုင်ရာ ပေါ်လစီသုံးသပ်မှုများပြုလုပ်ပြီး ၉လအကြာတွင် တိုက်ရိုက်ထိတွေ့ဆက်ဆံရေးနှင့် ဒဏ်ခတ်မှုများကို အပြောင်းအလဲများ မလုပ်သရွေ့ ဆက်လက်ထားရှိရေးဆိုသည့် မီးစတစ်ဖက် ရေမှုတ်တစ်ဖက် ပေါ်လစီသစ်ကို ချမှတ်လိုက်သည်။

အမေရိကန်တို့ ဘာ့ကြောင့်မြန်မာအပေါ် ပေါ်လစီသစ် ပြောင်းလဲသွားသနည်း။ နောက်ကွယ်တွင် မည်သည့်အချက်များ ရှိနေသနည်း။ ဘင်္ဂလားပင်လယ်အော်မှတစ်ဆင့် အန္တိယသမုဒ္ဒရာသို့ တရုတ်တို့ နယ်မြေသစ်ပိုင်စိုးရေးအတွက် ခံစစ်မှာ အန္တိယတစ်နိုင်ငံတည်းဖြင့် မလုံလောက်တော့ဟု ဝါရှင်တန်နားလည်သွားသည်။ ဆိုလိုရင်းမှာ အိန္ဒိယတစ်နိုင်ငံတည်းဖြင့် တရုတ်ကို ချိန်ညှိထားရန်

မလုံလောက်တော့ခြင်းဖြစ်သည်။ တရုတ်ကြီးထွားလာမှုသည် တတ်နိုင်သမျှ ငြိမ်းချမ်းစွာဖြစ်ပေါ်နေစေရန်နှင့် ဒေသတွင်း မဟာဗျူဟာမြောက်ချိန်ခွင်လျှာကို ထိန်းညှိထားရန်တို့အတွက် ဝါရှင်တန်သည် အာရှသို့ မဖြစ်မနေ ခြေဦးလှည့်ရတော့သည်။ အကြမ်းဖက်မှု တိုက်ဖျက်ရေးစစ်ပွဲဖြင့် ၁ဂနှစ်တာ အချိန်ကုန်ခဲ့ရသောကြောင့် အာရှတွင် အပြောင်းအလဲကြီးများကို လက်လွှတ်ခဲ့ရသည်။

အမေရိကန်တို့၏ ပိတ်ဆို့အရေးယူမှုများသည် လိုလားချက်များကို မဖြည့်စွမ်းနိုင်သည့်အပြင် ဘေးထွက်ဆိုးကျိုး အများအပြားကိုပင် ပေါ်ပေါက်စေခဲ့သည်ဟု ဝါရှင်တန်ကိုယ်တိုင်ဝန်ခံလာရသည်။ သို့သော် မြန်မာနှင့် မည်သို့သော နည်းဖြင့် ပြန်လည်စေ့စပ်မည်နည်းဆိုသည်မှာ မြန်မာနှင့်ပတ်သက်ပြီး စံနှုန်းတန်ဖိုးကို အလွန်အကျွံ ဆုပ်ကိုင်ထားသော အချက်က အခုအခံဖြစ်နေသည်။ ကံကောင်းစေသောအချက်မှာ ၂၀၁၀တွင် အထွေထွေရွေးကောက်ပွဲများပေါ်လာပြီး ဒေါ်အောင်ဆန်းစုကြည် ပြန်လည်လွတ်မြောက်လာခြင်း၊ ၂၀၁၁တွင် အရပ်သားအစိုးရသစ်တက်လာပြီး ပြုပြင်ပြောင်းလဲရေးအတွက် ခိုင်ခိုင်မာမာ ကတိကဝတ်များပေးလာခြင်းတို့သည် ဝါရှင်တန်ကို ပျော့ခွေသွားစေခဲ့သည်။ ဟန်မဆောင်နိုင်တော့၊ တင်းမခံထားနိုင်တော့။

၂၃နှစ်တာ မပြေလည်ခဲ့သော ကစားကွင်းအတွင်းမှ မျက်နှာချင်းဆိုင်မရခဲ့သော အနေအထားများ လပိုင်းအတွင်း ပျယ်လွင့်သွားသောအခါ အန်ကယ်ဆမ်တစ်ယောက် မြန်မာပြည်သို့ ဒုတ်ဒုတ်ထိ ရောက်လာခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် မြန်မာနှင့် မဟာဗျူဟာမြောက်ချစ်တင်းနှောရန် အခွင့်အခါကောင်းကြီးဖြစ်နေသည်။ အချိန်ကောင်းကြီးဖြစ်နေသည်။ အားလုံးက သိမ်းငှက်ကြီးကို ကြိုဆိုကြသည်။ မဟာရန်တံတိုင်းပေါ်မှ နဂါးကြီးမစိုးရိမ်ပါနှင့်ဟု အချက်ပြနေရသည်။ အဘယ့်ကြောင့်ဆိုသော် တရုတ်အဖျားကို အာရှဒေသတစ်ခုလုံး ခံစားနေရသောကြောင့်ဖြစ်သည်။ တရုတ်ကြီးထွားလာမှုသည် အိမ်နီးချင်းများကို ဒုက္ခပေးဖို့မဟုတ်၊ သာတူညီမျှ ခံစား၊ စံစားဖို့သာဖြစ်သည်ဟု ဘေဂျင်းကနားချသော်လည်း လူတိုင်းနီးပါး (Chinese Fever) ကို ရနေသည်။

ကမ္ဘာ့စူပါပါဝါအဖြစ် တက်လှမ်းလာမည့် အိန္ဒိယနှင့် တရုတ်နှစ်နိုင်ငံအနက် အိန္ဒိယကြီးထွားလာမှုကို မစိုးရိမ်ကြ။ အဘယ့်ကြောင့်ဆိုသော် အိန္ဒိယသားတို့၏ ကြီးပွားတိုးတက်ရေးခြေလှမ်းသည် အကန့်အသတ်များစွာရှိနေသောကြောင့် ဖြစ်သည်။ အိန္ဒိယသည် ဒီမိုကရေစီစကားကိုသာ အာပေါင်အာရင်းသန်သန်ပြောရင်း စီးပွားရေးမလုပ်တတ်၊ ပြိုင်ဘက်၏ ခြေလှမ်းကျဲမှုကိုကြည့်ရင်း အချိန်ဖြုန်းနေသည်ဟု ဒေသတစ်ခုလုံး ရှုမြင်လာနေသောကြောင့် ဖြစ်သည်။ အမှန်ဆိုရသော် နယူးဒေလီသည် တရုတ်အဖျားကို အကြီးအကျယ်ခံစားနေရပြီဖြစ်သည်။ တရုတ်တို့ အနှစ် ၃ဂအတွင်း မည်သို့ ပြောင်းလဲခဲ့သနည်း။ တရုတ်တို့ အိပ်မက်ကို စစ်ကြောရန် လိုလာသည်။

## ၂။ တရုတ်အဖျား

ခေတ်သစ်တရုတ်နိုင်ငံကို စုစည်းပေးခဲ့သူဟု တရုတ်လူမျိုးအများစုက မှတ်ယူခဲ့သူ ခေါင်းဆောင်ကြီးမော်စီတုန်း ၁၉၇၆တွင် ကွယ်လွန်ခဲ့ချိန်သည် ၁၉၄၉ခုနှစ်၌ အခြေတည်သန္ဓေတည်ခဲ့သော ကွန်မြူနစ် သုခဘုံ (ယူတိုးပီးယားအိပ်မက်)ကို စွန့်လွှတ်စေမည့် အချိုးအကွေ့တစ်ခုဖြစ်ခဲ့သည်။ ယင်းသည် ယနေ့ ၂၁ရာစု တရုတ်ပြည်အတွက် အရေးပါအရာရောက်ဆုံးသော ပြုပြင်ပြောင်းလဲမှုကြီးဖြစ်ပြီး ယင်းကို ဦးစီးပဲ့ကိုင်ခဲ့သူက တိန့်ရှောင်ဖိန်ဖြစ်သည်။

မော်၏ အလိုမကျမှုများကို အကြိမ်ကြိမ်ခံခဲ့ရပြီး ပါတီ၏ အပြစ်ပေးခြင်းကို အကြိမ်ကြိမ်ခံခဲ့ရသူ တိန့်သည် ခေတ်သစ်တရုတ်နိုင်ငံ၏ ပင်မဒေါက်တိုင် တရုတ်ပြည်ကွန်မြူနစ်ပါတီ (CCP) ကို အကျပ်အတည်းကြားမှ ဦးဆောင်ကာ ပြုပြင်ပြောင်းလဲရေးမူ (၄)ချက်ကို ချမှတ်ခဲ့သည်။ ယနေ့ တရုတ်နိုင်ငံသည် မော်၏ ကောင်းမွေဆိုးမွေကို ခံခဲ့ရသလို တိန့်၏ ကောင်းမွေဆိုးမွေကိုလည်း ခံယူနေရဆဲဖြစ်သည်။

၁၉၇၀ပြည့်နှစ်များကာလ တရုတ်ပြည်အကျပ်အတည်းများကို နားမလည်သူများသည် ၂၁ရာစု တရုတ်ပြည်အဘယ်သို့ စူပါပါဂါဖြစ်လာခဲ့သနည်းဆိုသည်ကို နားလည်နိုင်မည်မဟုတ်သလို လက်ခံနိုင်မည်လည်း မဟုတ်ပါ။ ချမ်းသာခြင်းသည် မင်္ဂလာမည်၏ဟု ကြွေးကြော်ခဲ့သော တိန့်တစ်ယောက် တံခါးများဆွဲဖွင့်ပြီး ဂလိုဘယ်လမ်းကြောင်းပေါ် တရုတ်ပြည်ကြီးကို မတင်လိုက်ချိန် အရာရာအားလုံးသည် ရွှေရောင်တဖင်းဖင်း ပြုံးပြက် လင်းလက်ခဲ့သည်တော့ မဟုတ်ပေ။

၁၉၈၉ ဇွန်လတွင် တီအန်မင်ရင်ပြင်ပေါ် လေဘာတီရုပ်ထုကြီးကို သယ်ဆောင်၊ ဒီမိုကရေစီရေးတောင်းဆိုသော ကျောင်းသားများ၏ ကြွေးကြော်မှုများကို တိန့်တစ်ယောက် ပက်ပင်းရင်ဆိုင်လိုက်ရသည်။ ပါတီ၏ယုံကြည်ကိုးစားမှုကို ကျားကုတ်ကျားခဲရယူခဲ့ရသည့် တိန့်တစ်ယောက် သူ၏ ကြီးပွါးရေးလုပ်ငန်းစဉ်များ ကမောက်ကမ ဖြစ်ရမည်ကို မလိုလားခဲ့ပေ။ ထိုအခါ တီအန်မင်ရင်ပြင်ပေါ်ရှိ အမေရိကန်ဒီမိုကရေစီကို တောင်းဆိုနေသော ခေတ်ပညာတတ်များကို အင်အားသုံးကာ သွေးထွက်သံယိုဖြိုခွဲခဲ့သည်။

ကျောင်းသားလူငယ်များကို စာနာမှုပြခဲ့သည် ဝန်ကြီးချုပ် ကျောက်ကျိယန်ကို ထောင်သွင်း အကျဉ်းချလိုက်ပြီးနောက် တိန့်တစ်ယောက် ဈေးကွက်စီးပွားရေးကို အရှိန်အဟုတ်မြှင့်လိုက်သည်။ ၁၉၉၂ မှစတင်ကာ တရုတ်ပြည်သည် ပန်းတိုင်းပွင့်ပါစေ၊ ပွင်းသောပန်းတိုင်းလန်းကြပါစေဂါထာကို သီအိုရီအသစ်ဖြင့် ပြန်လည် ရွတ်ဖတ်ကြတော့သည်။ အဘယ့်ကြောင့်ဆိုသော် ကမ္ဘာနီကြီး တဝုန်းဝုန်းပြိုလဲသွားသည်ကို အားလုံးမြင်တွေ့လိုက်ရချိန် တိန့်၏ ဦးဆောင်မှုသည် မင်္ဂလာအပေါင်း ခညောင်းကြပါစေဖြစ်ရတော့သည်။ တိန့်ရှောင်ဖိန်သည် ခေတ်သစ်တရုတ်ပြည်၏ ခေါင်းကိုင်ဖခင်ကြီးဖြစ်လာသည်မှာ မည်သူမျှ မငြင်းနိုင်တော့။

တိန့်ချန်ထားခဲ့သည့် အမွေသည် ပြုပြင်ပြောင်းလဲရေး ၄ ချက်သာမဟုတ်ဘဲ နိုင်ငံရေး၊ ကာကွယ်ရေးနှင့် စီးပွားရေးဦးဆောင်မှုနှင့် ရေရှည်ခံသော တည်ငြိမ်သည့်မျိုးဆက်များ အာဏာလွှဲပြောင်းရေးကိုပါ စနစ်တကျဖန်တီးခဲ့ခြင်းဖြစ်သည်။ ပါတီခေါင်းဆောင်၊ တပ်မတော်ခေါင်းဆောင်၊

နိုင်ငံ့ခေါင်းဆောင်ဖြစ်လာမည့်သူကို စနစ်တကျမွေးမြူကာခန့်အပ်သည့်၊ အမွေဆက်ခံသည့်စနစ်နှင့် အမွေလွှဲပြောင်းပုံအဆင့်ဆင့်ကိုပါ ဖန်တီးပေးခဲ့သည်။

တိန့်ကိုဆက်ခံသော ကျန်ဇီမင်း၊ ကျန်ဇီမင်းကို ဆက်ခံသော ဟူချင်တောင်လက်ထက်များသည် အနှစ် ၃၀ ကြာ လမ်းကြောင်းကြီး တည်ငြိမ်မှုရှိရေး၊ တရုတ်လူ့အဖွဲ့အစည်းတစ်ခုလုံး ဟာမိုနီဖြစ်ရေးနှင့် တရုတ်အိုင်ဒီရော်လောက်ဂျီကို မြှင့်တင်ရေးအတွက် တကယ်ကိုအာမခံနိုင်သည့် အခြေအနေကို ပေါ်ပေါက်လာစေတော့သည်။ ထိုအခါ တရုတ်အနီးအနားသာမက ကမ္ဘာတစ်ပှမ်းလုံး တရုတ်အဖျား (Chinese Fever) ကို စတင်ခံစားလာကြတော့သည်။

ကမ္ဘာကြီးပြားပြီ စာအုပ်ရေးခဲ့သူ တောမတ်ဖရိုင်းမန်းက တရုတ်တို့သည် အစကနဦး၌ ဝံပုလွေ (အမေရိကန်နှင့် အနောက်ကမ္ဘာ)ကို ကြောက်နေသူများဖြစ်ပြီး၊ သိပ်မကြာခင်မှာ သူတို့သည် ဝံပုလွေနှင့် အတူတွဲကချင်လာကြသည်။ ထို့နောက် သူတို့ကိုယ်တိုင် ဝံပုလွေဖြစ်ချင်လာကြသည်ဟု ရေးသားခဲ့သည်။ တရုတ်နိုင်ငံသည် ကမ္ဘာ့ဒုတိယစီးပွားရေး နေရာရှိသော ဂျပန်နိုင်ငံနေရာကို ရယူလိုက်ပြီဟု ၂၀၁၁တွင် ထုတ်ပြန်လိုက်ချိန် တရုတ်နိုင်ငံ ဝံပုလွေဖြစ်လာပြီလော၊ ကမ္ဘာ့စူပါပါဝါဖြစ်လာပြီလောဆိုသည့် မေးခွန်းများ ပွက်လောညံသွားတော့သည်။

၂၀၁၁ ဇူလိုင်လတွင် အမေရိကန်တပ်မတော်မှ ဗိုလ်ချုပ်ကြီး မိုက်ခ် မူလန်က တရုတ်ပြည် စူပါပါဝါနိုင်ငံဖြစ်လာပါပြီဟု တရားဝင် ထုတ်ပြောလိုက်ချိန် ကမ္ဘာကြီးတစ်ခုလုံး ကြက်သေသေသွားကြတော့သည်။ လွန်ခဲ့သည့် ဆယ်နှစ်အတွင်း ရယ်စရာလိုလို လှောင်စရာလိုလို စကားအဖြစ်ပြောခဲ့သည့် နိမိတ်များ တကယ်ဖြစ်လာသောအခါ အများစုသည် တုန်လှုပ်သွားကြသည်။ တရုတ်နိုင်ငံ ကမ္ဘာ့စူပါ ပါဝါဖြစ်လာခြင်းသည် အမေရိကန် အင်ပါယာပြိုလဲကျမှုကို သွယ်ဝိုက် ရည်ညွှန်းခြင်းဖြစ်သည်ဟု အားလုံးက လက်ခံထားကြသည်။ ထိုအခါ စစ်အေးခေတ်အတွင်း ကွန်မြူနစ်ဘလောက်ကို ဆန့်ကျင်ပြီး အမေရိကန်အင်ပါယာ၏ ထီးရိပ်ကိုခိုခဲ့ကြသူများအတွက် မဟာဗျူဟာများ၊ အမျိုးသားရေးဝါဒများ၊ အကျိုးစီးပွားများအတွက် ခေါင်းချင်းရိုက်ကြတော့သည်။

၂၁ ရာစုကို တရုတ်တို့ ဦးဆောင်တော့မည်ကို လက်မခံနိုင်သော၊ လက်မခံလိုသော အင်အားစုများသည် ရှေးရောင်တဝင်းဝင်းခေတ်က ထီးရိပ်ခိုခဲ့သောဘဝကို တမ်းတလွမ်းဆွတ်ကြတော့မည်။ သူတို့သည် တရုတ်နိုင်ငံ၏ ဩဇာအာဏာကိုရရှိသော နည်းလမ်းမှန်သမျှဖြင့် တွန်းလှန်ကြတော့မည်ဖြစ်သည်။ အနီးစပ်ဆုံးမှာ အာဆီယံနိုင်ငံများနှင့် အာရှနိုင်ငံများသည် တရုတ်ကြီးမားလာမှု၊ ကျယ်ပြန့်လာမှု၏အကျိုးဆက်ကို တိုက်ရိုက်ခံစားကြရတော့မည့်နိုင်ငံများ ဖြစ်လာသည်။ နိုင်ငံတိုင်း တရုတ်အခြေအနေနှင့် လိုက်လျောညီထွေဖြစ်အောင် adjust လုပ်ကြပါဟု ပညာရှင်များက သတိပေးလာကြသည်။

အမှန်ဆိုရလျှင် တရုတ်အဖျားကို ဒေသတွင်း၌ ခံစားနေကြရပြီဆိုသည်မှာ မည်သူမျှ ငြင်းဆန်မရတော့ခြင်းပင် ဖြစ်သည်။

## ၃။ အိန္ဒိယ ဒရွတ်တိုက်ဆွဲမှု

ကမ္ဘာ့အကြီးမားဆုံးသော ဒီမိုကရေစီနိုင်ငံကြီးဆိုလျှင် လူတိုင်းအိန္ဒိယကို လက်ညှိုးထိုးပြကြမည် ဖြစ်သည်။ နှစ်ပေါင်းရာနှင့်ချီ ကိုလိုနီလက်အောက်ကျရောက်ခဲ့ရပြီး ၁၉၄၇ လွတ်လပ်ရေးရချိန် တိုက်ငယ်လေးကို သုံးပိုင်းပိုင်းကာ နိုင်ငံနှစ်ခုအဖြစ် ခွဲထုတ်ခံလိုက်ရသော အိန္ဒိယသည် ဂန္ဒီကြီးနှင့် နေရူးတို့၏ ဆိုရှယ်လစ်အိပ်မက်ကို စစ်အေးခေတ်တစ်လျှောက်မက်ကာ အိပ်မောကျနေခဲ့သည်။

၁၉၈၉ ဘာလင်တံတိုင်းကြီး ပြိုကျချိန်၊ ဂေါ်ဘာချော့ဗ်၏ ပွင့်လင်းမြင်သာရေးလမ်းကြောင်းနှင့်အတူ ဆိုဗီယက်ပြည်ထောင်စုကြီးပြိုလဲသွားချိန် အိန္ဒိယသည် အိပ်မောကျနေရာမှ ဆတ်ခနဲနိုးလာသည်။ ထိုအခါ ကမ္ဘာကြီးတစ်ခုလုံး ပြောင်းလဲသွားသည်ကိုမြင်လိုက်ရသည်။ အိန္ဒိယနိုင်ငံခြားရေးဌာနသည် ကြွယ်ဝချမ်းသာမှုနှင့် ဈေးကွက်ရရှိမှုတို့အတွက် ၁၉၉၁ တွင် အရှေ့မျှော်ဝါဒ (Look East) မူကိုချမှတ်လိုက်သည်။ ယင်းမှာ အိန္ဒိယနိုင်ငံ၏ အရှေ့ခြမ်းနိုင်ငံများနှင့် ကုန်သွယ်ရေး၊ စီးပွားရေးများကို ထူထောင်ရန်နှင့် ကျွဲကူးရေပါ နိုင်ငံခြားရေးမူဝါဒနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို အကောင်အထည်ဖော်မည့် စိတ်ကူးတို့ကိုစတင်ရတော့သည်။

အဘယ့်ကြောင့်ဆိုသော် လူဦးရေသန်း ၈၀၀ ကျော်ရှိသည့် အိန္ဒိယတိုက်တွင်ချမ်းသာသည်မှာ ဆင်းရဲမွဲတေမှုသာရှိသည်။ ဆင်းရဲမွဲတေမှု၊ အလုပ်အကိုင်ရှားပါးမှု၊ ပညာမတတ်မှု၊ လူနေမှုအဆင့်အတန်းနိမ့်ကျမှု၊ လူတန်းစားနှင့်ဇာတ်ခွဲခြားမှု စသည့်ဝေဒနများကို ဒီမိုကရေစီသက်သက်ဖြင့် မကုစားနိုင်သည်ကို သိလိုက်တော့သည်။ ထို့အပြင် ပါကစ္စတန်နှင့် ပတ်သက်သောခံစားချက်များနှင့် အရှေ့မြောက်ဒေသတွင် တရုတ်နိုင်ငံနှင့် နယ်နမိတ် အငြင်းပွားမှုများရှိနေသည်။

ပါကစ္စတန်နှင့် တရုတ်တို့သည် နီးကပ်သောမဟာမိတ်များဖြစ်လာသဖြင့် အိန္ဒိယသည် သူ၏တိုက်ငယ်လုံခြုံရေးနှင့် ကာကွယ်ရေးအတွက် မဟာမိတ်များလိုအပ်လာသည်။ အထူးသဖြင့် အမေရိကန်ပြည်ထောင်စုဖြစ်သည်။ တရုတ်ကျူးကျော်မှုကို ရင်ဆိုင်နိုင်ရန် အမေရိကန်ထီးရိပ်ကိုခိုလှုံသော်လည်း စူပါပါဝါဖြစ်လာရန် အိပ်မက်မှာအတော်ကို အလှမ်းဝေးနေသည်။ လုံခြုံရေးကောင်စီတွင် ဗီတိုအာဏာကိုင်ခွင့်မရှိ၊ စီးပွားရေးတိုးတင်မှုလည်း အကန့်အသတ်ရှိ၊ ကာကွယ်ရေးတွင်လည်း ပါကစ္စတန်အန္တရာယ်ကြောင့် နျူးကလီးယားကို ခဏခဏဖောက်ခွဲပြနေရသည့် အဆင့်မှာပင်ရှိနေသေးသည်။

ထိုအခါ အိန္ဒိယတို့၏ အဓိကလိုအပ်ချက်မှာ ကြီးမားလှသော အာဆီယံဒေသ၏ ဈေးကွက်ကိုရရှိရေးဖြစ်သည်။ ဗဟိုလူ့အဖွဲ့အစည်းအတွင်း ကွန်မြူနီတီဒဏ်ရာများဖြင့် ပိတ်မိနေသော အိန္ဒိယသားတို့ ဒီမိုကရေစီ၏ဒရွတ်ဆွဲမှုများကြောင့် အာဏာရှင်နိုင်ငံများခြေလှမ်း တစ်လှမ်းလှမ်းလျှင် အိန္ဒိယက ၁၀ လှမ်းမက လှမ်းရတော့မည့်အနေအထားတွင်ရှိနေသည်။

နိုင်ငံတစ်ကာရင်းနှီးမြှုပ်နှံမှုများ များများမဝင်ခြင်းသည် ပြည်တွင်းရေးအခြေအနေများအပေါ် အဓိက မူတည်နေသည်။ လူမှုဖူလုံရေးကိုခံစားပြီး ဆူဆူညံညံဒီမိုကရေစီအသံတွေကြောင့် ရင်းနှီးမြှုပ်နှံမည့်ကုမ္ပဏီများ ထွက်ခွါသွားကြတော့သည်။ သန်း ၈၀၀ အချင်းချင်းဒိုးတူဘောင်ဖက် လုပ်ကိုင်စားမည်ဆိုသည့်စိတ်များက

အများစုတွင် ရှိနေသည်။ အတူတူခံစားမည်။ အတူအတူပျော်ရွှင်ကြမည့် ကွန်မြူနတီစိတ်ဓာတ်အပြည့်ရှိကြသည်။ သို့သော် သူတို့၏ နေ့စဉ်သုံးဘဝအတွင်းသို့ တရုတ်ပစ္စည်းများ တစ်မိုးလုံးဖျောက်ဆိပ်ဖြစ်လာသောအခါ အိန္ဒိယသားတို့ မေးခွန်း စထုတ်လာကြတော့သည်။

ဘန်ဂလောမှ ဆီလီကွန်ဗယ်လီကို အိန္ဒိယသားတိုင်း မသိကြ၊ နားမလည်ကြ။ လက်တစ်ဆုပ်စာ ပညာတတ်အီလစ်များကတော့ အိန္ဒိယသည် ရှေ့သို့ရောက်နေသည်ဟု ထင်မြင်နေကြသည်။ အိန္ဒိယသမုဒ္ဒရာအတွင်း ပုလဲသွယ်စီမံကိန်းပေါ်ပေါက်လာသောအခါ ဘုရားတကြရတော့သည်။ ပါကစ္စတန်နှင့် ဘင်္ဂလားတို့ဒေ့ရှ်တွင် တရုတ်နိုင်ငံက ရေနက်ဆိပ်ကမ်းများဆောက်လုပ်ကာ အခိုင်အမာခြေကုတ်ယူလာကြသည်။ အိန္ဒိယသမုဒ္ဒရာသည် အိန္ဒိယတိုက်နှင့်သာ သက်ဆိုင်သည်မဟုတ် (Indian Ocean is not Indias Oecan) ဟု တရုတ်တို့ကပေါ်ပေါ်ထင်ထင် ဆိုလာကြသည်။ ထိုအခါ အိန္ဒိယတိုက်ငယ်သည် အမေရိကန်၏ လျော့ကျနေသော အင်ပါယာထီးရိပ်အောက်တွင် တရုတ်အဖျားကို အကြီးအကျယ်ခံစားနေရသည်။

ရလဒ်အဓိကဆိုသော ကြွက်သေဖို့သာပဓာန (result matters) အိုင်ဒီရောလော်ဂျီသည် ဒီမိုကရေစီ အညောင်းမိနေသော အိန္ဒိယတိုက်သားတို့အတွက် အခုအခံဖြစ်နေသည်။ လက်တစ်ဆုပ်စာ အိန္ဒိယပညာတတ်များ၊ ကြွယ်ဝသူများက အိန္ဒိယသည် ကမ္ဘာ့စူပါပါဝါဖြစ်လာမည်ဟုသာ ကမူးရှူးထိုး ယုံကြည်နေကြသည်။ သူတို့သည် တရုတ်တို့၏ ငွေကြေးအလုံးအရင်းနှင့် ဒေသတွင်းစီးဝင်နေမှုကို ဒီမိုကရေစီ အိုင်ဒီရောလော်ဂျီဖြင့် အသာစီးယူနိုင်မည်ဟု စိတ်ကူးယဉ်အိပ်မက် မက်နေဆဲဖြစ်သည်။

အိန္ဒိယကို တရုတ်နှင့်အပြိုင် စူပါ ပါဝါဖြစ်စေလိုသူများရှိသလို မဖြစ်စေလိုသူများလည်းရှိသည်။ နဂါးနှင့်ကျား၏ ခြေစမ်းပွဲကို မြင်တွေ့လိုကြသူများလည်းရှိသည်၊ မမြင်တွေ့လိုသူများလည်းရှိကြသည်။ အိန္ဒိယ၏မျှော်မှန်းချက်မှာ အိန္ဒိယကို၏ ခြေလှမ်းများကို အရှေ့တောင်အာရှသို့ဖြန့်ကျက်ပြီး စီးပွါးရေးအရ အရှိန်ဟုန်မြှင့်ရန်ဖြစ်သည်။ ဝန်ကြီးချုပ် မန်မိုဟန်ဆင်း၏ အာဏာရလာချိန်မှစတင်ကာ အိန္ဒိယတစ်တိုက်လုံး ဆိုရှယ်လစ်အိပ်မက်မှ နိုးလာကြသည်။ Smart Phone,LCD TV,Import Cars များသည် ဇိမ်ခံပစ္စည်းများ အဆင့်သာရှိနေသေးသော အိန္ဒိယတိုက်ငယ်အတွက် ဈေးကွက်ဝေစုကိုရရန် မျှော်လင့်ချက်နည်းပါးနေသေးသည်။

BRIC နိုင်ငံများစာရင်းတွင် ပါဝင်ကြသည့် ဘရာဇီး၊ ရုရှ၊ အိန္ဒိယနှင့် တရုတ်တို့ ၄ နိုင်ငံသည် အနာဂတ်ကမ္ဘာ့စူပါ ပါဝါများဖြစ်လာကြမည်ဟု ဂလိုဗယ်ပညာရှင်များက တညီတညွတ်တည်း ဟောကိန်းထုတ်ခဲ့ကြသည်။ ထို ၄ နိုင်ငံအနက် အိန္ဒိယနှင့် တရုတ်ပြည်သည် အရှေ့တောင်အာရှဒေသနှင့် ထိစပ်ပတ်သက်နေသော၊ လူဦးရေအရလည်း ကမ္ဘာ့လူဦးရေ၏ သုံးပုံတစ်ပုံရှိနေသော နိုင်ငံများဖြစ်သဖြင့် ဒေသတွင်းတစ်ခုလုံးသည် ဒရွတ်ဆွဲမှုများနှင့် အဖျားတက်မှုများကို မြင်နေခံစားနေရသည်။

မနေ့ကထက် ဒီကနေ့ပိုကောင်းလာမည်ဟု မျှော်လင့်ချက်ထားခြင်းသည် ပိုမိုလက်တွေ့ကျသော်လည်း မနက်ဖြန်သည် ဒီကနေ့ထက် ပိုမိုကောင်းလာရမည်ဟု မျှော်လင့်နေခြင်းသည် မည်မျှလက်တွေ့ကျသနည်းဟု စစ်ကြောရတော့မည်ဖြစ်သည်။

## ၄။ အိန္ဒိယနိုင်ငံခြားရေး ပေါ်လစီနှင့် တရုတ်ပြည်

နိုင်ငံရေးလေ့လာအကဲဖြတ်သူ ပညာရှင်များ၏အမြင်အရ ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံသည် အနောက်မှအရှေ့သို့ အင်နှင့်အားနှင့် တရှိန်ထိုးပြောင်းလဲသွားနေသည့် အခင်းအကျင်းအတွင်း ရောက်ရှိနေပြီဟုဆိုကြသည်။ ကမ္ဘာ့လူဦးရေအများဆုံး အိန္ဒိယနှင့် တရုတ်နိုင်ငံတို့သည် ၎င်းတို့၏စီးပွားရေး ခေလက်နက်ဖြင့် ကြီးပွားလာကြပြီး ကမ္ဘာ့ရေးရာတွင် ၎င်းတို့၏စွမ်းပကားများကို ထုတ်ပြလာကြသည်။

၁၉၉၇ စီးပွားရေး ကသောင်းကနင်းဖြစ်မှုမှ ပြန်လည်နလန်ထူပြီး ယခင်အခြေအနေများကို အရှေ့တောင်အာရှနိုင်ငံများ ပြန်လည်ရရှိလာသလို ဂျပန်နိုင်ငံသည်လည်း သူ၏စစ်ရေးကို မြှင့်တင်နေချိန် ၂၁ ရာစု ဝင်ပေါက်တွင် အိန္ဒိယနှင့်တရုတ်တို့၏ တန်ခိုးသြဇာကို ဖြုန်းခနဲခံစားသွားမိကြတော့သည်။ ကိုးရီးယားကျွန်းဆွယ်၊ ထိုင်ဝမ်နှင့် ကက်ရှမီးယားဒေသများတွင် စိန်ခေါ်မှုများရှိနေသော်ငြား၊ မျှော်လင့်ချက်များရှိနေသော်ငြား ယခုရာစုသစ်သည် အာရှရာစုတစ်ခုဖြစ်လာခဲ့ပြီဆိုသည်မှာ ပိုမိုရှင်းလင်းလာနေသည်။

ထိုရာစုနှစ်တွင် အာရှနိုင်ငံများ၏ အနာဂတ်သည် အိန္ဒိယနှင့်တရုတ် နှစ်နိုင်ငံကြားဆက်ဆံရေးအပေါ် ကြီးကြီးမားမား မှီခိုကြရတော့မည်။ အမေရိကန်ပြည်ထောင်စု အမျိုးသားထောက်လှမ်းရေးကောင်စီ၏ ၂၀၂၀ ကမ္ဘာ့အနာဂတ်မြေပုံ အစီရင်ခံစာတွင် သုံးသပ်ထားသည်မှာ နိုင်ငံတစ်ကာအသိုင်းအဝိုင်းအနေဖြင့် တရုတ်နှင့်အိန္ဒိယတို့၏ စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေးတို့ဖြင့် ထိပ်တိုက်တွေ့ကြတော့မည်ဟု ဟောကိန်းထုတ်လိုက်သည်။

ယင်းအစီရင်ခံစာက တရုတ်နှင့်အိန္ဒိယတို့ ၂၁ ရာစုတွင်ခေါင်းထောင်ထလာခြင်းသည် ၁၉ ရာစုအတွင်း ဂျာမနီခေါင်းထောင်လာခြင်းနှင့် ၂၀ ရာစုအတွင်း အမေရိကန်တို့အင်ပါယာဖြန့်ကျက်သကဲ့သို့ အကျိုးသက်ရောက်မှုများ ပေါ်လာတော့မည်ဟု တင်ပြထားသည်။

တရုတ်ဝန်ကြီးချုပ် ဝန်ကျားပေါင်က အိန္ဒိယဝန်ကြီးချုပ် မန်မိုဆင်းဂျ်နှင့်တွေ့ဆုံသည့် အစည်းအဝေးအနက် တစ်ခုတွင် ကျုပ်တို့လက်ဆွဲနှုတ်ဆက်ကြတာနဲ့ တစ်ကမ္ဘာလုံးကစောင့်ကြည့်နေကြရမှာပဲဟု မှတ်ချက်ပေးခဲ့သည်။ ယနေ့တွင် အိန္ဒိယ-တရုတ်ဆက်ဆံရေးသည် ပိုမိုရှုပ်ထွေးနက်နဲပြီး အပြုသဘောဆောင်သော တိုးတက်မှုများရှိနေသည့်တိုင် ပဟေဠိဖော်ရခက်သည့် ပုစ္ဆာတစ်ပုဒ်ဖြစ်နေဆဲပင်။ နိုင်ငံတိုင်းသည် ၎င်းတို့ရင်ဆိုင်နေရသည့် လက်တွေ့ကျသောအနေအထားဖြင့် အခြေအနေများကို တုံ့ပြန်ကြရပြီး လုံခြုံရေးအတွက်စိန်ခေါ်မှုများကို ရင်ဆိုင်ကြရခြင်းဖြစ်သည်။ သို့သော် အိန္ဒိယနိုင်ငံခြားရေးပေါ်လစီသည် တစတစကြီးထွားလာနေသော တရုတ်ပြည်နှင့်ပတ်သက်ပြီး ကောင်းမွန်သင့်တင့်သော မူဝါဒများကို မချမှတ်နိုင်ဘဲဖြစ်နေခဲ့သည်။ တရုတ်နိုင်ငံသည် အိန္ဒိယနှင့် ဆက်ဆံသည့်အခါတိုင်း ကျိုးကြောင်းဆီလျော်မှုရှိသည့်

နည်းနာဖြင့်သာ ချဉ်းကပ်သော်လည်း အိန္ဒိယအနေနှင့်မူ အဆင့်တိုင်း၌ အဆင့်မြင့်အရာရှိများ သွားရောက်လည်ပတ်မှုဖြင့်သာ တင်းတိမ်နေခဲ့ပြီး တရုတ်တို့ကျေနပ်မှုရစေရန် ဗျာများနေခဲ့သည်။ အိန္ဒိယတွင် မဟာတရုတ်ပြည်ကြီးနှင့်ပတ်သက်သော မဟာဗျူဟာများ၊ လမ်းညွှန်များရှိသလား၊ မရှိသေးဘူးလားဆိုသည့် မေးခွန်းများစတင်ထုတ်ရတော့မည့် အချိန်ကျရောက်လာခဲ့သည်။

ကမ္ဘာကို ကြီးစိုးချုပ်ကိုင်ထားသည့် အမေရိကန်အင်ပါယာကိုစိန်ခေါ်ရန် လေးနက်သောခြေလှမ်းများကို တိတိကျကျလုပ်ဆောင်ဖို့ ဆယ်စုနှစ်များစွာလုပ်ဆောင်ရမည်ဟု တရုတ်တို့နားလည်သဘောပေါက်လာချိန်တွင် တရုတ်ပြည်သည် အာရှဒေသ၌ စွမ်းအင်ဆိုင်ရာမဟာဗျူဟာကိုချမှတ်ကာ ဖိုးကပ်စ်လုပ်လာခဲ့သည်။ နိုင်ငံခြားရေး မူဝါဒကိုလည်း အာရှတိုက်၌ အင်ပါယာထူထောင်မည့်အိပ်မက်အတွက် စစ်ရေးနှင့်စီးပွားရေး သာလွန်မှုရစေရန် ဦးစွာချမှတ်လုပ်ဆောင်ခဲ့သည်။ တရုတ်ပြည်ကြီး တရှိန်ထိုးအင်အားကြီးလာမှုအပေါ် ဒေသတွင်းနိုင်ငံများ စိုးရိမ်မှု မဖြစ်စေရန် အေးချမ်းစွာတိုးတက်ဖြစ်ပေါ်နေသည်ဟု ကြွေးကြော်ကာ ပြည်ပသြဇာလွှမ်းမိုးမှုကို တန်ပြန်နေခြင်းသာ ဖြစ်ကြောင်း ချေးသိပ်နိုင်ခဲ့သည်။

တရုတ်ပြည် အင်အားကြီးမားလာခြင်းကို ဆန့်ကျင်နေမည့်အစား ပူးပေါင်းဆောင်ရွက်ပါက အကျိုးများနိုင်ဟု အိမ်နီးခြင်းများကို မက်လုံးများပေးခဲ့သည်။ ကမ္ဘာနှင့်ဒေသရေးရာများဖြင့် အမေရိကန်ပုလိပ်ကြီး အလုပ်များနေချိန် တရုတ်ပြည်သည် စီးပွားရေးအင်အားကြီးထွားစေရန် ဦးစွာလုပ်ဆောင်ရမည်ဟု နားလည်သဘောက်ပေါက်ခဲ့သည်။ တရုတ်တို့၏ လက်တွေ့ကျမှုသည် အနှစ် ၃၀ ပင်မကြာခဲ့ပေ။ လာမည့်ဆယ်စုနှစ်များအတွင်း ပြည်တွင်း လူမှု-စီးပွားဘဝများ တိုးတက်စေရန်သာ အာရုံစိုက်ပါမည်ဟု ကြွေးကြော်ထားသော်ငြား တရုတ်တို့သည် ဒေသတွင်းအားကြီးလာမည့် မည်သည့်နိုင်ငံကိုမဆို ဟန့်တားသွားမည့်မူဝါဒများ ချမှတ်လာခဲ့သည်။

ထိုအခါ အိန္ဒိယကြီးထွားလာမှုကိုကာကွယ်ရန် အိန္ဒိယ၏ရန်သူတော် ပါကစ္စတန်နှင့်စစ်ရေး၊ စီးပွားရေး နိုင်ငံရေး မဟာမိတ်အဖြစ်ထူထောင်လိုက်သည်။ အိန္ဒိယ၏ပါဝါကို ချိန်ခွင်လျှာညှိရန် နျူးကလီးယားနည်းပညာနှင့် ဒုံးကျည်ဆိုင်ရာပညာများဖြင့် ပါကစ္စတန်ကို ကူညီထောက်ပံ့ပေးသည်။ ထိုမူဝါဒ အတော်ကိုပင်တာသွားပြီး အောင်မြင်ခဲ့သည်။

အိန္ဒိယနည်းတူ ပါကစ္စတန် နျူးကလီးယားလက်နက်ရှိသွားသည့် အနေအထားတွင် နယူးဒေလီအစိုးရသည် သက်တောင့်သက်သာနေရန် မဖြစ်တော့သည့်ကိန်းဆိုက်လာသည်။ နှစ်နိုင်ငံကြားအပြန်အလှန် နျူလက်နက်များ စမ်းသပ်ဖောက်ခွဲပြီး ရှိသည့်ကြွက်သားများကိုညှစ်ပြနေရသည်။ ထိုအခါ အမေရိကန်ဦးဆောင်သော နိုင်ငံတစ်ကာအသိုင်းအဝိုင်းက အိန္ဒိယအပေါ် နျူလက်နက်အရေး အပြစ်တင်မှုများ၊ ဒဏ်ခတ်မှုများလုပ်ခဲ့သည်။ အိန္ဒိယ အထိနာခဲ့သည်။ အိန္ဒိယနှင့်ပါကစ္စတန်ကို ပြန်လည်ဖေးမကာ အပြစ်များကိုခွင့်လွှတ်၊ ကျေအေးပေးပြီး ပြန်လည်ပတ်သက်ရသည့် အခြေအနေများရောက်လာသည်။ သို့သော် အိန္ဒိယသည် အမေရိကန်၏ထီးရိပ်ကို မဖြစ်မနေခိုလှုံလိုက်ရသည်။ ထိုကျဉ်းထဲကျပ်ထဲရောက် အိန္ဒိယရောက်ရှိနေချိန် တရုတ်တို့က ချမ်းသာခြင်းသည် မင်္ဂလာမည်၏ဟူသော ဂါထာကို အေးအေးလူလူ ရွတ်ဖတ်နေချိန်ဖြစ်သည်။

တရုတ်နိုင်ငံသည် နီပေါ၊ ဘင်္ဂလားဒေ့ရှ်၊ မြန်မာစသည့် အိမ်နီးချင်းများနှင့် ထဲထဲဝင်ဝင် ဆက်ဆံပတ်သက်လာခြင်း၊ တရုတ်-အိန္ဒိယနယ်စပ်ရှိ အရှန်နာချယ် ပရာဒက်ရှ်ပြည်နယ်အတွင်း နယ်မြေပိုင်ဆိုင်မှုအငြင်းပွားရခြင်း၊ ကုလသမဂ္ဂ လုံခြုံရေးကောင်စီဝင်ဖြစ်ရန် အိန္ဒိယ၏လျှောက်ထားချက်ကို မထောက်ခံခြင်းနှင့် ဒေသတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများတွင် အိန္ဒိယအပေါ် တတ်နိုင်သမျှ ကန့်သတ်ထားခြင်းများသည် ကမ္ဘာ့ဇာတ်ခုံပေါ် အင်အားကြီးနိုင်ငံတစ်ခုအဖြစ် အိန္ဒိယရောက်ရှိမလာစေရန် တရုတ်တို့ကနည်းမျိုးစုံဖြင့်လုပ်ဆောင်နေခြင်းဖြစ်သည်။

ယင်းပေါ်လစီကို တရုတ်တို့ကပုံမှန်နှင့် အဆက်အစပ်ရှိစွာ လုပ်ဆောင်ခြင်းဖြစ်သည်။ ကမူးရှူးထိုး လုပ်ဆောင်ခဲ့ခြင်းမဟုတ်ခဲ့။ ထိုဗျူဟာသည် အိန္ဒိယအား တရုတ်သံခင်းတမန်ခင်း ရေဒါပေါ်မှဖျောက်ဖျက်နေသလို ခံစားရသည်ဟု လေ့လာသူများက ဆိုကြသည်။ ထိုအခြေအနေ မှန်၊ မမှန် ကမ္ဘာ့စူပါ ပါဝါအမေရိကန်ပြည်ထောင်စုက အိန္ဒိယအား သူ့ရင်ခွင်အတွင်းသွင်းကာ ချစ်တင်းနှောဖို့ကြိုးစားနေကြသည်ကို ထောက်ပြကြသည်။ ကမ္ဘာ့ဇာတ်ခုံအခင်းအကျင်းပြောင်းလဲနေသည်ကို တွက်ဆနေသော ဝါရှင်တန်အနေဖြင့် အိန္ဒိယအားရေးပါသော မရှိမဖြစ် မဟာမိတ်အဖြစ် သဘောထားကာ နျူကလီးယားနည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများဖြင့် ဆက်ဆံရေးခိုင်မာစေရန် လုပ်ဆောင်လာသည်။

အမေရိကန်တို့၏ ရည်ရွယ်ချက်မှာ အိန္ဒိယအား ကမ္ဘာ့စူပါပါဝါနိုင်ငံတစ်နိုင်ငံ ဖြစ်လာစေရန် ကူညီပေးနေခြင်းဖြစ်သည်။ ထိုအခါ တရုတ်အစိုးရက အိန္ဒိယအား စူပါ ပါဝါနိုင်ငံအဖြစ် ချက်ချင်း အသိအမှတ်ပြုလက်ခံကာ ရပ်တည်ချက်ကို ချစ်ချင်းပြောင်းလဲပစ်လိုက်တော့သည်။ နှစ်အိမ်တစ်အိမ် ရွှေလမ်းငွေလမ်းဖောက်ကာ နှစ်ဖက်ခေါင်းဆောင်များ အပြန်အလှန် သွားရောက်လည်ပတ်ကြသည်။

မဟာရန်သူတော်ကြီးအဆင့်မှ မဟာပြိုင်ဘက်ကြီးအဆင့်သို့ တစ်နည်းတစ်ဖုံ ကျရောက်ရတော့မည့် အခြေအနေကို တရုတ်တို့က အိမ်နီးချင်းပူးပေါင်းဆောင်ရွက်မှုဖြင့် ချွေးသိပ်လိုက်သည်။ ရလဒ်မှာ နယူးဒေလီသည် တရုတ်နှင့်ပတ်သက်ပြီး မည်သည့်မူဖြင့် ဆက်ဆံရမည်ကို မချမှတ်နိုင်တော့ဘဲ ဖြစ်သွားသည်။

ပထဝီနိုင်ငံရေး၏ အရေးပါမှု၊ နှစ်နိုင်ငံကြားရှိလူများ၊ ပတ်ဝန်းကျင်ရှိနိုင်ငံများနှင့် အခွင့်အလမ်းများပေါ်မူတည်ကာ အိန္ဒိယနှင့် တရုတ်တို့သည် ရန်ဘက်အသွင်သို့သာ အမြဲလိုလိုရောက်ရှိနေမည်ဟု ပညာရှင်များက အကဲဖြတ်ထားကြသည်။ တစ်ဂူတည်း ခြင်္သေ့နှစ်ကောင် မအောင်းသည့် သဘောအရ ကမ္ဘာ့စူပါ ပါဝါနိုင်ငံသည် နှစ်နိုင်ငံ တစ်ချိန်တည်းရှိနေရမည့်အရေးသည် ပဋိပက္ခကို ပိုမိုမွေးဖွားပေးမည်ဟု ဆိုသည်။ စီးပွားရေးတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရနိုင်လည်း စစ်ရေးအနေအထားနှင့် နယ်မြေစိုးမိုးရေး ရည်မှန်းချက်များအရ တစ်ကွေ့တွင် ထိပ်တိုက်တွေ့ရဦးမည်ဖြစ်သည်။

သို့သော် အိန္ဒိယနှင့်တရုတ်တို့သည် စံနှုန်းမတူကြ၊ ချဉ်းကပ်ပုံ မတူကြ။ သူတို့နှစ်ဦးကြားတွင်ရှိနေသေ မြန်မာအပေါ် ရှုမြင်မှုလည်း မတူကြ။ တူညီသည်မှာ တစ်ခုသာရှိသည်။ မြန်မာသည် အရှေ့တောင်အာရှနှင့် တရုတ်သို့ စီးပွားရေးဈေးကွက်လမ်းကြောင်းအဖြစ် မြန်မာပြည်ကို တစ်ဆင့်ခံ (သို့) ကြားခံ Buffer State အဖြစ် အိန္ဒိယကရှုမြင်သည်။ ထို့အတွက် မြန်မာနှင့် အဆင်ပြေလိုသည်။ တရုတ်ကမူ ဘင်္ဂလားပင်လယ်အော်နှင့်

အိန္ဒိယသမုဒ္ဒရာကို စိုးမိုးနိုင်ရေး၊ အိန္ဒိယသို့ ဒိုးယိုပေါက် ရောက်ရေးအတွက် မြန်မာကို တစ်ဆင့်ခံ (သို့) ကြားခံ Buffer State အဖြစ် လက်ခံထားခြင်းဖြစ်သည်။ မြန်မာသည် ကြားခံတိုင်းပြည်အဖြစ်နေမည်လော၊ အင်အားကြီး နှစ်နိုင်ငံကြား အာဆီယံကို ဦးဆောင်သော ဒီမိုကရက်တစ် နိုင်ငံအဖြစ် ဘန်ဒေါင်းမှုကို ဦးဆောင်အကောင်အထည်ဖော်သော နိုင်ငံအဖြစ်နေမည်လော။ အဖြေမှာ ရှင်းပါသည်။

မြန်မာသည် မည်သည့်နိုင်ငံ၏ အသုံးချခံအဖြစ်၊ မည်သည့်အင်အားကြီးနိုင်ငံ၏ ခြေစွမ်းပြရာကွင်းအဖြစ် အသုံးတော်ခံဖို့ လုံးဝလက်သင့်မခံရေးဖြစ်သည်။ သူတစ်ပါး ခြေစွမ်းပြခဲ့သောကြောင့် ၁၉ ရာစုတွင် ကိုလိုနီဖြစ်ခဲ့ရသည့် အတိတ်သမိုင်းသင်ခန်းစာ ကောင်းကောင်းရှိသည်။ ထိုအခါ နိုင်ငံခြားတိုင်းပြည်များ ထင်သလိုဝင်ရောက် ချယ်လှယ်သွားခြင်းကို အတူတကွခံခဲ့ရသော အိမ်နီးချင်းများကို မြန်မာသည် ထိုအချက်ကို လက်မခံနိုင်ကြောင်း ပြသဖို့ပင်ဖြစ်သည်။ ထို့အတွက် လုပ်ရမည့်အချက် နှစ်ချက်သာရှိသည်။

လစ်ဘရယ်ဒီမိုကရေစီကို အပြည့်အဝအကောင်အထည်ဖော်ပြီး ကြီးပွားချမ်းသာမှုကို မဖြစ်မနေလုပ်ဆောင်ရေးဖြစ်သည်။ ဆင်းရဲပြီး ဒီမိုကရေစီမရှိသောနိုင်ငံတွင် ဥပဒေစိုးမိုးမှုလည်းမရှိ၊ သူတပါးလက်အောက်ခံဖြစ်ရမည်။ ချမ်းသာပြီး ဒီမိုကရေစီကျန်းမာလျှင် ဂုဏ်သိက္ခာရှိစွာ ဆက်ဆံနိုင်မည်။ ထို့ကြောင့် မြန်မာသည် မဟာဗျူဟာမြောက်လမ်းကြောင်းကြီးပေါ် ၂၁ ရာစုတွင် အချုပ်အခြာအာဏာနှင့် ခိုင်မာပြီးတည်ငြိမ်သော ပြည်ထောင်စုကြီးကို ဦးဆောင်သွားမည်ဖြစ်သည်။

## ၅။ ရလဒ်အဓိကနှင့် စံပြုပေါ်လစီ

နိုင်ငံတစ်ခု၏ နိုင်ငံခြားရေးပေါ်လစီ အောင်မြင်မှု၊ ကျရှုံးမှုသည် ယင်းနိုင်ငံ၏ ပါဝါနှင့်ပါဝါကို ကိုင်တွယ်သည့် အမူအကျင့်ပေါ် များစွာမူတည်နေသည်။ ပါဝါပိုင်မှုနှင့် ယင်းပါဝါကို အသုံးချပုံသည် နိုင်ငံအချင်းချင်း ဆက်ဆံရေး၏ အသည်းနှလုံးတစ်ခုဖြစ်သည်။ နိုင်ငံတကာစနစ်တွင် နိုင်ငံတစ်ခု၏ပါဝါသည် ရုပ်ဝတ္ထုပိုင်ဆိုင်မှုနှင့် လုပ်ရည်ကိုင်ရည်ရှိမှု တို့ဖြင့် တိုင်းတာနိုင်သည်။ အိန္ဒိယသည် စူပါပါဝါနိုင်ငံတစ်ခု ဖြစ်လာမည်ဆိုသည့် ဟောကိန်းများထွက်လာနေလင့်ကစား စီးပွားရေး၊ စစ်ရေးတွင်မှု တရုတ်နောက်တွင် အများကြီး ပြတ်ကျန်ခဲ့သည်။ ယင်းမှာ လုပ်ရည်ကိုင်ရည် မည်မျှရှိသနည်း ဆိုသည့် စွမ်းပကားကို ချိန်ထိုးကြည့်ခြင်းဖြစ်သည်။

အိန္ဒိယ၏ စီးပွားရေးနှင့်စစ်ရေးသည် မကြာသေးခင် ကာလအတွင်း တိုးတက်လာသော်လည်း ကမ္ဘာ့စီးပွားရေး၏ ဒုတိယနေရာသို့ ရောက်လာသော၊ ကမ္ဘာ့စစ်တပ်၏ တတိယအကြီးဆုံးသော အခြေအနေကိုပိုင်ဆိုင်ထားနိုင်သော တရုတ်နိုင်ငံ၏ နောက်ကွယ်တွင်သာ ရှိနေဆဲဖြစ်သည်။ တရုတ်သည် စစ်ရေးနည်းလမ်းကို နောက်ဆုံးအဆင့်မှသာ အသုံးပြုလိုပြီး ထိုသို့ပြုလုပ်ရာတွင်လည်း ကာကွယ်မှုအတွက် ခုခံရခြင်းဆိုသည့် အကြောင်းရင်းကို တိန့်ရှောင်ဖိန်ခေတ်မှ စတင်အသုံးပြုလာသည်။

ကမ္ဘာကြီးသည် ဒီအတိုင်းရှိနေမြဲဆိုသည့် အမြင်မှ ဒီလိုဖြစ်သင့်သည်ဆိုသည့် အမြင် ပေါ်ပေါက်မွေးဖွားလာခဲ့သည်။ တရုတ်တို့သည် ၁၉ ရာစုအတွင်း ခါးသီးသောအတွေ့အကြုံများကို

ရင်ဆိုင်ခဲ့ရသည်။ တိုင်းတပါးသားတို့၏ ကျူးကျော်မှုများ၊ ခြေချင်းလိမ်မှုများအောက် ဂုဏ်သိက္ခာမဲ့စွာကျဆုံးခဲ့ရသည်။ ဟန်တရုတ်တို့ အမျိုးသားဂုဏ်သိက္ခာကို ပြန်လည်အရယူရန် သံန္နိဋ္ဌာန်ချခဲ့ကြသည်။ ဆိုရသော် ၂၁ ရာစုသည် တရုတ်တို့ခေတ်၊ တရုတ်တို့အင်ပါယာဟု ကြိတ်ပြီး ကြွေးကြော်နေကြသည်။

တရုတ်တို့ ကိုင်စွဲထားသော နိုင်ငံရေး သေနင်္ဂဗျူဟာနှင့် အရိုးစွဲနေသောအမြင်မှာ ရလဒ်အဓိက (Result Matters) ဖြစ်သည်။ စိတ်ကူးမယဉ်။ Moralists မဖြစ်။ စံကို အဓိကတန်ဖိုးမထား။ အဘိဓမ္မာကို သိပ်မကိုးကွယ်။ ကျမ်းလေးခြင်းကိုလက်မခံ။ မည်သည့်နည်းဖြင့်လုပ်လုပ် ရလဒ်ထွက်ဖို့ အရေးကြီးသည်ဆိုသော ကွက်သေဖို့သာ ပဓာန လုပ်နည်းကားဖြစ်သည်။ ယင်း အိုက်ဒီရော်လော်ဂျီသည် အာရှနိုင်ငံအများစုတွင် ရှိကြသည်။ အာရှတိုက်သား ပေါ်လစီမိတ်ကာအများစုက အယူဝါဒရေးရာအရ၊ စံနှုန်းသတ်မှတ်သည့်မှုဖြင့် ပေါ်လစီကို မချမှတ်နိုင်ဘဲပန်းတိုင်မှာ ရလဒ်ပေါ်ပေါက်ရေးဟု သတ်မှတ်လေ့ရှိသည်။

တိန့်ရှောင်ဖိန်၏ . . . ဖြူသည်မည်းသည် အရေးမကြီး။ ကြောင်ဆိုသည်မှာ ကြွက်ခုတ်တတ်ရမည်။ ထိုမှသည် ကြောင်ပီသရမည်ဆိုသည့် အတွေးအခေါ်သည် ခေတ်သစ်အာရှသားတို့အတွက် အတွေးအခေါ်ဆိုင်ရာ ပင်မဒေါက်တိုင်ကြီးဖြစ်နေသည်။ ထိုအတွေးအခေါ်သည် အိပ်နေရင်းရလာသည့် အတွေးမျိုးမဟုတ်ခဲ့ပေ။ ၂၀ ရာစုအတွင်း တွေးခေါ်ပညာရှင်များသည် ထိုအမြင်ကို မတော်တဆ ရရှိခဲ့ခြင်းမျိုး မဟုတ်ခဲ့ပေ။ ယင်းမှာ ၁၈၄၂ ဘိန်းစစ်ပွဲ နောက်ပိုင်း တရုတ်အမျိုးသားတို့ အကြီးအကျယ်အရှက်ရစေခဲ့သော ဂုဏ်သိက္ခာကျဆင်းစေခဲ့သော ဗြိတိသျှတို့၏ နိုင်လိုမင်းထက် အပြုအမူနှင့် နောက်ဆက်တွဲများကြောင့် ပေါ်ပေါက်လာခြင်းဖြစ်သည်။

တိန့်ရှောင်ဖိန်က ခေတ်မီရေးပြုပြင်ပြောင်းလဲမှုကြီးကို ဖိုးကပ်စ်လုပ်ချိန်တွင် . . . (ခေတ်နောက်ပြန်ဆွဲခြင်းသည် ကျူးကျော်ခံရမှုနှင့် ကျရှုံးမှုကိုသာ ဖိတ်ခေါ်သည်). . . ဟု ဆိုခဲ့သည်။ ၁၉၅၀ ပြည့်နှစ်များအတွင်း ဆိုဗီယက်နှင့်တရုတ်တို့ အယူဝါဒရေးရာ အကွဲအပြဲဖြစ်ခဲ့ပြီးနောက်ပိုင်း ကမ္ဘာ့အင်အားကြီးနှစ်နိုင်ငံဖြစ်သော အမေရိကန်နှင့် ဆိုဗီယက်တို့ကြား တရုတ်တို့ ကြားညပ် နေရသည့်အဖြစ် ဆိုက်ခဲ့သည်။ တရုတ်ပြည်၏ အနီးကပ်ဆုံးနှင့် အန္တရာယ်အရှိဆုံးသောရန်သူ ဆိုဗီယက်ကိုကြိုးတုပ်ထားရန် မော်စီတုန်းနှင့် ချူအင်လိုင်းတို့သည် အမေရိကန်သမ္မတ ရစ်ချတ်နစ်ဆင်ကို ချစ်ကြည်ရေးခရီးဖိတ်ခေါ်ခဲ့သည်။ တရုတ်-အမေရိကန် ပူးပေါင်းလက်တွဲလိုက်သည်ဆိုသည့် သတင်းမှာ အတွေးအခေါ်အယူဝါဒရေးရာထက် ပထဝီနိုင်ငံရေးအရ ကျူးကျော်သိမ်းပိုက်ခံရမှုမှ ရှောင်ကွင်းလိုက်ခြင်းဖြစ်ကြောင်း သိသာသည်။

စစ်အေးခေတ်ပြီးဆုံးသွားချိန်တွင် ပထဝီနိုင်ငံရေးဖဲချပ်သည် အကွက်ရွှေ့သွားသည်။ အင်အားကြီးမားသော တရုတ်ပြည်ပေါ်ပေါက်လာပါက အမေရိကန်နှင့်အာရှနိုင်ငံများက တရုတ်ပြည်အားခြိမ်းခြောက်မှုအဖြစ်မြင်လာမည်ကို တိန့်တစ်ယောက် ကြိုတင်တွက်ဆခဲ့သည်။ သို့ဆိုပါက တရုတ်ပြည်သည် အေးအေးလူလူ စီးပွားရှာချိန်ရမည်မဟုတ်၊ ချမ်းသာအောင် လုပ်နိုင်ဦးမည်မဟုတ်။ တရုတ်ပြည်သည် အမေရိကန်ပြည်ထောင်စုနှင့် နှိုင်းစာပါက အစစအရာရာနောက်ကျနေသည်။ အားနည်းနေသည်။ တန်းတူရည်တူရှိစေရန်အတွက် ဆယ်စုနှစ်အနည်းငယ်လောက် အချိန်ယူကာ အေးအေးလူလူ စီးပွားရေးလုပ်မည်ဟု တွက်ဆမှုသည် တိန့်ကိုဆက်ခံသော ခေါင်းဆောင်များက ယင်းမူဝါဒကို အကောင်အထည်ဖော်ခဲ့သည်။

အမေရိကန်ဦးဆောင်သော စနစ်အတွင်း တစတစတိုးဝင်ရင်း ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံတွင် မထင်မရှားနေရန် စိတ်ပိုင်းဖြတ်ခဲ့သည်။ တရုတ်ပြည်ကို အမေရိကန်တို့ ကြိုးတုပ်မထားနိုင်ရန် တရုတ်ကုန်ပစ္စည်းများနှင့် မကင်းနိုင်သောဘဝကို ဖန်တီးထားလိုက်သည်။ အမေရိကန်ပြည်ထောင်စု၏ ငွေချေးစာချုပ်များကို ဝယ်ယူလိုက်သည်။ အမေရိကန်ဒေါ်လာများကို သိမ်းကျုံးယူထားလိုက်သည်။ အမေရိကန် သိမ်းငှက်ကြီး စီးပွားရေးအတောင်ညောင်းသောအခါ တရုတ်ထံမှ ငွေများချေးယူရသည်။ တရုတ်သည် မြီရှင်ဘဝကို ရောက်လာသည်။ အတူယှဉ်တွဲနေထိုင်မှုကို အမေရိကန်က လက်မခံဘဲမရတော့။ တစ်ဦးကိုချေမှုန်းလျှင် ကျန်တစ်ဦးပါ ကျဆုံးမည့်အဖြစ်ကို ရောက်နေသည်။ McDonald ရှိသော နိုင်ငံအချင်းချင်း စစ်မဖြစ်ဆိုသည့် အတွေးအခေါ်ကို တရုတ်တို့လက်ခံသည်။

ဒုတိယခြေလှမ်းမှာ ဒေသတွင်းရှိ အိမ်နီးချင်းနိုင်ငံများကို စီးပွားရေးအရ တရုတ်နှင့်အတူတကွ အပြန်အလှန် အကျိုးဖြစ်ထွန်းစေသော အခြေအနေကိုဖန်တီးသည်။ အမေရိကန်အနေဖြင့် အဆိုပါနိုင်ငံများအပေါ် တရုတ်ကိုတန်ပြန်ရန် အသုံးချပါက အခက်အခဲပေါင်းများစွာ ရင်ဆိုင်စေရမည်ဖြစ်သည်။ တရုတ်နှင့်အကျိုးစီးပွားရေးလုပ်ခြင်းသည် အကျိုးရှိသည်ဟု အိမ်နီးချင်းများကို ခံစားစေမှုသည် စိနတိုင်း၏ နည်းဗျူဟာဖြစ်သည်။

ထို့အပြင် တရုတ်တို့သည် မူဝါဒချမှတ်သည့်အခါ အတိတ်နှင့် လုံးဝအဆက်ဖြတ်ထားနိုင်သည်။ အမေရိကန်ပြည်ထောင်စုသည် အီရန်နှင့် ရန်ဘက်ဖြစ်နေပြီး အီရန်သည် အမေရိကန်ပြည်ထောင်စု၏ အမျိုးသားအကျိုးစီးပွားကို ခြိမ်းခြောက်နေသည်ဟု မြင်သည်။ ထိုအခါ အီရန်ကို ဒဏ်ခတ်ပိတ်ဆို့အရေးယူမှု ခြေလှမ်းစိပ်စိပ် လုပ်ဆောင်လာသည်။ သို့သော် တရုတ်တို့သည် တိုင်းပြည်ကို ကျူးကျော်သိမ်းပိုက်ပြီး အမျိုးသားဂုဏ်သိက္ခာ ညှိုးနွမ်းစေခဲ့သူ ဂျပန်တို့အပေါ် အမေရိကန်တို့အီရန်အပေါ်ထားသည့် သဘောထားထက် ပိုမို အမုန်း သည်းသည်။ သို့သော် အမေရိကန်တို့လုပ်နည်းကား ပိတ်ဆို့ဒဏ်ခတ်အရေးယူသည့်နည်းကိုမသုံး။

အမေရိကန်တို့သည် စံဗဟိုပြုမှုဖြင့် အတိတ်ကိုဖယ်ရှားပြီး လက်တွေ့ကျသည့်နည်းကို မကျင့်သုံးနိုင်။ တရုတ်တို့သည် ရှန်ဟိုင်းမြို့ကို ဗုံးမိုးရွာခဲ့ပြီး တိုင်းပြည်ကိုဖျက်ဆီးခဲ့သည့် ဂျပန်တို့မြေပေါ် ရင်းနှီးမြှုပ်နှံမှုများ အလုံးအရင်းနှင့် ပြုလုပ်သည်။ တရုတ်သည် ဂျပန်၏ ဒုတိယ ကုန်သွယ်မှုအကြီးဆုံးနိုင်ငံဖြစ်လာသည်။ အမေရိကန် နောက်ကောက်ကျသွားသည်။ အထက်တန်းကျောင်းများတွင် သမိုင်းသင်ရိုးညွှန်းတမ်းကို ဂျပန်ကပြင်ဆင်ရေးဆွဲမှုကို တရုတ်တို့ အကြီးအကျယ်ကန့်ကွက်ခဲ့သော်လည်း ယင်းမှာ ရေတိုအတွက်သာ စိတ်ဆိုးဒေါသထွက်ပြခဲ့ခြင်းဖြစ်သည်။ ရေရှည်မှာမူ ဂျပန်တို့ တရုတ်အောက် ဒူးထောက်လာစေမည့် မဟာဗျူဟာကြီးရှိနေသောကြောင့် ဖြစ်သည်။ အမေရိကန်ပြည်ထောင်စုသည် အီရန်-မြောက်ကိုရီးယားတို့နှင့် မိတ်ဆွေဖြစ်ရန်၊ သံတမန် ဆက်ဆံရေးထူထောင်ရန် လုပ်ရည်ကိုင်ရည် မရှိသည်မှာ ထင်ရှားသည်။ ထိုအာဏာရှင်များကို ဗီလိန်များအဖြစ် နည်းအမျိုးမျိုးပုံဖော်ပြီး စီးပွားရေးတွဲလုပ်ရန် နှာခေါင်းပိတ်ထားကြသည်။ ယင်းမှာ အမေရိကန်ပြည်ထောင်စုသည် စံနှုန်းကို အလွန်အကျွံရှေ့တန်းတင်ထားသောကြောင့် ဖြစ်သည်။ ယင်းကို အကြီးအကျယ်ဂုဏ်ယူပြီး အမွှမ်းတင်ကြသည်။ အမေရိကန် ပြည်ထောင်စု၏ နိုင်ငံခြားရေးပေါ်လစီတွင် ကျင့်ဝတ်စံနှုန်းသည် အမြဲလိုလို အဓိကကျပါသည်ဟု နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်က အကြိမ်ကြိမ်ပြောဆိုခဲ့သည်။

ဝါရှင်တန်အနေဖြင့် ပီကင်းအစိုးရနှင့် ၁၉၇၁ တွင် ဆက်ဆံရေး ထူထောင်ခဲ့ချိန်၌ တရုတ်ပြည် အခြေအနေများသည် ယနေ့ မြောက်ကိုရီးယား၊ အီရန်အခြေအနေများထက် ပိုမိုဆိုးရွားခဲ့သည်။ သို့သော် အမေရိကန်တို့သည် တရုတ်တို့နှင့် လက်တွဲခဲ့ပြီး စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုမှတစ်ဆင့် ပိုမိုပွင့်လင်းလာစေရန် အားထုတ်နိုင်ခဲ့သည်။ ခြိမ်းခြောက်မှုအဆင့်ကို ဟန့်တားဖယ်ရှားနိုင်ခဲ့သည်။ သို့သော် အီရန်နှင့် မြောက်ကိုရီးယားတို့အပေါ် ပုံမှန်ဆက်ဆံရေး ထူထောင်ရန် လုံးဝစိတ်မကူးခဲ့သည်မှာ အတော်ကိုထူးဆန်းနေသည်။ အဘယ့်ကြောင့်ဆိုသော် အရှသားတို့၏ လက်တွေ့ကျသောအမြင်သည် ငြိမ်းချမ်းမှုကိုမွေးထုတ်ပေးသည်ဟု ဝါရှင်တန်က မယုံကြည်သောကြောင့်ဖြစ်သည်။ သို့သော် ၂၁ ရာစုသည် အာရှ-ပစိဖိတ်၏ ရာစုနှစ်ဟု အမေရိကန်တို့ မှုဝါဒချမှတ်သုံးသပ်သည့်အခါ မဟာမိတ်များစွာရှိနေသေးသောကြောင့် အခြေအနေများသည် ထင်သလို နောက်မကျနိုင်သေးကြောင်းတွေ့လာသည်။

အိန္ဒိယ၊ ဂျပန်၊ အင်ဒိုနီးရှား၊ တောင်ကိုရီးယား၊ ထိုင်း၊ ဗီယက်နမ်၊ စင်ကာပူ၊ မလေးရှားတို့သည် အမေရိကန်၏ မဟာဗျူဟာမြောက် ချစ်သူများဖြစ်သည်။ ဂျပန်၊ တောင်ကိုရီးယား၊ စင်ကာပူ၊ ထိုင်းနှင့် သီရိလင်္ကာတွင် အခြေခံစစ်စခန်းများရှိသည်။ တောင်တရုတ်ပင်လယ်ကို တရုတ်တို့စိုးမိုးရေး၊ အိန္ဒိယသမုဒ္ဒရာကို တရုတ်တို့ စိုးမိုးရေးအတွက် လက်တွေ့နည်းနည်း ကျလာသည်။ ဘင်္ဂလားပင်လယ်အော်၊ ကပ္ပလီပင်လယ်နှင့် အိန္ဒိယသမုဒ္ဒရာ လမ်းကြောင်းပေါ် တရုတ်တို့ ခြေရှုပ်လာပါက အချိန်မရွေးတားဆီးဟန့်တားနိုင်ရန် ပြင်ဆင်ဖို့ အချိန်ရလာသည်။

သိမ်းငှက်ကြီးအတွက် အာရှတွင် နေရာတစ်ခု ခိုင်ခိုင်မာမာ ရှိနေပါသေးသည်။

## ၆။ အာဆီယံနှင့် အိုဘယ့် တရုတ်ပြည်

အာဆီယံအပေါ် တရုတ်တို့သည် လက်တွေ့ကျသောနည်းလမ်းဖြင့်သာ ချဉ်းကပ်ပြီးလွှမ်းမိုးထားသည်။ စစ်အေးခေတ်ကာလအတွင်း အာဆီယံသည် ကွန်မြူနစ်ရန်ကာကွယ်ရေး၊ အမေရိကန်လိုလားသောအဖွဲ့အဖြစ် ၁၉၆၇ တွင် စတင်ထူထောင်ခဲ့သည်။ ထိုအချိန်က တရုတ်နီကြီးသည် အာဆီယံအားအမေရိကန် လက်ကိုင်တုတ်ဟု စွပ်စွဲခဲ့သည်။ တရုတ်နှင့် ကွန်မြူနစ်နိုင်ငံများကိုကြိုးတုတ်ရန် ဖွဲ့စည်းထားသော အဖွဲ့ဟုယူဆခဲ့သည်။ သို့သော် ယနေ့ ၂၁ ရာစုတွင် အာဆီယံအပေါ် အမေရိကန်လွှမ်းမိုးမှုထက် တရုတ်တို့လွှမ်းမိုးမှုကပိုမိုသာလွန်ကြောင်း မည်သူမျှသံသယမရှိကြတော့။

၂၀၀၁တွင် တရုတ်-အာဆီယံ လွတ်လပ်သောကုန်သွယ်မှုကို သဘောတူခဲ့ကြသည်။ ထို့အပြင် အာဆီယံတစ်နိုင်ငံချင်းစီနှင့် ကုန်သွယ်မှုလုပ်ရန် မက်လုံးများပုံအောပေးခဲ့သည်။ ယင်းလုပ်ရပ်သည် ဂျပန်နိုင်ငံကို တုန်လှုပ်သွားစေခဲ့သည်။ ဂျပန်အစိုးရသည် အဆိုပါနည်းလမ်းအား အာဆီယံနှင့် လွတ်လပ်သောကုန်သွယ်မှုကို ၂၀၀၅ တွင် စတင်လုပ်ဆောင်လာသည်။

ဥရောပသားတို့သည် အာရှသားများကဲ့သို့ မစဉ်းစားကြပေ။ ဥရောပသားများသည် နိုင်ငံတစ်ခု၊ ဒေသတစ်ခုနှင့် ပူးပေါင်းလုပ်ဆောင်ရန် ၎င်းတို့အချင်းချင်းကြား သဘောတူညီမှုကို ရယူရသည်။

ဥရောပသမဂ္ဂဝင်များ သဘောတူညီပါက စေ့စပ်ညှိနှိုင်းမှုများကို ဦးစွာလုပ်သည်။ ထို့နောက် စာချုပ်များချုပ်ဆိုကြသည်။ တရားဝင်ဖြစ်အောင် အားထုတ်သည်။ သို့သော် စာချုပ်ချုပ်ဆိုရန် အကြောင်းအမျိုးမျိုးကြောင့် ပျက်ပြားသွားပါက အီးယူအဖွဲ့ဝင်များ အားလုံး နောက်ပြန်ဆုတ်ကြသည်။ နောက်ထပ်စာချုပ်အသစ်များကို ချုပ်ဆိုဖို့ တစ်ကနေပြန်စကြရသည့် သဘောတူညီမှု၊ ညှိနှိုင်းမှုများကို ပြန်လုပ်ကြသည်။ မည်သည့်တရားဝင်စာချုပ်မှ မချုပ်ဆိုနိုင်သေးသည်အထိ မည့်သည့်ပူးပေါင်းဆောင်ရွက်မှုမှ မလုပ်ဆောင်နိုင်တော့ပေ။ တရားဝင်စာချုပ်စာတန်းဖြင့် ပူးပေါင်းမှုအပေါ် အာရှသားတို့က သိပ်ဦးစားမပေးကြ။ ပူးပေါင်းဆောင်ရွတ်မှုသည် စာရွတ်ပေါ်မှာထက် လက်တွေ့ဆန်မှုကိုသာ ဦးစားပေးသည်။ ရလဒ်အဓိက ရှေးရှုသည်။ လစ္စဘွန်း သဘောတူညီချက်ရရန် ဥရောပသမဂ္ဂသည် အချိန်တွေ၊ ငွေတွေများစွာ အကုန်အကျခံခဲ့သော်လည်း အာရှသားတို့၏ ASEAN+3 သည် လေးလေးနက်နက် ညှိနှိုင်းနေစရာမလိုပဲ ပေါ်ထွန်းလာသည်။ ၁၉၉၇ တွင် ကွာလာလမ်ပူရ်၌ ပြုလုပ်သည့် အာဆီယံထိပ်သီးဆွေးနွေးပွဲသို့ တရုတ်၊ ဂျပန်နှင့် တောင်ကိုးရီးယားအစိုးရများကို ဖိတ်ကြားပြီး အစည်းအဝေးတွင် မည်သို့လုပ်ဆောင်ကြမည်ဆိုသည့်အပေါ် ထူးထူးခြားခြားအမြင်မရှိဘဲ အာဆီယံနှင့်အရှေ့အာရှ ၃ နိုင်ငံကြား ပူးပေါင်းမှုသည် အခက်အခဲများ ရှိခဲ့သော်ငြား တည်ငြိမ်ချောမွေ့လာခဲ့သည်။ ပူးပေါင်းလုပ်ဆောင်ရန် ဆန္ဒရှိပါက အတူတကွလက်တွေ့ကျကျ ပူးပေါင်းလိုက်ချင်းသည် အာရှသားတို့ စဥ်းစားပုံစဥ်းစားနည်း ဖြစ်သည်။ အစည်းအဝေးများ၊ ငြင်းခုံမှုများဖြင့် စာရွက်ပေါ်မှ သဘောတူညီချက်များရရန် အချိန်မကုန်ကြပေ။

စူပါ ပါဝါတရုတ်ပြည်နှင့် မဖြစ်မနေဆက်ဆံပတ်သက်ရမည်ဆိုသည့်အမြင် အာဆီယံနိုင်ငံများတွင်ရှိသည်။ အမေရိကန်နှင့် ဥရောပသားတို့ အရှေ့အာရှတစ်ခွင် အင်အားဖြန့်ကျက်ထားသည်ကို အာဆီယံဝင်များ နားလည်သဘောပေါက်ထားသည်။ သူတို့သည် အဖြူ၊ အမည်းခွဲခြားကာ ရပ်တည်ခြင်းကိုမဖြစ်စေလိုကြ။ ထူးခြားမှုမှာ မြန်မာနိုင်ငံနှင့်ပတ်သက်သော ဥရောပသမဂ္ဂ၏ပေါ်လစီမှာ ဘေးထွက်ဆိုးကျိုးများဖြစ်လာခဲ့သည်။

မြန်မာနိုင်ငံအား လူ့အခွင့်အရေးချိုးဖောက်မှု စွပ်စွဲချက်များဖြင့် ဥရောပသမဂ္ဂက ဖယ်ကျဉ်ထားသည်။ ထိုအခါ အာဆီယံ-အီးယူပူးတွဲဆက်ဆံရေးသည် အဖုအထစ်ဖြစ်လာသည်။ ကနဦးတွင် အိန္ဒိယသည် အီးယူလုပ်နည်းအား လုပ်ခဲ့သော်လည်း မအောင်မြင်သဖြင့် လမ်းကြောင်းပြောင်းသွားသည်။ အဘယ့်ကြောင့်ဆိုသော် မြန်မာကိုဖယ်ကျဉ်ခြင်းသည် တရုတ်နိုင်ငံနှင့် မြန်မာကို ပိုမိုနီးကပ်သွားစေသည်ဟု အိန္ဒိယက သဘောပေါက်သွားသည်။ တရုတ်ပြည်အား ပထဝီနိုင်ငံရေး လက်ဆောင်ပေးလိုက်သလို ဖြစ်သွားမည်ကိုမြင်သွားပြီး ပထဝီနိုင်ငံရေး (U-Turn)ကို မူဝါဒချမှတ်လိုက်သည်။ နှစ်အတန်ကြာလာသောအခါ အီးယူသည် ပထဝီနိုင်ငံရေးရာ မဟာဗျူဟာတွင်ကျဆုံးတော့သည်။

အမေရိကန်ပြည်ထောင်စုသည် ယင်းပထဝီနိုင်ငံရေး အရေးပါမှုကိုစတင်သဘောပေါက်ချိန်တွင် ၂၀၀၉ မှ စတင်ကာ မြန်မာနိုင်ငံနှင့်ပတ်သက်သော နိုင်ငံခြားရေး ပေါ်လစီအသစ်ကိုချမှတ်ကြရတော့သည်။ အာဆီယံနှင့် ဆက်ဆံရေးကို မည်သည့်အင်အားကြီးနိုင်ငံမှ အပျက်အစီးမခံချင်ကြတော့ပေ။ မြန်မာနိုင်ငံအပေါ် အမေရိကန်နှင့် အီးယူတို့၏ တင်းမာသော သဘောထားများ၊ မပူးပေါင်းမစေ့စပ်သောအမြင်များသည်

အနာဂတ်တွင်ပေါ်ပေါက်လာမည့် ပထဝီနိုင်ငံရေး အခင်းအကျင်းတွင် ၎င်းတို့သာကျရှုံးတော့မည်ဟု သဘောပေါက်သွားချိန်လည်းဖြစ်သည်။

အဘယ့်ကြောင့်ဆိုသော် အာဆီယံဒေသနှင့်ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်ရန် မြန်မာနိုင်ငံမှာ အိန္ဒိယအတွက် မဟာဗျူဟာလမ်းဆုံလမ်းခွကြီးဖြစ်နေခြင်းဖြစ်သည်။ ထို့အပြင် ကပ္ပလီပင်လယ်ပြင်နှင့် အိန္ဒိယသမုဒ္ဒရာ ရေကြောင်းထွက်ပေါက်သည် တရုတ်နိုင်ငံအနောက်ပိုင်းအတွက် မြန်မာနိုင်ငံသည် မဟာဗျူဟာလမ်းကြောင်းပေါ်တွင် ရှိနေခြင်းကြောင့်ဖြစ်သည်။

ကမ္ဘာ့စူပါ ပါဝါနှစ်နိုင်ငံ၏အကြားတွင် နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေး၊ စွမ်းအင်ဆိုင်ရာ လုံခြုံရေးသည်မြန်မာနိုင်ငံနှင့် တိုက်ရိုက်ပတ်သက်ဆက်နွယ်မှုရှိနေသည်ကို ယနေ့အခါ မည်သူမျှငြင်းဆန်မရနိုင်တော့ပေ။ အာဖရိကတိုက်နှင့် အာရပ်နိုင်ငံများမှ ရေနံစွမ်းအင်များကို တရုတ်ပြည်သို့ ရေကြောင်းမှသယ်ယူရေးတွင် အမေရိကန်-စင်ကာပူ ကြီးစိုးသော မလက္ကာရေလက်ကြားမှ ဖြတ်သန်းသယ်ဆောင်ရခြင်းသည် ရေရှည်တွင်လုံခြုံမှုမရှိကြောင်း တရုတ်တို့နားလည်သည်။ ထိုအခါ အိန္ဒိယသမုဒ္ဒရာမှ ဘင်္ဂလားပင်လယ်အော် အတွင်းဖြတ်သန်းကာ ကျောက်ဖြူရေနက်ဆိပ်ကမ်းမှတစ်ဆင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းများဖြင့် တရုတ်ပြည်သို့ အရောက်ပို့ဆောင်ခြင်းသည် အနာဂတ်စွမ်းအင်လုံခြုံအတွက် ခြေလှမ်းဖြစ်သည်။

ထို့အပြင် မလက္ကာရေလက်ကြားမှတစ်ဆင့် ဖြတ်သန်းကာကုန်သွယ်မှုသည် ငွေနှင့်အချိန် ကုန်ကျမှု ပိုမိုကြီးမားသည်။ ထိုအခါ ဥရောပနှင့် အခြားဒေသမှကုန်ပစ္စည်းများကို မလေးရှားကျွန်းဆွယ်ကိုပတ်ပြီး တောင်တရုတ်ပင်လယ်အတွင်း ဝင်ရောက်မည့်အစား တနင်္သာရီကန်ရိုးတန်းသို့ ဒုတ်ဒုတ်ထိပေါက်ကာ ထားဝယ်ရေနက်ဆိပ်ကမ်းမှတစ်ဆင့် ကုန်းတွင်းဆက်နေသော အာဆီယံနိုင်ငံများနှင့် တရုတ်-အိန္ဒိယသို့ ကုန်သွယ်ရေးသည် ပိုမိုလျှင်မြန်ချောမွေ့လာစေမည်။ ထိုအခါ မြန်မာနှင့်မပူးပေါင်း၊ မပတ်သက်ဘဲ နေလိုသည့်သဘောထားရှိသူ အနောက်နိုင်ငံများအတွက် မဟာဗျူဟာလမ်းဆုံပေါ် လမ်းပျောက်တော့မည့် အခြေအနေဆိုက်နေသည်။ ပထဝီနိုင်ငံရေးဖဲချပ်အကွက်ရွှေ့သွားသောကြောင့်ဖြစ်သည်။

ထိုအခါ အာရှဒေသပထဝီနိုင်ငံရေး အခင်းအကျင်းသစ်တွင် ထိုင်းနိုင်ငံနှင့်အတူ အင်ဒိုချိုင်းနားကျွန်းဆွယ်ရှိ နိုင်ငံများ အားတက်သရောပါဝင်လာရန် ခြေလှမ်းပြင်လာကြသည်။ ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုံသည် အာရှဒေသ၏ ဒုတိယစင်ကာပူဖြစ်လာမည်ဟု မျှော်မှန်းချက်ထားလာကြသည်။ ထားဝယ်-ကန်ချနဘူရီ လမ်းကြောင်းသည် ဘန်ကောက်-ကူမင်း-ဖနွမ်းပင်-ဗီယန်ကျင်း-ဟိုချီမင်းစီးတီး-ကွာလာလမ်ပူရ် ပတ်လမ်းကြီးဖြစ်လာမည့်အပြင် အိန္ဒိယဈေးကွက်ကြီးကိုရရန် မြန်မာ-ထိုင်း-အိန္ဒိယ စူပါလမ်းကြောင်းကြီးလည်း ရှိလာမည်။

ကူမင်း-တာချီလိတ်-ချင်းမိုင်လမ်းကြောင်းနှင့် ကူမင်း-လာရှိုး-မန္တလေးလမ်းကြောင်းများဖြင့် ကုန်သွယ်မှုသည် ကပ္ပလီပင်လယ်ပြင်တစ်ဝိုက်၊ ဘင်္ဂလားပင်လယ်အော်တစ်ဝိုက် ခြေချင်းလိမ်လာကြတော့မည်။

အာဆီယံသည် ရလဒ်အဓိကပေါ်လစီကိုဆုပ်ကိုင်ရင်း စံနှုန်းအခြေပြုမူဝါဒကို မျက်ကွယ်ပြုတော့မည် ဖြစ်သည်။ ထိုအခါ အမေရိကန်ပြည်ထောင်စုနှင့် ဥရောပသမဂ္ဂတို့ အရေးတကြီးပြန်စဉ်းစားရမည့်အချက်မှာ

တရုတ်နှင့် အာဆီယံဒေသအတွင်း ပူးပေါင်းဆောင်ရွက်မှုလုပ်ရင်း ပွင့်လင်းမြင်သာသော၊ တာဝန်ယူမှုရှိသော လူ့ဘောင်ကို တည်ဆောက်မည်လော၊ အဘိဓမ္မာကိုစွဲကိုင်ရင်း စံနှုန်းများကိုသာ အော်ဟစ်ပြောဆိုနေတော့မည်လော ဆိုသည့် လမ်းကြောင်းနှစ်ခုအနက် တစ်ခုကိုသာ ရွေးခွင့်ရှိတော့မည်ဖြစ်သည်။ ထိုပေါ်လစီနှစ်ခုလုံးကို ပူးတွဲပြီး အမေရိကန်ပြည်ထောင်စုက နည်းလမ်းအသစ်ဖြင့်ကြိုးစားသော်လည်း အောင်မြင်မှုမရှိဟု ဝန်ခံခဲ့ပြီးဖြစ်သည်။ အဝေးကွင်းတွင် လာကန်ရသောဘောလုံးပွဲအတွက် အိမ်ရှင်တို့မှာ အစစအရာရာအသာစီးရနေသည်ကို နားလည် သဘောပေါက်ရန်လိုနေသည်။

မြန်မာပြည်၏ ပထဝီနိုင်ငံရေးအနေအထားသစ်ကို တွေ့မြင်လာသော စင်ကာပူသည် သူ၏လက်ရှိစံစား၊ စံစားနေရသော ပျော်ရွှင်မှုများ မကြာခင်ဆိတ်သုဉ်းတော့မည်ကို နားလည်လာသည်။ ဒေသအတွင်းမြန်မာအကြောင်း ဟာဟာမပြောချင်တော့။ အန်ကယ်ဆမ်က စိတ်ပြောင်း၊ အနေအထားပြောင်းသွားပါက ရေလက်ကြားတွင် ဆားပစ်ပေးနေရသော သူ့အနေအထားသည် ရေရှည်မခံတော့။

လာမည့် ၅ နှစ်တာကာလတွင် မြန်မာနိုင်ငံမည်သို့အခြေအနေကိုဦးတည်နေသနည်းကို စင်ကာပူက ခန့်မှန်းသုံးသပ်နေသည်။ မတားစီးနိုင်ဟုယူဆပါက မြန်မာပြည်သို့ထဲထဲဝင်ဝင်ပတ်သက်ကာ ရသမျှယူတော့မည်။

## ၇။ တရုတ် စူးအက်တူးမြောင်း

မြန်မာနိုင်ငံသည် ၂၀၁၁၊ မတ်လ ၃၀ ရက်နေ့တွင် အရပ်သားအစိုးရသစ် ကျမ်းကျိန်သစ္စာဆိုပြီးနောက် ပထမဦးဆုံးချစ်ကြည်ရေးခရီးအဖြစ် သမ္မတဦးသိန်းစိန်သည် တရုတ်နိုင်ငံဘေဂျင်းသို့ သွားရောက်ခဲ့ပြီး တရုတ်သမ္မတ ဟူချင်တောင်နှင့် တွေ့ဆုံခဲ့သည်။ နှစ်ဖက်အပြန်အလှန် သဘောတူညီချက်များထုတ်ပြန်ခဲ့ပြီး ၂၀၁၄ တွင် မြန်မာနိုင်ငံအာဆီယံ ဥက္ကဋ္ဌရာထူးအတွက် တရုတ်နိုင်ငံက အပြည့်အဝထောက်ခံသွားမည်ဟုဆိုသည်။ ထို့အပြင် နှစ်ဖက်ပူးပေါင်းဆောင်ရွက်မှုသည် ရလဒ်အဓိက(Result Matter) ပေါ်ပေါက်ရေး ကြိုးပမ်းသွားမည်ဟုဆိုကာ မြန်မာနှင့်တရုတ်နှစ်နိုင်ငံသည် ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေးမှသည် မဟာဗျူဟာမြောက်ချစ်ကြည်ရေးအဆင့်သို့ တက်လှမ်းရောက်ရှိခဲ့ပြီဟု ကြေငြာလိုက်တော့သည်။

မြန်မာ-တရုတ် ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးမှသည် မဟာဗျူဟာမြောက်အဆင့်သို့ တက်လှမ်းသွားသည့် အဆင့်ဆင့်နှင့် ပထဝီနိုင်ငံရေး၊ စွမ်းအင်နိုင်ငံရေးကိုအခြေခံသော သရုပ်ခွဲမှုများကိုပြန်လည်လေ့လာရန် လိုအပ်လာသည်။ အဘယ့်ကြောင့်ဆိုသော် တရုတ်နိုင်ငံသည် ၂၁ ရာစုကိုဦးဆောင်မည့် ကမ္ဘာ့စူပါ ပါဝါနိုင်ငံဖြစ်လာမည့်ဆိုသည့် တွတ်ဆမှုများ ပိုမိုနိုင်မာလာသဖြင့် စူပါပါဝါနိုင်ငံနှင့် အိမ်နီးချင်းဖြစ်ရသည့် မြန်မာ၏ပထဝီနိုင်ငံရေး၊ စွမ်းအင်နိုင်ငံရေး အရေးပါမှုသည်ဒေသတစ်ခုလုံးတွင် သက်ရောက်မှုရှိတော့မည်ဖြစ်သောကြောင့် ဖြစ်သည်။

တရုတ်နိုင်ငံ၏ ၂၁ရာစုနိုင်ငံရေးရာ ပေါ်လစီ၏ ပင်မဒေါက်တိုင်တစ်ခုမှာ စွမ်းအင်အရင်းအမြစ်များကို အရယူရေးဆိုသည့် ထုံတမ်းစဉ်လာဉာဏ်ပညာကို အခြေခံထားသောကြောင့်ဖြစ်သည်။ ကမ္ဘာ့ရေနံကြွယ်ဝမှု၏

၁၀% ရှိသော အာဖရိကနိုင်ငံများနှင့် တရုတ်ဆက်ဆံရေးသည် ပိုမိုခြေလှမ်းကျဲလာခဲ့သည်။ ၁၉၉၀ ပြည့်နှစ် အလယ်ပိုင်းကာလများတွင် တရုတ်နိုင်ငံသည် ဆူဒန်နိုင်ငံ၌ ရေနံတူးဖော်ခြင်း၊ လမ်းများဖောက်လုပ်ခြင်းဖြင့် ၂၁ ရာစုအစတွင် ဆူဒန်နိုင်ငံအား ရေနံတင်ပို့သောနိုင်ငံအဖြစ်သို့ အသွင်ပြောင်းပေးခဲ့သည်။

၂၀၀၆ ခုနှစ်မှစတင်ကာ အာဖရိကတိုက်ရှိ ရေနံထုတ်လုပ်သောနိုင်ငံများသည် ယခုအခါ တရုတ်နိုင်ငံ၏ ရေနံလိုအပ်ချက် သုံးပုံတစ်ပုံကို တင်ပို့နေကြပြီဖြစ်သည်။ နောက်ထပ်တစ်ချက်မှာ အမေရိကန်ပြည်ထောင်စုနှင့် ဥရောပသမဂ္ဂတို့က ဆူဒန်နိုင်ငံအတွင်း လူသားချင်းစာနာရမည့် အကျပ်အတည်းပေါ်ပေါက်မှုကို ၂၀၀၃ တွင် ဝင်ရောက်ကိုင်တွယ်စွက်ဖက်ခဲ့သည်။ ၂၀၀၇ ဇူလိုင်တွင် ဆူဒန်အား စီးပွားရေးပိတ်ဆို့အရေးယူမှုပြဌာန်းခဲ့သည်။ တရုတ်သမ္မတကျန်ဇီမင်းဦးဆောင်သော ချစ်ကြည်ရေးအဖွဲ့ ဆူဒန်သို့ ဧပြီ ၂၀၀၀ တွင် သွားရောက်ခဲ့ပြီး နောက်ပိုင်းတရုတ်ခေါင်းဆောင်များဖြစ်ကြသော ဟူချင်တောင်၊ လီပင်း၊ ဝမ်ကျားပေါင်၊ ဖူရောင်ကျီတို့ ဆူဒန်နှင့် ရွှေလမ်းငွေလမ်းများဖောက်ကြသည်။ တရုတ်တို့ လောင်စာစွမ်းအင် အငမ်းမရလိုအပ်နေမှုခြေလှမ်းများကို တစ်ကမ္ဘာလုံးက သတိထားစောင့်ကြည့်လာကြသည်။

တရုတ်အစိုးရသည် စွမ်းအင်ထုတ်လုပ်မည့်နိုင်ငံများနှင့် ချစ်တင်းနှောရန် ခြေလှမ်းပြင်နေသလို ကမ္ဘာ့ရေးရာများကိုလည်း စွမ်းအင်လုံခြုံမှုရှုထောင့် စတင်ကြည့်ရှုလာကြသည်ဟု မှတ်ယူလာကြသည်။ ထိုအခါ တရုတ်အစိုးရသည် စွမ်းအင်ရယူလိုမှုအတွက် ကမ္ဘာပေါ်ရှိအာဏာရှင်နိုင်ငံများနှင့် ပုလဲနံ့ပသင့်အောင် ချစ်ကြည်ရေးတည်ဆောက်နေကြသည်ဟူသော စွပ်စွဲချက်များတသီတတန်းကြီး ပေါ်လာတော့သည်။

ယင်းစွပ်စွဲချက်အတွက် သက်သေပြရန် တရုတ်နှင့်အိမ်နီးချင်းမြန်မာနိုင်ငံကို သာဓကအဖြစ်ထုတ်နုတ်ပြသလာကြသည်။ ၁၉၉၈မှစတင်ကာ မြန်မာနိုင်ငံ၌တပ်မတော်က အာဏာသိမ်းပြီး အုပ်ချုပ်ခဲ့သည့် ၂၃ နှစ်ကာလအတွင်း တရုတ်နိုင်ငံသည် မြန်မာအစိုးရကိုနိုင်ငံတကာစာမျက်မှာတွင် အကာအကွယ်ပေးခဲ့သည်။ မြန်မာနိုင်ငံအပေါ် အနောက်နိုင်ငံများ၏ စီးပွားရေး၊ ကုန်သွယ်ရေး၊ ဘဏ္ဍာရေးပိတ်ဆို့မှုများကို တရုတ်နိုင်ငံက ပြင်းပြင်းထန်ထန်ကန့်ကွက်ခဲ့သလို ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ အရေးယူမှုကိုလည်း ဗီတိုအာဏာသုံးကာ ဖယ်ရှားပေးခဲ့သည်။ မြန်မာနိုင်ငံ၏ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုသည် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးသက်သက်သာဖြစ်သည်ဟု တရုတ်နိုင်ငံကယုံကြည်ပြီး တည်ငြိမ်မှု၊ သဟဇာတဖြစ်မှုနှင့် တိုးတက်မှုများကိုသာမြင်တွေ့လိုသည်။ မြန်မာနိုင်ငံအား တရုတ်အစိုးရက ကူညီမှု၊ စာနာထောက်ခံမှုတို့သည် စွမ်းအင်လောင်စာ ရယူလိုမှုထက်ပိုသော အခြားသောရှုပ်ထွေးပွေလီသည့် အချက်များရှိလာသည်။ ထို့အပြင် မြန်မာနိုင်ငံနှင့်ဆက်ဆံကြသည့် ဒေသတွင်းနိုင်ငံများထက် တရုတ်အစိုးရသည် မြန်မာအပေါ် ကျိုးကြောင်းဆက်စပ်မှုရှိစွာ မပြောင်းမလဲ၊ မယိမ်းမယိုင်ဘဲ ကျောနောက်နောက်ခံပေးသည့် အနေအထားမှာရှိနေဆဲ ဖြစ်သည်။ သို့သော် မဟာဗျူမြောက်မိတ်ဖက်အဆင့်သို့ မည်ကဲ့သို့ရောက်လာခဲ့သနည်း ဆိုသည်ကို မေးခွန်းထုတ်ရတော့မည်။

၂၀ ရာစုနှောင်ပိုင်း ဆယ်စုနှစ်မှ ၂၁ ရာစုကာလများအတွင်း တရုတ်-မြန်မာ နှစ်ဖက်ရွှေလမ်းငွေလမ်းဖောက်ခဲ့သည့် ချစ်ကြည်ရေးသည် ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးဖြစ်သည်။ နှစ်နိုင်ငံထိပ်သီးခေါင်းဆောင်များ အပြန်အလှန်လည်ပတ်ကြခြင်း၊ စီးပွား-ကူးသန်းရေး ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်ခြင်း၊ နှစ်နိုင်ငံမူးယစ်တိုက်ဖျက်ရေး၊ ကုန်စည်ဖလှယ်ရေးများကို ဆောင်ရွက်ခြင်းများဖြင့်

ဆက်ဆံရေးခိုင်မာလာခဲ့သည်။ တရုတ်၏စွမ်းအင်ဆိုင်ရာ လုံခြုံရေးရည်မှန်းချက်ပင်ဖြစ်သည်။ တရုတ်နိုင်ငံသည် ယူနန်ပြည်မှတစ်ဆင့် မြန်မာနိုင်ငံအနောက်ဖက်ခြမ်း ကျောက်ဖြူအထိ ရေနံသဘာဝဓာတ်ငွေ့ပိုက်လိုင်းကို ဖောက်လုပ်နေပြီး ၂၀၁၃ တွင် အပြီးသတ်မည်ဖြစ်သည်။ မြန်မာနိုင်ငံသည် ရေနံအရင်းအမြစ်မကြွယ်ဝသော်လည်း မြန်မာ့ကမ်းလွန်ပင်လယ်ပြင်အတွင်း သဘာဝဓါတ်ငွေ့တူးဖောက်ထုတ်လုပ်မှုသည် မက်လောက်စရာဖြစ်လာသည်။ တရုတ်နိုင်ငံသည် အာဖရိကနှင့် အရှေ့အလယ်ပိုင်းမှရေနံများကို သင်္ဘောများဖြင့်တင်ဆောင်ကာ မလက္ကာရေလက်ကြားမှတစ်ဆင့် တရုတ်ပြည်အရောက် သယ်ယူနေရသည့် စွမ်းအင်ပဏာမသည် တရုတ်ပြည်သို့တင်သွင်းနေသည့်ရေနံစုစုပေါင်း၏ ၈၀ ရာခိုင်နှုန်းရှိသည်။

ထို့အပြင် စင်ကာပူနိုင်ငံသို့ ဖြတ်သန်းသွားရသည့် မလက္ကာရေလက်ကြားသည် တရုတ်စွမ်းအင်လုံခြုံမှုအတွက် ခြိမ်းခြောက်မှုများ ရှိနေသည်။ တစ်ခုမှာ ရေလက်ကြားဒေသတွင်း ပင်လယ်ဓားပြများ၏အကြမ်းဖက်မှုများအပြင် အမေရိကန်ရေတပ်သည် အိန္ဒိယ-ဂျပန်တို့နှင့်ပူးပေါင်းကာ ရေပြင်စစ်လေ့ကျင့်ရေး၊ လုံခြုံရေးအတွက် ပုလိပ်ကြီးလုပ်နေသည့် အချက်တို့ကြောင့်ဖြစ်သည်။ မလက္ကာရေလက်ကြားကိုအသုံးမပြုဘဲ ကျောက်ဖြူ ရေနက်ဆိပ်ကမ်းမှတစ်ဆင့် တရုတ်ပြည်သို့ ကုန်းလမ်းမှပိုက်လိုင်းများဖြင့် ရေနံများကိုသွယ်တန်းယူခြင်းသည် ခရီးလမ်းကြောင်းကို သုံးပုံတစ်ပုံအထိ လျှော့ချနိုင်မည်ဖြစ်သည်။

တရုတ်နိုင်ငံသည် မြန်မာနိုင်ငံနှင့် အကျိုးတူသဘာဝဓာတ်ငွေ့တူးဖော်ခြင်းကို ၂၀၀၁ တွင်စတင်ခဲ့သည်။ လေးနှစ်အကြာတွင် ဘင်္ဂလားပင်လယ်အော်အတွင်း သဘာဓာတ်ငွေ့တူးဖော်လုပ်ကိုင်ခွင့်ကို တရုတ်အစိုးရက ရရှိခဲ့သည်။ မူလ၌ ရွှေသဘာဝလုပ်ကွက်များမှ ဓာတ်ငွေ့များကို အိန္ဒိယက ပိုက်လိုင်းသွယ်တန်းကာ ဝယ်ယူမည့်ကမ်းလှမ်းမှု ပျက်ပြားသွားရသည်။ အကြောင်းရင်းမှာ ဘင်္ဂလားဒေ့ရှ်သို့ဖြတ်သန်းပြီး အိန္ဒိယသို့ပိုက်လိုင်းသွယ်မည့်ကိစ္စတွင် ဘင်္ဂလားဒေ့ရှ်နှင့်အိန္ဒိယတို့ ညှိနှိုင်းမရခဲ့သဖြင့် မြန်မာကတရုတ်သို့ ကုန်းတွင်းပိုက်လိုင်းသွယ်ကာ ယူနန်ပြည်အရောက် တင်ပို့ရောင်းချရန် ၂၀၀၅ ဒီဇင်ဘာတွင် ဆုံးဖြတ်ချက်ချလိုက်သည်။ အိန္ဒိယနောက်ကောက်ကျသွားခဲ့သည်။ ရခိုင်ပြည်နယ်ကမ်းလွန်ပင်လယ်ပြင် သဘာဝဓာတ်ငွေ့လုပ်ကွက်များတွင် တောင်ကိုးရီးယားနိုင်ငံ ဒေဝူးကုမ္ပဏီလည်း ဝင်ရာက်လုပ်ကိုင်လာသည်။

မြန်မာနိုင်ငံကို ၁၉၉၇ မှစတင်ကာ အမေရိကန်ပြည်ထောင်စုက ကုန်သွယ်ရေး၊ ရင်နှီးမြှုပ်နှံမှုဆိုင်ရာ ပိတ်ဆို့အရေးယူမှုကို စတင်ခဲ့ပြီး ၂၀၀၃ နှင့် ၂၀၀၇တွင် ပိုမိုတင်းကျပ်သော အရေးယူဒဏ်ခတ်မှုများကို လုပ်ဆောင်ခဲ့သည်။ ဥရောပသမဂ္ဂသည်လည်း မြန်မာပြည်တွင်း နိုင်ငံရေးအခြေအနေများကြောင့် အလားတူ ပိတ်ဆို့မှုများကို ချမှတ်ခဲ့သည်။ ထိုအခါ မြန်မာနိုင်ငံသည် အိမ်နီးချင်းနိုင်ငံများနှင့် ကုန်သွယ်မှုကို အဓိကဦးစားပေးခဲ့ရသည်။ ပိတ်ဆို့မှုကိုအာခံကာ စီးပွားရေးအခြေအနေကို ကျားကန်ထိမ်းသိမ်းခဲ့သည်။ အနောက်နိုင်ငံများ၏တင်းမာသော သဘောထားများသည် မြန်မာအုပ်ချုပ်သူများအပေါ် မည်သည့်သက်ရောက်မှုမျှ မဖြစ်ပေါ်စေခဲ့ပေ။

သို့သော် မြန်မာနိုင်ငံသည် ကမ္ဘာ့စူပါ ပါဝါဖြစ်ရန်တာစူနေသော အင်အားကြီးနိုင်ငံ နှစ်နိုင်ငံခြား မဟာဗျူဟာမြောက် လမ်းဆုံပေါ် ခွထိုင်မိသားဖြစ်နေရပြီဆိုသည့်အချက်ကို အနောက်နိုင်ငံများ မကြာသေးခင်နှစ်များ အတွင်း စတင်သတိထားမိလာကြသည်။ ထိုအခါ လက်ရှိမြန်မာနှင့်သူတို့၏

ဆက်ဆံရေးအနေအထားကို အသည်းအသန် ပြန်လည်သုံးသပ်လာရတော့သည်။ ယင်းမှာ ကြီးမားသော ပေါ်လစီအရွေ့ကြီးတစ်ခုဖြစ်သည်။

## ၈။ စွမ်းအင်လုံခြုံရေးနှင့် မြန်မာ

တရုတ်နိုင်ငံသည် ၁၉၉၃ ထိ ပြည်တွင်းထုတ်လုပ်မှုပဏာမဖြင့် ရေနံလောင်စာဖူလုံမှုရှိခဲ့သည်။ စွမ်းအင်လုံခြုံရေးအတွက် အာရုံစိုက်မှု နည်းပါးခဲ့သည်။ တိန့်ရှောင်ဖိန်လက်ထက် ပြည်နယ်များကို ကိုယ်ပိုင်အုပ်ချုပ်ရေးပေးကာ လွတ်လပ်ခွင့်ပြုချိန်မှ စတင်ပြီး ကုန်းတွင်းပိတ် ယူနန်ပြည်နယ်သည် မြန်မာပြည်နှင့်တိုက်ရိုက်ကုန်သွယ်မှုကို ဆောင်ရွက်ခဲ့သည်။

အိန္ဒိယသမုဒ္ဒရာမှ ဖြတ်သန်းသယ်ဆောင်လာမည့် ရေနံစည်များကို တရုတ်ကုန်းတွင်းပိုင်းအရောက် တင်ပို့ရာတွင် ကျောက်ဖြူရေနက်ဆိပ်ကမ်းသည် ကနဦးစဉ်းစားချက်တွင် မပါဝင်ခဲ့ပေ။ ပါကစ္စတန်နိုင်ငံ ဂွဒါဆိပ်ကမ်းမှဆစ်ဆင့် ရေနက်ဆိပ်ကမ်းတည်ဆောက်ကာ တရုတ်ပြည်မတွင်းသို့ ကုန်းလမ်းမှပို့ဆောင်သောအခါ အငြင်းပွားနေသည့် ကက်ရှမီးယားဒေသကို ဖြတ်သန်းရဖြစ်ဖြစ်သည်။ ထိုအခါ အိန္ဒိယနှင့်ထိပ်တိုက်ရင်ဆိုင်ရမှုဖြစ်လာမည်။

တရုတ်နိုင်ငံသည် ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာနိုင်ငံအနောက်ခြမ်းတွင် ရေနက်ဆိပ်ကမ်းများ တည်ဆောက်ကာ အိန္ဒိယသမုဒ္ဒရာကို စိုးမိုးရေးမူဝါဒဖြစ်သော ပုလဲသွယ်စီမံကိန်းသည် အသက်ဝင်လာသည်။ ထိုအခါ ကျောက်ဖြူရေနက်ဆိပ်ကမ်းသည် တရုတ်အမျိုးသား စွမ်းအင်လုံခြုံရေးအတွက် အဓိကလမ်းကြောင်းတစ်ခု ဖြစ်လာသည်။

မြန်မာနိုင်ငံသည် ဓာတ်ငွေ့ရောင်းချခြင်းသက်သက်အတွက် တရုတ်ပြည်တစ်ခုတည်းနှင့်သာ နီးနီးကပ်ကပ် ထိစပ်ကတ်သက်နေသည်ဟု စွပ်စွဲမရနိုင်ပေ။ မြန်မာနိုင်ငံသည် တရုတ်၏ဖောက်သည်နိုင်ငံဖြစ်သည်ဟု စွပ်စွဲပြောဆိုနေမှုများ ရှိနေသော်ငြား၊ တရုတ်-မြန်မာဆက်ဆံရေးကို အလွန်အကျွံ ခန့်မှန်းပြောမှုများရှိနေသော်ငြား တရုတ်နိုင်ငံသည်သာ မြန်မာနိုင်ငံ၏ အဓိကကုန်သွယ်ဖက်နိုင်ငံမဟုတ်ဆိုသည့် အချက်အလက်များစွာရှိသည်။

မြန်မာသည် မြန်မာ့အမျိုးသားအကျိုးစီးပွားအတွက် အာဆီယံနှင့်ဆက်ဆံရေး တိုးတက်ကောင်းမွန်စေလိုသည့်အခါ၊ အိန္ဒိယ-ဂျပန်နိုင်ငံများနှင့်ဆက်ဆံသည့်အခါ တရုတ်ဖဲချပ်ကို ကျွမ်းကျင်စွာ ကိုင်တွယ်ခဲ့သည်ဟု ပြောဆိုနိုင်မည်ဖြစ်သည်။ ၁၉၈၈ မှ စတင်ကာ ဆိုရှယ်လစ်တံခါးပိတ်စနစ်မှ ဈေးကွက်စီးပွားရေးသို့ မြန်မာနိုင်ငံဝင်ရောက်လာချိန်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ မြန်မာပြည်သို့ ဝင်ရောက်လာခဲ့သည်။ တရုတ်တစ်နိုင်ငံတည်းနှင့် ပတ်သက်ဆက်ဆံရသည်ထက် မြန်မာသည် အာဆီယံ၊ အိန္ဒိယ၊ ဂျပန်နိုင်ငံတို့နှင့်လည်း ကုန်သွယ်ရေးပူးပေါင်းမှုကို လုပ်ဆောင်ခဲ့သည်။ ပြည်တွင်းရေး ဝင်ရောက်မစွက်ရေးမူကို ကိုင်စွဲချိန်တွင် အာဆီယံနှင့်တရုတ်တို့သည် အလုပ်ဖြစ်သလောက် အိန္ဒိယနှင့်ဂျပန်တို့သည် ဘေးထွက်ထိုင်ခဲ့ကြသည်။

မြန်မာသဘာဝဓာတ်ငွေ့သည် တရုတ်တို့ချုပ်ကိုင်မှုအောက် လုံးဝရောက်ရှိနေသည်ဆိုသည့် စွပ်စွဲချက်မှာ အမှန်နှင့်မနီးစပ်ပေ။ သဘာဝဓာတ်ငွေ့လုပ်ငန်းများတွင် လုပ်ကိုင်ခွင့်ရှိနေသောနိုင်ငံမှာ တရုတ်တစ်နိုင်ငံတည်း မဟုတ်သောကြောင့်ဖြစ်သည်။ သဘာဝဓာတ်ငွေ့အများဆုံးဝယ်ယူသည့် နိုင်ငံမှာ အများစုစွပ်စွဲသလို တရုတ်မဟုတ်ဘဲ ထိုင်းနိုင်ငံဖြစ်နေသည်။ ထိုင်းနိုင်ငံသည် ၁၉၈၈ ဒီဇင်ဘာလမှစတင်ကာ မြန်မာနိုင်ငံနှင့်ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုလုပ်ရေးကို ဖွဲဆော်ဦး စတင်ခဲ့သည့်နိုင်ငံဖြစ်သည်။ ထိုင်းနိုင်ငံပိုင် ပီတီတီရေနံကုမ္ပဏီက မုတ္တမပင်လယ်ကွေ့အတွင်းမှ ရတနာသဘာဝဓာတ်ငွေ့များကို ဘန်ကောက်သို့ ပိုက်လိုင်းသွယ်တန်းကာ အကြီးအကျယ်ဝယ်ယူခဲ့သည်။ မုတ္တမပင်လယ်ကွေ့အတွင်း သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်နေသည့် ကုမ္ပဏီများအနက် အမေရိကန်ပြည်ထောင်စု၊ ပြင်သစ်ရေနံကုမ္ပဏီကြီးများလည်း ပါဝင်ကြသည်။

ဒေသတွင်းနိုင်ငံများ မြန်မာအပေါ် သြဇာလွှမ်းမိုးမှုကို ချိန်ခွင်လျှာညှိရန် မြန်မာသည် အိန္ဒိယဖဲချပ်ကိုလည်း ကိုင်တွယ်ကစားလေ့ရှိသည်။ တရုတ်-အိန္ဒိယနှစ်ဖက်ကြား တင်းမာမှုများ၊ ယှဉ်ပြိုင်မှုများရှိသည်ကို နားလည်သဘောပေါက်သောမြန်မာသည် သဘာဝဓာတ်ငွေ့ပိုက်လိုင်းနှင့် လုပ်ပိုင်ခွင့်ကို အိန္ဒိယကိုမပေးဘဲ တရုတ်ကိုပေးအပ်ခဲ့သည်။ ၁၉၆၂ မှ ၁၉၉၁ ကြားကာလတွင် မြန်မာသည် အိန္ဒိယနိုင်ငံနှင့် အစေးမကပ်သော ဆက်ဆံရေးရှိခဲ့သည်။ အကြောင်းရင်းမှာ ဒီမိုကရေစီကိုဆန့်ကျင်ပြီး အာဏာသိမ်းခဲ့သော တပ်မတော်အစိုးရတရားဝင်မှု ရှိ၊ မရှိဆိုသည့် အချက်ကြောင့် ဖြစ်သည်။ ဝန်ကြီးချုပ် ရာဂျစ်ဂန္ဒီ လုပ်ကြံခံရသည့် မေ ၁၉၉၁ နောက်ပိုင်း အိန္ဒိယအစိုးရအဆက်ဆက်သည် အရှေ့မျှော်ဝါဒကိုချမှတ်ပြီး စီးပွားရေးပြုပြင်ပြောင်းလဲမှုလုပ်ရန် ရွှေတံခါးကြီးကို တအိအိနှင့်ဖွင့်လိုက်ခြင်းကြောင့်ဖြစ်သည်။

ထို့အပြင် အာဆီယံဒေသတစ်ခုလုံးနှင့် လမ်းကြောင်းများဖောက်ရန် ဂိတ်ဝဖြစ်သော အရှေ့မြောက်ပြည်နယ်များ၌ ခွဲထွက်ရေးသူပုန်များလည်း ရှိသည်။ ထို့အတွက် ရည်ရွယ်ချက်နှစ်ခုလုံးပြည့်ဝရန် မြန်မာကို အိန္ဒိယက မဖြစ်မနေလိုအပ်လာသည်။ နှစ်ဖက်သံတမန်များ၊ တပ်မတော်အရာရှိများ အပြန်အလှန်တွေ့ဆုံသွားရောက်လည်ပတ်ကြပြီး တစ်နိုင်ငံ၏ပြည်တွင်းရေးကို အခြားတစ်နိုင်ငံက ဝင်ရောက်မစွက်ဖက်ရန် သဘောတူညီချက် ချမှတ်ကြတော့သည်။ နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေးသည်လည်း သန်းပေါင်းများစွာ တိုးတက်လာသည်။ ၂၀၀၁ မှစတင်ကာ ဘင်္ဂလားပင်လယ်အော်အတွင်းရှိ မြန်မာ့ကမ်းလွန် ပင်လယ်ပြင်အတွင်းမှ ရွှေသဘာဝဓာတ်ငွေ့လုပ်ကွက်များမှ ဓာတ်ငွေ့ကို အိန္ဒိယကဝယ်ယူရန် ဆွေးနွေးမှုများ တခြိမ်းခြိမ်းစတင်တော့သည်။

ဘင်္ဂလားဒေ့ရှ်နှင့် သဘောတူညီမှုမရနိုင်သဖြင့်သာ ပိုင်လိုင်းသွယ်တန်းဝယ်ယူမည့်အစီအစဉ် ပျက်ခဲ့သော်လည်း မုတ္တမပင်လယ်ကွေ့အတွင်းမှ ဓာတ်ငွေ့များကို ဒေါ်လာသန်း ၁၅၀ တန် ဝယ်ယူမည့် စာချုပ်ကို ချုပ်နိုင်ခဲ့သည်။ ၂၀၀၈ တွင် မြန်မာနိုင်ငံအား နိုင်ငံတစ်ကာက စီးပွားရေးပိတ်ဆို့ ဒဏ်ခတ်မှုများကို ဆန့်ကျင်ကြောင်း အိန္ဒိယက ထုတ်ဖော်ပြောဆိုလာခဲ့သည်။

တရုတ်နိုင်ငံနှင့် မြန်မာနီးနီးကပ်ကပ် ဖြစ်သွားစေသည့်အခြေအနေများကို အာဆီယံနှင့် အနောက်ကမ္ဘာကပါ စိုးရိမ်တကြီးရှိကြသည်။ တရုတ်နိုင်ငံသည် သူ၏အနောက်ဖက်နယ်နမိတ်တွင် တည်ငြိမ်မှုရှိစေရန် အရေးထားသည်။ အမေရိကန်နှင့် အနောက်ကမ္ဘာတို့ မြန်မာပြည်တွင်းရေးကို ဝင်ရောက်ခြယ်လှယ်ပါက တရုတ်နောက်ဖေးပေါက်သည် အချိန်မရွေး အန္တရာယ်ကျရောက်နိုင်သည်ဟု ယူဆသည်။ ဒုတိယကမ္ဘာစစ်အတွင်းက ဂျပန်ဖက်ဆစ်များကိုတော်လှန်ရန် တရုတ်နောက်ဖေးပေါက်ရှိ Burma Road လမ်းပေါ်ရှိ လားရှိုးမှတစ်ဆင့် ယူနန်နယ်ကိုဖြတ်ပြီး ချုံကင်းထိ စစ်လက်နက်ရိက္ခာများ ကူညီထောက်ပံ့ရေးလမ်းကြောင်းကြီးကို သုံးခဲ့သည်။ တရုတ်ပြည်စျေးကွက်ကြီး အရယူနိုင်ရန် ဗြိတိသျှနှင့် ပြင်သစ်ကိုလိုနီတို့ ၁၉ ရာစုအတွင်း ခြေချင်းလိမ်ခဲ့သည့် သာဓကများရှိသည်။

အမေရိကန်နှင့် အနောက်နိုင်ငံများ၏ မြန်မာအပေါ်အထီးကျန်ထားရေး၊ ဖယ်ကျဉ်ထားရေးပေါ်လစီသည် တရုတ်ပြည်နှင့် မြန်မာတို့ဆက်ဆံရေး ပိုမိုနီးကပ်သွားစေသည်ကို တစတစနားလည် သဘောပေါက်လာကြသည်။ ထိုနားလည်သူများအနက် အာဆီယံနိုင်ငံများက ထိပ်ဆုံးမှပါဝင်သည်။ မြန်မာ-အာဆီယံဆက်ဆံရေးသည် တရုတ်၏ မူဝါဒများကို အခြေခံလာရသည်ထိ ဖြစ်သွားသည်။

တရုတ်သည် မြန်မာနှင့်အတူ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး ၅ ချက်ကို သဘောတူထားသည့်နိုင်ငံဖြစ်ပြီး ပြည်တွင်းရေးကိစ္စများကို ဝင်ရောက်စွက်ဖက်ခြင်းကို လုံးဝလက်မခံဘဲ တန်းတူရည်တူဆက်ဆံမှုကို အဓိကထားသည်ဟုဆိုသည်။ အာဆီယံသည် အပြုသဘောဆောင်သော ဆက်ဆံရေးကိုပွဲထုတ်ရလာပြီး အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ အရှက်မရစေရေး၊ ပြည်တွင်းရေး ဝင်မစွက်ရေးကို အာရုံပြုလာကြသည်မှာ တရုတ်ပြည်၏ဒေသတွင်း ဩဇာရှိမှုကိုထင်ဟပ်နေစေသည်။

တရုတ်နိုင်ငံဘက်မှလည်း သူ၏အနီးအနားရှိနိုင်ငံငယ်များသည် ဒေသတွင်းအဖွဲ့အစည်းဖွဲ့စည်းကာ တရုတ်ဆန့်ကျင်ရေးမလုပ်စေရန် သတိကြီးကြီးထားခဲ့သည်။ တရုတ်နိုင်ငံသည် ကမ္ဘာ့အင်အားကြီးနိုင်ငံအဆင့်သို့ တက်လှမ်းရာတွင် အဆင့် ၃ ဆင့်ဖြင့် နိုင်ငံခြားရေးမူဝါဒကို ကိုင်စွဲရာ ပထမအဆင့်သည် နိုင်ငံတစ်နိုင်ငံချင်းဆီဖြင့် ဆက်ဆံခြင်း၊ ဒုတိယအဆင့်သည် ဒေသတွင်းအဖွဲ့အစည်းများဖြင့် ဆက်ဆံခြင်းနှင့် တတိယအဆင့်သည် ကုလသမဂ္ဂတွင်ဆက်ဆံခြင်းတို့ ဖြစ်သည်။ ယင်းမှာ အမေရိကန်ပြည်ထောင်စု၏ နိုင်ငံတစ်နိုင်ငံအပေါ် အရမ်းကာမဲ့ဝင်ရောက်စွက်ဖက်ပြီး ပြည်တွင်းရေးကို မွှေနှောက်သွားမည့်ရန်ကို ဟန့်တားခြင်းဖြစ်သည်။ တစ်နည်းဆိုရသော် တရုတ်ပြည်၏ လုံခြုံရေးကို ဦးစားပေးစဉ်းစားခြင်းဖြစ်သည်။

မြန်မာပြည်၏ လူ့အခွင့်အရေးချိုးဖောက်မှုများသည် ဒေသတွင်းတည်ငြိမ်ရေးနှင့် လုံခြုံရေးကို ချိုးဖောက်သည်ဟုဆိုကာ အမေရိကန်ပြည်ထောင်စု၊ ပြင်သစ်နှင့် ဗြိတိန်နိုင်ငံတို့က ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်ရာတွင် တရုတ်နှင့်ရုရှတို့၏ ဗူးတွဲဗီတိုဖြင့် ပယ်ချခံလိုက်ရသည်။ အမြဲတမ်းကောင်စီဝင်မဟုတ်သော အာဆီယံနိုင်ငံများကလည်း မြန်မာသည် ဒေသတွင်းလုံခြုံရေးကို လုံးဝမခြိမ်းခြောက်ပါဟု ခပ်ပြတ်ပြတ်ရပ်တည်ခဲ့သည်။

နောက်တစ်ချက်မှာ ၂၀၀၇ ခုနှစ်သည် အာဆီယံထူထောင်မှုနှစ် ၄၀ တင်းတင်းပြည့်သည့် ထိပ်သီးအစည်းအဝေးဖြစ်ပြီး အမေရိကန်သမ္မတ ဂျော့ချ် ဒဗလျူဘုရှ် မတက်ရောက်ခဲ့ပေ။

အာဆီယံအပေါ်အမေရိကန်တို့ အာဏာသက်ရောက်မှုသည် ၂၀၀၃ အကြမ်းဖက်မှုတိုက်ဖျက်ရေး စစ်ပွဲစတင်ကတည်းက ယိုးယွင်းလာခဲ့ရာ ၂၀၀၇ တွင်အာဆီယံသည် အမေရိကန်ကို ခပ်တင်းတင်းဆက်ဆံသည်အထိ ဖြစ်လာသည်။

အဘယ့်ကြောင့်ဆိုသော် စံနှုန်းများမတူသောကြောင့်ဖြစ်သည်။

## ၉။ အန်ကယ်ဆမ်နှင့် တစ်ညနေ

အမေရိကန်ပြည်ထောင်စုနှင့် မြန်မာတို့၏ဆက်ဆံရေးသည် ကာလအပိုင်းအခြား ၄ ခုတွင် ဖြစ်တည်ပေါ်ပေါက်ခဲ့သည်။ ပထမအဆင့်မှာ ဒုတိယကမ္ဘာစစ်ကာလဖြစ်ပြီး ဝါရှင်တန်သည် မြန်မာနှင့် မဟာဗျူဟာမြောက် စေ့စပ်ရသည်။ ထောင်ပေါင်းများစွာသော အမေရိကန်တပ်ဖွဲ့ဝင်များသည် မြန်မာပြည်မြောက်ပိုင်းနှင့်ကျန်ဒေသများတွင် ကျဆုံးခဲ့ရသည်။ အမေရိကန်စစ်သားများ ဖက်စစ်ကာလတိုက်ဖျက်ရေးကာလအတွင်း မြန်မာပြည်မြောက်ဖျားပိုင်းသို့ လေထီးများဖြင့်ခုန်ချကာ ပျောက်ကျားစစ်ဗျူဟာဖြင့် ဂျပန်တို့ကို တိုက်ထုတ်ခဲ့မှုသည် နှစ်နိုင်ငံဆက်ဆံရေး ကောင်းမွန်ခဲ့သည့်အချက်ဖြစ်သည်။

ဒုတိယအဆင့်မှာ စစ်အေးခေတ်မှာ ကွန်မြူနစ်ဆန့်ကျင်ရေးအတွက် အမေရိကန်ပြည်ထောင်စုသည် မြန်မာကိုထောက်ပံ့ကူညီမှုများ အလုံးအရင်းနှင့်ပေးခဲ့သလို စီးပွားရေးအကြံအဉာဏ်များလည်း ပေးခဲ့သည်။ အမေရိကန်အကူအညီကို ၁၉၆၃ တွင် မြန်မာကငြင်းပယ်ခဲ့ပြီး မဟာယဉ်ကျေးမှု တော်လှန်ရေးကြီး အဖိတ်အစင်ရှိသည့်အချိန်၊ ကွန်မြူနစ်သောင်းကျန်းမှု နောက်တစ်ကျော့ အရှိန်ပြန်တင်ချိန်တွင်လည်း အမေရိကန်အကူအညီများကို လက်မခံခဲ့ပေ။ ၁၉၇၄ မှစတင်ကာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအတွက် အမေရိကန်၏ကမ်းလှမ်းချက်ကို မြန်မာက ပြည်လည်လက်ခံခဲ့သည်။ ထောက်ပံ့မှုများပြည်လည်စီးဝင်ခဲ့သည်။

တတိယအဆင့်မှာ ၁၉၈၈ ဒီမိုကရေစီရေးလှုပ်ရှားမှုကြီး မြန်မာပြည်တွင် ဖြစ်ပွားချိန်ဖြစ်ပြီး ဝါရှင်တန်သည် မြန်မာနှင့်ဆက်ဆံရေးကို ကျဉ်းမြောင်းအောင်လုပ်ခဲ့သည်။ ယင်းမှာ ၁၉၉၀ ရွေးကောက်ပွဲအနိုင်ရ နိုင်ငံရေးပါတီနှင့် ပါတီခေါင်းဆောင်အပေါ် ထောက်ခံမှု လုံးဝပုံအပ်ပြီး မြန်မာအစိုးရနှင့်ဆက်ဆံရေး သုစိမ်းပြင်ပြင်ဖြစ်သွားအောင် ဖန်တီးလိုက်သည်။ ၁၉၉၇ တွင် ရင်းနှီးမြှုပ်နှံမှုများ လုံးဝမပြုလုပ်ရန်၊ စီးပွားရေးပိတ်ဆို့မှုဆန်ရှင်ကို ဝါရှင်တန်က ချမှတ်လိုက်ချိန် အမေရိကန်-မြန်မာဆက်ဆံရေးသည် လုံးဝတင်းမာခက်ထန်သွားသည့် အနေအထားသို့ ရောက်ခဲ့သည်။ ၂၀၀၃ တွင် အမေရိကန်ပြည်ထောင်စုက နောက်ထပ်ပြင်းထန်သော ကုန်သွယ်ရေးနှင့် ဘဏ္ဍာရေးပိတ်ဆို့ဒဏ်ခပ်မှုများကို ထပ်မံချမှတ်ခဲ့ပြန်သည်။

နောက်ဆုံးအဆင့်မှာ ပိတ်ဆို့မှုကို ဆက်လက်ထားရှိရင်း ပြန်လည်စေ့စပ်မည့် မူဝါဒဖြစ်သည်။ အမေရိကန်တို့၏ မစေ့စပ်စတမ်းမူဝါဒသည် ဝါရှင်တန်အပေါ် အတော်ကိုနိုပ်စက်ခဲ့သည်။ မြန်မာအပေါ် စိုးရိမ်စိတ်မကင်းစွာ ငြိမ်းချောက်အပြစ်တင်ရင်း တောက်လျှောက်ဝေဖန်လာခဲ့သည့်နည်းလမ်းသည် ဒီမိုကရက်တိုက်ဖေးရှင်း ဖြစ်ပေါ်မည့်လမ်းကြောင်းကို ပိုမိုရှည်ကြာစေခဲ့ပြီး အဆိုးဆုံးမှာ ဝါရှင်တန်၏

ပြောဆိုချက်များသည် ပြင်းထန်သောအာခံမှု၊ ဂရုမစိုက်မှုများဖြင့်သာ ရင်ဆိုင်ခဲ့ရသဖြင့် မအောင်မြင်ဟု ကောက်ချက်ချရတော့သည်။ စီးပွားရေးပိတ်ဆို့မှုကြောင့် နိုင်ငံရေးပြောင်းလဲမှုများဖြစ်မလာဘဲ လူသားချင်းစာနာရမည့် အကျပ်အတည်းများ မြန်မာပြည်တွင် ပိုမိုပေါ်ပေါက်လာခဲ့သည်။ ဆန်ရှင်၏ ဘေးထွက်ဆိုးကျိုးများသည် မြန်မာပြည်သူများအပေါ် အဆိုးရွားဆုံး သက်ရောက်ခဲ့သည်။ လစ်ဘရယ်လိုက်ဖေးရှင်း လုံးဝမပေါ်ပေါက်ခဲ့ပေ။

အဆိုပါအဆင့် ၄ ဆင့်ရှိ မြန်မာ-အမေရိကန်ဆက်ဆံရေးသည် ယခုအခါ လမ်းကြောင်းသစ်ပေါ် ရောက်ဖို့တာစူနေသည်။ ၂၀၀၉ တွင် သမ္မတ အိုဘားမားရာထူးရလာချိန်တွင် မြန်မာပြည်ဆိုင်ရာ မူဝါဒကို ပြန်လည်သုံးသပ်ပြီးနောက် ဆန်ရှင်ကိုထားရှိပြီး ပြန်လည်စေ့စပ်မည်ဆိုသည့် ပေါ်လစီသည် စွမ်းအင်လုံခြုံမှုနှင့် အမေရိကန်ပြည်ထောင်စုအကျိုးစီးပွားပေါ် တိုက်ရိုက်သက်ရောက်လာသည်။ မြန်မာသည် ကမ္ဘာ့စူပါ ပါဝါနှစ်နိုင်ငံကြား မဟာဗျူဟာမြောက်လမ်းဆုံပေါ်ရောက်နေကြောင်း အချက်ပေးခေါင်းလောင်းများ မြည်လာနေသည်။ မြန်မာကိုပစ်ပယ်ခြင်းသည် ထိုဒေသတွင် အမေရိကန်တို့အဆုံးအရှုံးကြီးမားစွာ ဆုတ်ခွာသွားရမည်ဆိုသည့် သွယ်ဝိုက်သဘောဆောင်သော မက်ဆေ့ချ်များဖြစ်သည်။

၂၀၁၁ မတ်လတွင် မြန်မာနိုင်ငံသည် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုနှင့်အတူ အစိုးရသစ်၊ လွှတ်တော်သစ်ဖြင့် လစ်ဘရယ်လိုက်ဖေးရှင်းကို Home Made စတိုင်လ်ဖြင့်စတင်သောအခါ ဝါရှင်တန်သည် စောင့်ကြည့်ဦးမည်ဟု လေသံပစ် လာသည်။ တိုက်ရိုက်ထိတွေ့ပက်သက်ရမည်ဟု ဆုံးဖြတ်ကာ အစိုးရသစ်လက်ထက်တွင် အမေရိကန်ပြည်ထောင်စုမှ အဆင့်မြင့်ဆုံးသော အရာရှိဖြစ်သော ဆီနိတ်တာ ဂျွန်မက်ကိန်း၏ လည်ပတ်မှုပေါ်ပေါက်လာသည်။ ယင်းမှာ ၂၁ ရာစု မြန်မာနိုင်ငံ၏အနေအထားမှာ မည်မျှအရေးကြီးသည်၊ မဟာဗျူဟာမြောက် အရေးပါသည်ကို ဝါရှင်တန် ဝန်ခံလိုက်ခြင်းဖြစ်သည်။

ထိုအခါ မြန်မာနိုင်ငံရေး မျက်နှာစာတွင် လူတိုင်းနီးပါးထုတ်ပြောလာသည့်အချက်မှာ ဆန်ရှင်ဖြစ်လာသည်။ ဆန်ရှင်ကိုထောက်ခံသူ၊ ကန့်ကွက်သူများ၏သဘောထားများ မြန်မာပြည်တွင်းမှ ထွက်ပေါ်လာသည်။ နိုင်ငံတစ်ကာမှ ပညာရှင်အများအပြားက ဆန်ရှင်ကိုရုတ်သိမ်းရန် အစီရင်ခံစာများထုတ်လာသည်။ ဆန်ရှင်ထားခြင်းသည် မြန်မာ့ဒီမိုကရေစီအရေး လှုပ်ရှားမှုကို အထောက်အပံ့မဖြစ်စေသည့်အပြင် ဘေးထွက်ဆိုးကျိုးများပေါ်ပေါက်ခဲ့သည်။ ပိုဆိုးသည်မှာ အမေရိကန်၏ ပြည်လည်စေ့စပ်ရေးမူဝါဒကို အကြီးအကျယ် အနှောက်အယှက်ပေးနေခြင်း ဖြစ်သည်ဟုဆိုသည်။ ဆန်ရှင်ရှိနေသမျှ ဝါရှင်တန် မြန်မာနှင့် ဆက်ဆံရေးကောင်းလာစေဖို့ ဘယ်လိုမှမဖြစ်နိုင်ဟု ထောက်ပြလာကြသည်။

ဆန်ရှင် ရုတ်ပေးရန် အာဆီယံ၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်တို့က ပြတ်ပြတ်သားသားပြောလာကြသည်။ အမေရိကန်ပြည်ထောင်စုက သူတို့တောင်းဆိုသည့်အချက်များ မပေါ်ပေါက်မချင်း ဆန်ရှင်ဆက်လက်ထားမည်ဟု ကြိမ်းဝါးထားသည်။ ထိုနေရာတွင် ဆန်ရှင်ရှိနေလည်း မြန်မာနိုင်ငံ၏ စီးပွားရေးတိုးတက်မှု၊ ပွင့်လင်းလာမှုသည် အရှိန်ကောင်းကောင်းဖြင့် ဆက်လက်ပေါ်ပေါက်နေမည်ဆိုသည့် အချက်ဖြစ်သည်။ သဘာဝတွင်းထွက်ပစ္စည်းရောင်းချမှု၊ နယ်စပ်ကုန်သွယ်ရေးနှင့် ဒေသတွင်းနိုင်ငံများနှင့် ကုန်သွယ်ရေး

ရင်းနှီးမြှုပ်နှံမှုများသည် အနောက်ကမ္ဘာ၏ ဆန်ရှင်ကို သရော်လှောင်ပြောင်နေသည်။ ဆန်ရှင်သည် နိုင်ငံရေး ရည်ရွယ်ချက်သက်သက်အဖြစ် အသုံးပြုနေသော လက်နက်ဖြစ်နေသဖြင့် အားလုံးက ခေါင်းခါလာကြတော့သည်။

ဖိအားပေးအကျပ်ကိုင်ပြီး အလိုရှိရာပြုပြင်ပြောင်းလဲမှုများလုပ်မည်ဟု ရည်မှန်းချက်ထားသော နည်းဗျူဟာသည် ဒီမိုကရေစီအင်အားစုများအကြားတွင်ပင် သဘောထားကွဲလွဲလာကြသည်။ ဆန်ရှင်သည် မည့်သည့်ပြောင်းလဲမှုမျှ အဆောင်ကျဉ်းနိုင်ငံသည့်အပြင် ပြည်တွင်းအမျိုးသား ရင်ကြားစေ့ရေး၊ စိတ်ဝမ်းကွဲမှုများ ပပျောက်ရေးအတွက် အကြီးမားဆုံးသော အနှောင့်အယှက် ဖြစ်နေသည်။

အာရှဒေသအတွင်း (အထူးသဖြင့် အာဆီယံဒေသအတွင်း) အမေရိကန်ပြည်ထောင်စု၏ အရေးပါမှုသည် ကျဆင်းလာခဲ့သည်။ ထိုကျဆင်းမှုသည် တရုတ်နိုင်ငံ၏ ကြီးထွားမှုနှင့် တိုက်ရိုက်အချိုးကျလာသည်။ အာဆီယံ၏ ပြန်မပြောနားမထောင်မှုသည် ဝါရှင်တန်ကို အခံရခက်လာစေသည်။ ထိုအချိန်တွင် ၂၀၁၄ ၌ အာဆီယံဥက္ကဋ္ဌရာထူး မြန်မာနိုင်ငံအလှည့်ကျ ထမ်းဆောင်တော့မည်ဆိုသည့်အခါ အမေရိကန်သည် အခြေအနေများကို ပြန်လည်တွက်ဆရမည့် အနေအထားကိုဆိုက်လာသည်။ ဝါရှင်တန်သည် သူ၏ပေါ်လစီများ အမြဲလိုလိုကျရှုံးခဲ့ရသည့် နိုင်ငံတစ်နိုင်ငံ အာဆီယံ၏ဥက္ကဋ္ဌတာဝန်ယူမည့်အချက်မှာ လည်ပင်းနင်နေသလို ခံစားနေရသည်။

လက်တွေ့တွင် မြန်မာနှင့်အမေရိကန်သည် လက်တွေ့ကျသော နွေးထွေးသောအကျိုးရှိသော ဆက်ဆံရေးကို မတည်ဆောက်ရသေးပေ။ ဝါရှင်တန်သည် သူဆက်တိုက်ဖောက်နေခဲ့သည့် သကြံန်အမြောက်များကြောင့် ထိုသို့ဖြစ်ရသည်ကို နားမလည်ခဲ့။ ဝါရှင်တန်နှင့်ဆက်ဆံရေး ပုံမှန်တည်ဆောက်မည်ဟု ၂၀၀၇ မှစတင်ပြီး မြန်မာဘက်က ကြိုးပမ်းစဉ်ကလည်း စွမ်းအင်လုံခြုံရေးနှင့် ပထဝီနိုင်ငံရေးကို ဟုတ်တိပတ်တိ မတွက်ချက်မိသေးသဖြင့် အခွင့်အလမ်းများကို လက်လွှတ်ခဲ့ရသည်။

အမေရိကန်ပြည်ထောင်စုအနေဖြင့် လုပ်စရာသည်တစ်ခုသာရှိသည်။ လက်တွေ့ကျသော ချဉ်းကပ်မှုဖြင့် မြန်မာနှင့်တိုက်ရိုက်ဆက်ဆံရေး ထူထောင်ရန်ဖြစ်သည်။ ကနဦးလုပ်ရမည်မှာ မြန်ာပြည်၏ ပကတိအပြောင်းအလဲများကို သံသယကင်းကင်း ကြိုဆိုရန်ဖြစ်ပြီး ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ရန်တွင် ပူးပေါင်းဆောင်ရွက်သွားဖို့ဖြစ်သည်။ ထို့နောက် နာမည်ဆိုးဖြင့် ကျော်ကြားနေသောဆန်ရှင်များကို ရုပ်သိမ်းပြီး မြန်မာနိုင်ငံကို တန်းတူရည်တူ မဟာမိတ်အဖြစ် ဆက်ဆံရန်ဖြစ်သည်။ ထိုအခါ ဒီမိုကရက်တိုက်ဖေးရှင်းသည် ပိုမိုမြန်ဆန်စွာ ပေါ်ပေါက်လာမည်ဖြစ်သည်။

ပညာရှင်များ၊ ဝေဖန်အကဲခတ်သူများ၏ တင်ပြချက်များကို ဝါရှင်တန်က နောက်ဆုံးနားထောင်လာရသည်။ ယင်းမှာ အိုစမာဘင်လာဒင်ဦးဆောင်သော အကြမ်းဖက်ကွန်ရက်ကိုတိုက်ဖျက်သည့် စစ်ပွဲငြိမ်သက်သွားချိန် နှစ်အတော်ကြာလက်လွှတ်ခဲ့ရသော အာရှဒေသတွင် ဖြစ်ပျက်ပြောင်းလဲမှုများသည် ဝါရှင်တန်၏အရေးပါမှုကို စိန်ခေါ်နေသည်ဟု တွက်ဆမိသွားပြီးနောက် မြန်မာအနေဖြင့် အာဆီယံဥက္ကဋ္ဌဖြစ်လာရန် ထောက်ခံခြင်း၊ နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်ကို မြန်မာပြည်သို့စေလွှတ်ပြီး လက်ရှိပြုပြင်ပြောင်းလဲမှုများကို

နောက်ပြန်မသွားရန်တိုက်တွန်းခြင်းနှင့် ဒီမိုကရက်တိုက်ဖေးရှင်း ဆက်လက်လုပ်ပါက ဝါရှင်တန်ကဖေးမကူညီမည်၊ ဆန်ရှင်များကိုလည်း အဆင့်လိုက်ဖယ်ရှားပေးသွားမည်ဟု ကတိပေးခဲ့သည်။

အေးစက်တင်းမာခဲ့သော ဆက်ဆံပြန်လည်ကောင်းမွန်လာသည်။ နှစ်နိုင်ငံ ပုံမှန်ဆက်ဆံရေး အဆင့်ရောက်အောင် ကြိုးစားလာကြသည်။

အန်ကယ်ဆမ် ပြန်လာပြီဖြစ်သည်။

## ၁၀။ အာဆီယံနှင့် မရှိမကောင်း ရှိမကောင်း

အာရှ-ပစိဖိတ်ဒေသတွင် တရုတ်ပြည် စီးပွားရေးနှင့် စစ်ရေးပါဝါကြီးအဖြစ် ပေါ်ထွက်လာမှုသည် အရှေ့တောင်အာရှ၏ မဟာဗျူဟာနှင့် စီးပွားရေးအနာဂတ်ကို တိုက်ရိုက်အကျိုးပြုသက်ရောက်မှု ဖြစ်လာစေသည်။ ၁၉၉၀ ပြည့်လွန်နှစ်များအတွင်း တရုတ်ပြည်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုများသည် ဒေသကြီးတစ်ခုလုံး၏ ပါဝါချိန်ခွင်လျှာကို အကြီးအကျယ် ပုံသဏ္ဍာန်ပြောင်းလဲစေလာသည်။ စီးပွားအရကြည့်လျှင် တရုတ်၏ ကြွယ်ဝတိုးပွားမှုသည် အခွင့်အလမ်းဖြစ်သလို စိန်ခေါ်မှုလည်းဖြစ်လာသည်။

လုံခြုံရေးကဏ္ဍတွင်လည်း တရုတ်ပြည်ကြီးထွားသန်စွမ်းလာမှု၊ တရုတ်စစ်တပ် တိုးချဲ့တည်ဆောက်မှုများသည် မဟာဗျူဟာကျကျ သြဇာလွှမ်းရန် လုပ်ဆောင်ခြင်းဖြစ်ကြောင်း ဒေသအတွင်းခံစားလာကြသည်။

အမေရိကန်ပြည်ထောင်စု၏ တစ်ကိုယ်တော်ဦးဆောင်မှုကို စိန်ခေါ်လာနေသော တရုတ်နိုင်ငံ၏အနေအထားကို အာရှနိုင်ငံများကရှုမြင်သည်မှာ စီးပွားရေးအရအပြန်အလှန် မှီခိုရမှု၊ အမေရိကန် အရိပ်အောက်မှကင်းလွတ်ရမှုနှင့် အာရှစံနှုန်းများကို မျှဝေခံစားရမှုတို့ဖြစ်ကြသည်။ အရှေ့တောင်အာရှတွင် တရုတ်၏သက်ရောက်မှု အနာဂတ်အခန်းကဏ္ဍသည် ဒေသတွင်းနိုင်ငံများနှင့်ဆက်ဆံရေးထက် အမေရိကန်ကို တိုက်ရိုက်စိန်ခေါ်နေသည်။ အာဆီယံနိုင်ငံများက တရုတ်ပြည်၏ဒေသတွင်း လုံခြုံရေးအခန်းကဏ္ဍကို စုပေါင်းတာဝန်ခံကြရတော့မည်။

အာဆီယံသည် တရုတ်ပြည်နှင့်ပတ်သက်ပါက နယ်မြေအငြင်းပွားမှုနှင့် စီးပွားရေးဆိုင်ရာများတွင် ထိပ်တိုက်ရင်ဆိုင်သည့်နည်းမျိုးဖြင့် ရင်ဆိုင်မှုများပြုလုပ်လိုသော်လည်း တရုတ်အမျိုးသားရေးဝါဒနှင့် အိမ်နီးချင်းများအပေါ်ရန်လိုမှုမြင့်တက်လာမည်ကို စိုးရိမ်ထိတ်လန့်သောကြောင့် ယင်းပေါ်လစီကို တတ်နိုင်သမျှ ရှောင်ကျဉ်လိုသည်။ ထို့အပြင် တရုတ်စီးပွားရေး တိုးတက်မှုမှရလာနိုင်မည့် အကျိုးအမြတ်များကိုလည်း အာဆီယံကလက်လွှတ်မခံချင်ပေ။

တရုတ်ပြည်အနေနှင့် နယ်မြေတိုးချဲ့ကျူးကျော်မှုများမလုပ်သေးသရွေ့ အာဆီယံဒေသသည် တရုတ်ကို လက်ခံထားမည်ဖြစ်ပြီး အမေရိကန်၏ တရုတ်ကိုကြိုးတုတ်ထားရေးကွန်တိန်းမန့် ပေါ်လစီကို ဆန့်ကျင်ကြမည်ဖြစ်သည်။ ထို့အပြင် အာဆီယံနိုင်ငံများသည် တရုတ်နှင့်အတူတူလေ့ကျင့်ခံရင်း ပါတနာအဖြစ်

တွဲဖက်ကြမည်ဖြစ်သည်။ ယင်းရှုမြင်ချက်သည် လက်တွေ့တွင်လည်း အလုပ်ဖြစ်နေပြီး နှစ်ဦးနှစ်ဖက် အကျိုးစီးပွားဆိုင်ရာ ဆန္ဒများလည်းပြည့်သည်။

အာဆီယံသည် တရုတ်ကိုလိုအပ်သလို တရုတ်သည်လည်း ကမ္ဘာ့အင်အားကြီး စူပါပါဝါနိုင်ငံအဆင့် ရောက်နိုင်ရန် အာဆီယံကိုလည်း အပြန်အလှန်လိုအပ်နေသည်။ တောင်တရုတ်ပင်လယ်အတွင်း နယ်မြေပိုင်နက် အငြင်းပွားမှုများဖြင့် အာဆီယံအပေါ် ဖိအားများတိုးလာပြီး အမေရိကန်လိုလားသောအုပ်စုများ ခေါင်းထောင်လာချိန်တွင် အာဆီယံဒေသသည် ဘေဂျင်းအတွက် လုံခြုံစိတ်ချရမှုရှိ၊ မရှိ၊ အပြန်အလှန်အကျိုးရှိ၊ မရှိဆိုသည့် တရုတ်၏ရှုမြင်မှုကို ပြန်လည်စစ်ကြောရန် လိုအပ်လာသည်။

တရုတ်အစိုးရက အာဆီယံနှင့်ရန်ဖြစ်ပါက အရှေ့တောင်အာရှနိုင်ငံများ ဂျပန်-အမေရိကန်တို့နှင့် တွဲခုတ်သွားမည်ကိုစိုးရိမ်သည်။ ယင်းရှုမြင်ချက်များက အာဆီယံနိုင်ငံများအား စုစည်းညီညွတ်ရန်၊ တရုတ်နှင့်လက်တွဲပြီး လုံခြုံရေးနှင့် စီးပွားရေးကိုပူးပေါင်းစေရန် ကမ်းလှမ်းချက်များ ဖြစ်လာနေသည်။

အာရှဒေသအတွင်း အာဆီယံနိုင်ငံများ တရုတ်နှင့်အာဏာချိန်ခွင်လျှာ ထိန်းညှိကစားမလား၊ တရုတ်နှင့်လက်ချင်းချိတ်ကာ အမေရိကန်ကိုဆန့်ကျင်မလားဆိုသည့် ခန့်မှန်းတွက်ဆမှုများသည် မှားယွင်းမှုဆီသို့သာ ဦးတည်နိုင်ပါသည်။ အာဆီယံနိုင်ငံများ လုပ်ဆောင်သင့်သည်မှာ အာဆီယံဘုံရပ်တည်ချက်ကိုရှာဖွေကာ တရုတ်နိုင်ငံအဆမတန်ကြီးထွားလာမှုနှင့် စိန်ခေါ်မှုများကို ဟန်ချက်ညီညီ လက်တွဲဖြေရှင်းခြင်းသာ ဖြစ်သည်။

စစ်အေးခေတ်အတွင်း အင်ဒိုနီးရှား၊ မလေးရှားတို့သည် ပြည်တွင်းရေးအခြေအနေများကြောင့် မဟာတရုတ်ပြည်ကြီးသည် ထိုင်းနှင့်စင်ကာပူထက် ၎င်းတို့အပေါ် အကြီးအကျယ်ခြိမ်းခြောက်နေသည်ဟု ခံစားခဲ့ကြသည်။ ထိုင်းနှင့်စင်ကာပူတို့မူ ဗီယက်နမ်သည် ၎င်းတို့၏ ခြိမ်းခြောက်မှုဟု ရှုမြင်ခဲ့ကြသည်။ ယခုမူ မလေးရှားနှင့်ထိုင်းတို့က တရုတ်ပြည်သည် ၎င်းတို့အတွက် ပိုမိုအကျိုးပြုသည်ဟု သဘောထားလာသည်။ သို့သော် ဖိလစ်ပိုင်သည် တောင်တရုတ်ပင်လယ်ပြင်အတွင်း နယ်မြေပိုင်ဆိုင်မှုဆိုင်ရာနှင့် ပတ်သက်ပြီး တရုတ်သည် ၎င်းတို့ကို တိုက်ရိုက်စိန်ခေါ်နေသည်ဟု ယူဆလာကြသည်။

ယင်းအခြေအနေများသည် အာဆီယံ-တရုတ်ဆက်ဆံရေးတွင် ပုံမှန်တသားတည်းဖြစ်ရန် အခက်အခဲများဖြစ်လာစေသည်။ အာဆီယံနိုင်ငံများသည် တရုတ်အပေါ် ရှုမြင်ရာတွင် ဝိရောဓိများရှိသည်။ စီးပွားရေးအရဆိုလျှင် တရုတ်အောင်မြင်ကြီးပွားလာမှုမှာ ခြိမ်းခြောက်မှုနှင့် အခွင့်အလမ်း ၂ ခုစလုံး ရောထွေးနေပြီး မဟာဗျူဟာအရဆိုလျှင် တရုတ်နှင့် ခပ်ခွာခွာနေခြင်းထက် နီးနီးကပ်ကပ်ပတ်သက်မှုသည် အလုပ်ဖြစ်သည်ဟုခံယူသည်။

အာဆီယံနိုင်ငံများသည် ယင်းအနေအထားများကို ထိန်းညှိရန် အမေရိကန်နှင့်စစ်ရေး၊ ကာကွယ်ရေး ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်ပြီး အဆိုပါကွန်ယက်အတွင်းသို့ အိန္ဒိယကိုပါ ဆွဲသွင်းလာခဲ့သည်။ အစဉ်လာအားဖြင့် တရုတ်နှင့်အာဆီယံဆက်ဆံရေးသည် ပထဝီအနေအထား၊ ပြည်တွင်းလူမျိုးစုနှင့် နိုင်ငံရေးဒိုင်းနမစ်များ၊ စစ်အေးခေတ် အိုင်ဒီရောလော်ဂျီနှင့် ပထဝီနိုင်ငံရေးတို့ဖြင့် လွှမ်းခြုံနေလေ့ရှိသည်။

တရုတ်သည် စစ်အေးခေတ်ကုန်ပိုင်းတွင် ဒေသတွင်းရှိ ကွန်မြူနစ်သောင်းကျန်းမှုများကို ငွေအား၊ လက်နက်အား၊ အတွေးခေါ်အားဖြင့် ပံ့အောထောက်ခံခဲ့သည်။ ယင်းအခြေခံသည်

ကွန်မြူနစ်ဆန့်ကျင်ရေးအများစုဖြစ်သော အာဆီယံနိုင်ငံများအပေါ် အပျက်သဘောမြင်စေသည်။ စစ်အေးခေတ်ပြီးဆုံးသွားမှုသည် ဒေသတွင်းဆက်ဆံရေးတွင် အဖုအထစ်များရှိနေဆဲဖြစ်ပြီး တောင်တရုတ်ပင်လယ်တွင်း ပဋိပက္ခသည် ပိုမိုနက်ရှိုင်းလာသည်။ အမေရိကန်၏ ကျောထောက်နောက်ခံအပြည့်ကိုရရှိထားသည့် ထိုင်ဝမ်ကျွန်းနှင့် ပတ်သက်ပြီး တရုတ်တို့ခံစားချက်မကောင်းသည့်အချိန် အာဆီယံနိုင်ငံများသည် အမေရိကန်စစ်သင်္ဘောများနှင့်အတူ တောင်တရုတ်ပင်လယ်အတွင်း ဟန်းနီးမွန်းခရီးများ မကြာခဏထွက်ကာ ဘေဂျင်း၏ တဖွတ်ထိုးနိုင်မှုကို ဇက်ကြိုးသတ်ဖို့ မကြာခဏဆိုသလို သတိပေးနေရသည်။

သို့သော် စက်တင်ဘာ ၁၁ တိုက်ခိုက်မှုနောက်ပိုင်း အကြမ်းဖက်မှုတိုက်ဖျက်ရေးစစ်ပွဲဖြင့် အမေရိကန်ပြည်ထောင်စုသည် အရှေ့အလယ်ပိုင်းနှင့် ဗဟိုအာရှတွင် အလုပ်များနေချိန် တရုတ်-အာဆီယံ ဆက်ဆံရေးအပေါ် အချိန်ပေးကြည့်ရှုဖို့ပျက်ကွက်ခဲ့သည်။ ပိုဆိုးသည်မှာ ၂၀၀၈ အမေရိကန်စီးပွားရေး ထိုင်းမှိုင်းမှုနှင့် ၂၀၁၁ အမေရိကန်အစိုးရဒေဝါလီခံရတော့မည့်အခြေအနေများက အန်ကယ်ဆမ်ကို သူ့အပူနှင့်သူရှိနေစေခဲ့သည်။

## ၁၁။ လူလယ်အာရှသား

တရုတ်နိုင်ငံသည် အရှေ့တောင်အာရှဒေသတွင်း၌ ဗျူဟာမြောက်လွှမ်းမိုးမှုများ တိုးမြှင့်လုပ်ကိုင်လာနေသည်ဟု လေ့လာသူများက သတိပေးလာကြသည်။ အမေရိကန်ပညာရှင်တစ်ဦးကမူ တရုတ်သည် သူ၏ပတ်ဝန်းကျင် နိုင်ငံများနှင့် ဆက်ဆံရေးတိုးတက်လာနေသည်ဟု မှတ်ချက်ပြုခဲ့သည်။ အာဆီယံ-တရုတ် လွတ်လပ်စွာကုန်သွယ်မှုဖုံထူထောင်ခြင်း၊ ဒေါ်လာ ၂ ဒသမ ၅ ဘီလျံတန်ဖိုးရှိ စင်ကာပူ-ကူမင်း မီးရထားလမ်းကြောင်း ဖောက်လုပ်ခြင်းများသည် တရုတ်ကြီး ကြီးထွားလာနေသည်ကို အကိုးအကားဖြင့် စောဒကတက်ကြသည်။

တရုတ်နှင့် အာဆီယံတစ်ခုလုံး ဆက်ဆံမှုအပေါ် အိန္ဒိယကမကြောင့်ကြသော်လည်း အာဆီယံနိုင်ငံသို့ ၁၉၉၇ နောက်ပိုင်း ဝင်ခွင့်ရခဲ့သည့် နိုင်ငံသစ်များနှင့် တရုတ်ပလူးပလဲလုပ်နေခြင်းသည် တရုတ်ကသူ၏ မဟာအင်အားကြီးမားမှု ကြွက်သားများကို ညှစ်ပြနေခြင်းဟု အိန္ဒိယကခံစားနေသည်။ ယင်းမှာ တရုတ်သည် သူ၏နိုင်ငံ အစွန်အဖျားဒေသများကို ဗဟိုထားနေသည်ဟု နယူးဒေလီက ယူဆထားသည်။

တရုတ်၏ ဒေသတွင်းလွှမ်းမိုးမှုမှာ စီးပွားရေးဖွံ့ဖြိုးမှုအပေါ် ဖိုးကပ်စ်ထားခြင်းဟု ဘေဂျင်းက မကြာခဏပြောဆိုပြီး နယ်နမိတ်ခြင်းထိစပ်နေသော အိမ်နီးချင်းများနှင့် နယ်စပ်ရေးရာ အငြင်းပွားမှုများကို ဘေးဖယ်ထားကာ ဘုံရည်မှန်းချက်တူ လုံခြုံရေးဆိုင်ရာ သဘောထားသစ်တစ်ရပ်ကို ဆွဲထုတ်လာခြင်း ဖြစ်သည်ဟု ဝေဖန်သူများကထောက်ပြကြသည်။ စီးပွားရေးအရ အဖက်ဖက်မှသာလွန်ပြီး ချမ်းသာလာပါက တရုတ်မည်သည့်ခြေလှမ်းများ လှမ်းမည်နည်းဆိုသည်မှာ မည်သူမျှ သံသယမရှိကြတော့။ ယင်းမှာ စစ်ရေးနှင့်လုံခြုံရေးဆိုင်ရာ ဗျူဟာမြောက် လွှမ်းမိုးရန်ဖြစ်သည် ဆိုသည့်အချက်ဖြစ်သည်။

ထိုင်ဝမ်အရေး ဖြေရှင်းပြီးစီးပါက တရုတ်သည် တောင်တရုတ်ပင်လယ်သို့ ခြေဦးလှည့်မည်ကို လူတိုင်းသိနေသည်။ ၂၀၀၂ ခုနှစ် ပင်တဂွန်မှထုတ်ပြန်သော အစီရင်ခံစာတစ်ရပ်က တရုတ်သည် သူ၏စစ်တပ်ကို တိုးချဲ့ပြီးခေတ်မီအောင် အစွမ်းကုန်ပြင်ဆင်နေရသည့် အဓိကရည်မှန်းချက်မှာ ထိုင်ဝမ်အရေး ပိုမိုရှုပ်ထွေးလာပါက

အင်အားသုံးရန်နှင့် ထိုင်ဝမ်ရေလက်ကြား၌ အမေရိကန်စစ်ပုလိပ်လုပ်နေမှုကို အာခံတန်ပြန်ရန်ဖြစ်သည်ဟု ဆိုသည်။

တရုတ်၏ အရှေ့တောင်အာရှဆိုင်ရာ စစ်ရေးစွမ်းဆောင်နိုင်မှုသည် အကန့်အသတ်ရှိသည်။ တောင်တရုတ်ပင်လယ်ပြင်အတွင်း ရေတပ်များကိုတိုးချဲ့ခြင်း၊ ရေပိုင်နက်ကို စိုးမိုးနိုင်ရေးပြင်ဆင်ခြင်းနှင့် တောင်တရုတ်ပင်လယ်ပြင်အတွင်း ကျွန်းများပိုင်ဆိုင်ရေး၊ ဖိလစ်ပိုင်၊ ဗီယက်နမ်တို့နှင့် အငြင်းပွားခြင်းများသည် ဆက်တိုက်ဆိုသလို ပေါ်ပေါက်လာသည်။ သို့သော် လေယာဉ်တင်သင်္ဘောကြီးများပိုင်ဆိုင်မှု သိပ်မရှိသေးသဖြင့် တရုတ်စစ်ရေးသည် အကန့်အသတ်အတွင်းမှာသာ ရှိနေဆဲဖြစ်သည်။ ရေငုတ်သင်္ဘောကိုသာ တရုတ်တို့က အာရုံစိုက်သည်။ တရုတ်သည် အငြင်းပွားဖွယ်ဖြစ်နေသော ပင်လယ်အတွင်းက ကျွန်းများကို အချိန်မရွေး သိမ်းပိုက်လိုက်နိုင်သည့် အနေအထားမှာရှိသော်လည်း ဆက်လက်ထိန်းသိမ်းရေးမှာမူ ပြဿနာတစ်ရပ် ဖြစ်လာနိုင်သည်။

တရုတ်-အာဆီယံဆက်ဆံရေးများသည် အဖုအထစ်များရှိနေသော်လည်း တိုးတက်မှုများလည်း ရှိနေသည်သာဖြစ်သည်။ ယင်းမှာ နယ်စပ်ခြင်းထိနေသော အိမ်နီးချင်းများနှင့် နီးကပ်သောဆက်ဆံမှုနှင့် အမောက်ထောင်ပြသော ကြီးဆိုးမှုကို ဟန်မပျက်ထိန်းထားခြင်းဖြစ်သည်။ ယင်းသည် မဟာအင်အားကြီး တရုတ်နှင့် အုပ်စုဖွဲ့အာဆီယံကြား ရောထွေးမှုများပါဝင်သည့် ပူးပေါင်းရင်းယှဉ်ပြိုင်ကြသည့် အယူအဆဖြစ်သည်။

ခေတ်အဆက်ဆက် ဒေသတွင်းအကျိုးရှိခဲ့သည်မှာ ထိုင်းနိုင်ငံဖြစ်သည်။ ဒုတိယကမ္ဘာစစ်ကာလအတွင်းမှ ယနေ့အချိန်ထိ ထိုင်းနိုင်ငံသည် ကမ္ဘာ့အင်အားကြီးနိုင်ငံတိုင်းနှင့် အဆင်ပြေအောင်ဆက်ဆံပြီး သူ့နိုင်ငံကြီးပွားရေးနှင့် အခွင့်အလမ်းမှန်သျှ အရယူရေးသည်ဒေသတွင်း အထိအခိုက်အပွန်းအပဲ့ သိပ်မရှိဘဲ ရပ်တည်နိုင်ခဲ့သည်။

ဒုတိယကမ္ဘာစစ်အတွင်း ဗြိတိသျှဦးဆောင်သော မဟာမိတ်အင်အားစုကို သူ့မြေပေါ် ခြေကုတ်ယူခွင့်ပေးခဲ့သလို ဂျပန်တို့ အရှေ့တောင်အာရှကျူးကျော်ရေးတွင်လည်း လည်ပင်းဖက်ပေါင်းခဲ့သည်။ စစ်အေးခေတ်တွင် အမေရိကန်ထီးရိပ်ကိုခိုကာ ကွန်မြူနစ်အဖိတ်အစင်များကို ဆန့်ကျင်ခဲ့သည်။ တရုတ်ပြည်ကဒေသတွင်း ကွန်မြူနစ် အင်အားစုများကို လက်နက်အား၊ ငွေအားဖြင့်ထောက်ပံ့ခဲ့သည့်အချိန် ထိုင်းကွန်မြူနစ်များ၏ သောင်းကျန်းမှုကို ရင်ဆိုင်ခဲ့ရသော်လည်း အခြေအနေကို ဟန်မပျက် ထိန်းသိမ်းထားနိုင်ခဲ့သည်။ ထို့အပြင် မြန်မာနိုင်ငံဘက်မှ ပြည်တွင်းစစ်နှင့် ကွန်မြူနစ်သောင်းကျန်းမှု စစ်ပွဲများကြောင့် လက်နက်နှင့် မူးယစ်ဆေး၊ ကျွန်းသစ်ထုတ်လုပ်ရေးများတွင် အကြီးအကျယ်အမြတ်အစွန်းရခဲ့ပြီး စစ်မီးတောက်နေသော အိမ်နီးချင်းများအကြား အရှေ့တောင်အာရှ၏ ပါရာဒိုက်စ်ကို ဖန်ဆင်းနိုင်ခဲ့သည်။

စစ်ရေးခေတ်ကုန်သည့်အခါ ထိုင်းနိုင်ငံသည် မြန်မာ-တရုတ်တို့နှင့် ကုန်သွယ်မှုကို အဓိကထားလာသည်။ စစ်တလင်းကို ဈေးဗန်းခင်းမည့်စီမံကိန်းများဖြင့် ဂလိုဘယ်လမ်းကြောင်းပေါ် ခွန်ထိုင်းတို့ပျော်ပျော်ကြီး တက်လာခဲ့သည်။ နိုင်ငံတကာကုမ္ပဏီများ၊ ရင်းနှီးမြှုပ်နှံမှုများသည် ထိုင်းနိုင်ငံသို့ အလုံးအရင်းဖြင့် စီးဝင်လာပြီး နိုင်ငံတစ်ကာသို့ အလုံးအရင်းဖြင့် စီးဝင်လာပြီး နိုင်ငံတကာသို့ ဆန်စပါးနှင့် ရေထွက်ပစ္စည်းများ အဓိကတင်ပို့သောနိုင်ငံဖြစ်လာသည်။

မြန်မာ့ရေပိုင်နက်အတွင်းမှ ရေထွက်ပစ္စည်းများနှင့် ကျွန်းသစ်ထုတ်လုပ်ရေးအပါအဝင် ကုန်ကြမ်းပစ္စည်းများ ထိုင်းလက်တွင်းသို့သာရောက်ရသည်။ မြန်မာနိုင်ငံသည် ၁၉၈၈ မှစတင်ကာ

တံခါးဖွင့်ဈေးကွက်စီးပွားရေး စနစ်ကို စတင်ကျင့်သုံးသောအခါ ထိုင်းသည်ဖွံ့ဖြိုးမှု အကျိုးအမြတ်ထွက်ခဲ့သည်သာ ဖြစ်သည်။ ထိုင်း၏ မြန်မာနိုင်ငံအပေါ်ထားသော နိုင်ငံခြားရေးနှင့် စီးပွားရေးမူဝါဒအပေါ် တရုတ်နိုင်ငံ၏ အိုင်ဒီရော်လော်ဂျီများ လွှမ်းမိုးမှုအတော်အတန်ရှိလာသည်။

မြန်မာဒီမိုကရေစီရေးလှုပ်ရှားမှုကို အားပေးသည်လည်း လက်တွေ့တွင် မြန်မာပြည်က အုပ်ချုပ်သူအစိုးရများနှင့် နီးနီးကပ်ကပ်နေထိုင်သည်။ ထိုင်းနိုင်ငံသည် အမေရိကန်ပြည်ထောင်စု၏ နေတိုးပြင်ပမှ မဟာဗျူဟာမြောက် နိုင်ငံတစ်နိုင်ငံဖြစ်လာသည်ဟု ၂၀၀၄ တွင် သမ္မတဘုရှ်က ကြေငြာခဲ့သဖြင့် ထိုင်းနိုင်ငံ၏ ကစားကွက်မှာ ရှေ့ခံနောက်ခံအင်အား အပြည့်အစုံဖြစ်လာသည်။

ထိုင်းပြည်တွင်းရေး မငြိမ်သက်မှုများသည် ထိုင်နိုင်ငံကို စင်ကာပူကဲ့သို့ ထိပ်တန်းနိုင်ငံအနေအထားသို့ ရောက်အောင် မဆောင်ရွက်နိုင်ခဲ့ပေ။ နောက်ထပ်တစ်ချက်မှာ ထိုင်းနိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ်နှင့် ပညာသည် အရှေ့တောင်အာရှကို မဖြန့်ကျက်နိုင်သည့် ဒရွတ်ဆွဲမှုများရှိနေခြင်းဖြစ်သည်။

ဘုရင်စနစ်နှင့်အတူ မတည်ငြိမ်သော ပါလီမန်ဒီမိုကရေစီအောက် ထိုင်းပြည်သူတို့သည် ဒီမိုကရေစီဝတ်စုံကို အပေါ်ယံဟန်ပြသာ ဝတ်ဆင်နေရသည်။ ထိုင်းသည် ဒီမိုကရေစီမျက်နှာချေကို သုတ်လိမ်းထားရသည်မှာ ထိုင်းစစ်တပ်၏နိုင်ငံရေးထဲ ထဲထဲဝင်ဝင်ပတ်သက်မှု၊ ခြစားမှု၊ အကျင့်ပျက်မှုနှင့် မပီပြင်သောအရပ်သားအုပ်ချုပ်မှုသည် ထိုင်းနိုင်ငံကို ရှေ့ဆက်မတိုးနိုင်စေရန် ဖန်တီးပေးထားသည်။ ၂၁ ရာစုတွင် ထိုင်းနိုင်ငံသည် အနောက်ကမ္ဘာ၏ စီးပွားရေးလက်ဝေခံ အဆင့်မှာသာရှိပြီး ကြီးပွားတိုးတက်မှုမှန်သမျှသည် အနောက်နိုင်ငံများ၏ကုမ္ပဏီများလက်ထဲတွင်သာ ရှိသည်။

၁၉၉၇ အာရှစီးပွားရေး ကသောင်းကနင်းဖြစ်မှုသည် ထမင်းစားသော ထိုင်းလူမျိုးများ ဟမ်ဘာဂါကိုက်ကာ လည်ပင်းနင်ရသည့်အဖြစ်ကို ရောက်ခဲ့သည်။ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုကုမ္ပဏီများ ဝုန်းခနဲထွက်ခွာသွားသည့်အခါ ဘန်ကောက်မြို့တော်၏ ဝေါလ်လမ်းမသည် ဟာလာဟင်းလင်းဖြစ်ကျန်ခဲ့သည်။ ထိုအခြေအနေကိုကျော်လွှန်နိုင်ရန်နှင့် ကြီးပွားချမ်းသာရန်အတွက် ဘီလျံသူဌေးကြီး ထဆင်ရှင်နာဝပ်သည် ထိုင်းနိုင်ငံ၏ပထမဆုံးသော ညွန့်ပေါင်းမဖွဲ့ရဘဲ လွတ်လွတ်ကျွတ်ကျွတ်နိုင်သည့် ဝန်ကြီးချုပ်ဖြစ်လာသည်။

ချမ်းသာသော ဘီလျံနာအုပ်ချုပ်သည့်တိုင်းပြည်သည်ချမ်းသာမည်ဟု ထိုင်းနိုင်ငံသားတို့က ယုံကြည်ခဲ့ကြသည်။ ၂၀၀၆ တွင် ထဆင် ဒုတိယအကြိမ်မြောက်ရွေးကောက်ပွဲများ အနိုင်ရရှိသောအခါ ဘုရင့်သြဇာနှင့် စစ်တပ်ကို စိန်ခေါ်မှုများကို စိုးရိမ်လာသဖြင့် ထိုင်းစစ်တပ်က အာဏာသိမ်းလိုက်သည်။ ရွေးကောက်ပွဲများ ပြုလုပ်ခဲ့ပြီး အနိုင်ရခဲ့သောပါတီသည် ထဆင်သြဇာခံများဖြစ်သဖြင့် ဥပဒေမျိုးစုံကို ကလေးဆန်ဆန်ထုတ်ပြန်ကာ ကန့်သတ်ပိတ်ပင်ပြီး စစ်တပ်ကျောထောက်နောက်ခံ ဒီမိုကရက်ပါတီကို အုပ်ချုပ်စေသည်။

၂၀၁၁ တွင် ထဆင်၏ညီမ ယင်းလတ်ရှင်နာဝပ်သည် ရွေးကောက်ပွဲများကိုအနိုင်ရခဲ့သည်။ ယင်းသည် ထိုင်းနိုင်ငံရေး ကသောင်းကနင်းဖြစ်မှုကို ဆက်လက်ဖိတ်ခေါ်နေခြင်းသာ ဖြစ်သည်။ ထိုင်းပြည်တွင်းရေးအခြေအနေသည် ထိုင်းနိုင်ငံ၏ဒေသတွင်း ဆက်ဆံရေးအပေါ် များစွာရောက်ပြန်ဟပ်နေသည်။ ကြီးပွားတိုးတက်လိုသော ထိုင်းနိုင်ငံသားတို့၏ အိပ်မက်ကိုဖြည့်ဆည်းရန် အမြတ်အစွန်းရမည့် အလုပ်မှန်သမျှကို လုပ်ဆောင်မည်ဖြစ်သည်။ ထိုင်း၏ အနာဂတ်မျှော်မှန်းချက်သည် မြန်မာနိုင်ငံဖြစ်လာသည်။ အမေရိကန်နှင့်

တရုတ်-အိန္ဒိယတို့ စူပါ ပါဝါလုပွဲတွင် ဟိုဘက်ဒီဘက်ကူးလူးထိုင်ရင်း ရှိသမျှအကျိုးအမြတ်ကို ထုတ်ယူရန်ဖြစ်သည်။

ထားဝယ်ရေနက်ဆိပ်ကမ်းသည် ၂၁ ရာစု ခွန်ထိုင်းတို့၏ ကြီးပွားချမ်းသာရေး မဟာဗျူဟာမြောက် အိပ်မက်ကြီးဖြစ်လာသည်။ မြန်မာနှင့်လက်တွဲပြီး လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်နှင့် မလေးရှားတို့အပေါ် ကုန်သွယ်ရေး၌ အသာစီးယူနိုင်မည့် အခွင့်အလမ်းကိုရတော့မည် ဖြစ်သည်။ လုံခြုံရေးတွင် အန်ကယ်ဆမ်၏နေရာကို မည်သူမျှအစားထိုးမှု မရှိမချင်း အန်ကယ်ဆမ်နှင့်အတူ ဒင်နာပွဲကိုတည်ခင်းမည်သာ ဖြစ်သည်။ ယင်းမှာ ထိုင်း၏ အနာဂတ်အလားအလာ မျှော်မှန်းချက်ဖြစ်သည်။ ထိုင်းနိုင်ငံသည် မြန်မာပြည်သားများကို ပြောလေ့ရှိသည့်စကားတစ်ခု ရှိသည်။ ယင်းမှာ You don't need Democracy ဖြစ်သည်။ ဒီမိုကရေစီမလိုအပ်၊ စီးပွားရေးအတူတူလုပ်မည်၊ ခွန်ထိုင်းတို့အကျိုးခံစားမည်ဖြစ်သည်ဆိုသော အမြင်ဖြစ်သည်။

ထားဝယ်သည် အာရှ၏ ဒုတိယစင်ကာပူဖြစ်လာပါက ထိုင်းတို့အကြီးအကျယ် ပျော်ရွှင်ကြမည်ဖြစ်သည်။ ရေနံ၊ သဘာဝဓာတ်ငွေ့၊ သစ်၊ ပင်လယ်ရေထွက်ပစ္စည်းစသော သယံဇာတများအပြင် ရေနက်ဆိပ်ကမ်းမှ ကုန်သွယ်ရေးနှင့် ဆားဗစ်များသည် ထိုင်းတို့အတွက် ကြီးပွားချမ်းသာရေး အိပ်မက်ကြီးဖြစ်သောကြောင့် ဖြစ်သည်။ ၂၀၁၀ နောက်ပိုင်း မြန်မာနိုင်ငံသားများအပေါ် ခွန်ထိုင်းတို့အပြုသဘော ဆက်ဆံလာကြသည်။ ဖောက်သည်အဖြစ် ရှုမြင်လာကြသည်။ မြန်မာအလုပ်သမား ၃ သန်းနီးပါး ပြည်တော်ပြန်သွားပါက ထိုင်းစီးပွားရေး အကြီးအကျယ်ဒုက္ခရောက်မည်။ ထို့ကြောင့် မြန်မာအလုပ်သမားများနှင့်အတူ ထိုင်းစီးပွားရေး လုပ်ငန်းများ မြန်မာပြည်သို့ လိုက်လံရွှေ့မည်မျှော်မှန်းသည်။ လက်ရှိတွင် ခွန်ထိုင်းတို့ အနာဂတ်အတွက် ရင်ခုန်ပျော်ရွှင်နေကြသည်။

## အပိုင်း ( ၂ )

### မဟာတံတိုင်းပေါ်က နဂါးကြီး

ကမ္ဘာ့ပုံစံအသစ်ရေးမည့် တရုတ်နှင့်အိန္ဒိယတို့ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး ကြေငြာလိုက်ခြင်းသည် အင်အားကြီးနိုင်ငံအဖြစ်ရောက်လာမည့် အိန္ဒိယမျှော်မှန်းချက်ကို အနီးကပ်ကြိုးတုပ်ရန်ပြင်ဆင်သည့် ခြေလှမ်းတစ်ခုဖြစ်သည်။ ဝါရှင်တန်၏ ကျောထောက်နောက်ခံပေးမှုသာမရရှိပါက နယူးဒေလီသည် ဘေဂျင်း၏ဗျူဟာအောက်သို့ ဒလိမ့်ခေါက်ကွေးပြုတ်ကျသွားဖွယ် ရှိနေသည်။

၂၀၀၅ မေလတွင် တရုတ်နှင့်အိန္ဒိယသည် မဟာဗျူဟာမြောက် ပါတနာများအဖြစ် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၀၆ ဇန်နဝါရီတွင် စွမ်းအင်ပူးပေါင်းမှုဆိုင်ရာ၊ ၂၀၀၆ မေတွင် စစ်ရေးပူးပေါင်းမှုဆိုင်ရာတို့ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ အဆိုပါဖြစ်ရပ်များသည် တစ်ဦးကတစ်ဦးကို နောက်ကျောဓားဖြင့်ထိုးရန်၊ ပူးသတ်ရန် လမ်းခင်းနေကြသည်ဟု ဝေဖန်သံများလည်း ရှိလာခဲ့သည်။

အိန္ဒိယကို အနီးကပ်တုတ်နှောင်ရန် လုပ်ဆောင်သည်ဟု တရုတ်ကိုစွပ်စွဲသလို တရုတ်ကလည်း အမေရိကန်တို့သည် တရုတ်တို့၏ခြေလက်များကိုတုတ်နှောင်ရန် အိန္ဒိယကိုလက်သပ်မွေးသည်ဟု ယူဆနေကြသည်။ တရုတ်ပြည်ဆိုင်ရာ အမေရိကန်တို့၏ ပေါ်လစီမှာ တရုတ်တို့အဖက်ဖက်မှာ အင်အားကြီးလာမှုကို နည်းလမ်းမျိုးစုံသုံးကာ ထိန်းချုပ်ကြိုးတုတ်ရန်နှင့် ကမ္ဘာ့ဇာတ်ခုံတွင် တရုတ်တို့တာဝန်ယူမှုရှိသော၊ အပြုသဘောဆောင်သော အခန်းကဏ္ဍတွင်ရှိနေစေဖို့ ပုံသွင်းယူရန်ဆိုသည့် အကြောင်းအရာ ၂ ချက်အပေါ်တွင် အခြေခံချမှတ်ထားသည်။

တရုတ်တို့ကို မလှုပ်သာမရှားသာ ဖြစ်စေရန်ဆိုသည့် ဝါရှင်တန်အိပ်မက်ကို ဖျက်လိုဖျက်ဆီးလုပ်ရန် တရုတ်သည် အိန္ဒိယနှင့် ပူးပေါင်းဆောင်ရွက်မှုကိုလုပ်ရင်း အန်ကယ်ဆမ်ကို အချိန်ကျလျှင် ပြောင်ကျကျစိန်ခေါ်ရန် ပြင်ဆင်လာကြသည်။ ၁၉၅ဝ တွင် လွတ်လပ်သောနိုင်ငံသစ်များအဖြစ် အသီးသီးထွက်ပေါ်လာခဲ့သော တရုတ်၊ အိန္ဒိယနှင့်မြန်မာတို့သည် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး ၅ ချက်ကို ချမှတ်နိုင်ခဲ့သည်။ ဝန်ကြီးချုပ် နေရူး၏ ဆော်ဩမှုအောက် အိန္ဒိယတိုက်သားတို့က ဟင်ဒီ-ချီနီ ဘိုင်ဘိုင်(အိန္ဒိယ-တရုတ် ညီရင်းအစ်ကို) ကြွေးကြော်သံကို အော်ဟစ်စေခဲ့သည်။ သို့သော် နှစ်နိုင်ငံနယ်စပ်နယ်နမိတ် သတ်မှတ်ရေးဆိုင်ရာ အငြင်းပွားမှု ဖြစ်လာခဲ့သည်။

၁၉၁၄ တွင်ဗြိတိသျှကိုလိုနီအစိုးရချမှတ်ခဲ့သည့် McMahon Line နှင့်ပတ်သက်ပြီးတိဘက်ဒေသနှင့် အိန္ဒိယမြောက်ပိုင်းနယ်စပ်တို့ကြား နယ်နမိတ်သတ်မှတ်ရေး စတင်တင်းမာလာခဲ့သည်။ ဝန်ကြီးချုပ် နေရူးက McMahon Line သတ်မှတ်ချက်အပေါ်ဆုပ်ကိုင်ထားပြီး တရုတ်တို့ကမူ ဗြိတိသျှကိုလိုနီတို့ တဖက်သတ် သတ်မှတ်ခဲ့သည့် နယ်မြေများကို အိန္ဒိယတို့က မတရားသဖြင့်ရယူလိုသည်ဟု မြင်ခဲ့သည်။ (တရုတ်-မြန်မာ နယ်စပ်သတ်မှတ်ရေးသည် McMahon Line ဖြင့်သာ သဘောတူညီခဲ့ပြီး တရုတ်-မြန်မာနှစ်ဖက်ခေါင်းဆောင်များအကြား ချစ်ကြည်ခိုင်မာသဖြင့် ၁၉၆ဝတွင် နယ်နမိတ်သတ်မှတ်ရေး စာချုပ်ကိုအောင်မြင်စွာချုပ်ဆိုနိုင်ခဲ့သည်။)

၁၉၆၂ အောက်တိုဘာတွင် ကတ်ရှမီးယားဒေသအနီး အဆိုင်ချင်းနယ်မြေတွင် နှစ်ဖက်ကြားနယ်မြေပိုင်နက် အငြင်းပွားမှုဖြစ်ပေါ်ခဲ့သည်။ တဆက်တည်း အိန္ဒိယအရှေ့မြောက်ရှိ အာရွန်နာချယ်ပရာဒေ့ရှ်တွင်လည်းဖြစ်ပွားပြီး တိုက်ခိုက်မှုများစတင်ခဲ့သည်။ တရုတ်တပ်များသည် သူတို့ပိုင်သည်ဟုယူဆထားသော နယ်မြေများအတွင်း ဝင်ရောက်လာပြီး အိန္ဒိယတပ်များကို မောင်းထုတ်ကာ နယ်စပ်မျဉ်းကို သတ်မှတ်လိုက်သည်။ နှစ်ဖက်ကြားစစ်ရေးတွင် တရုတ်တို့ဘက်က အသာစီးရခဲ့သည်။ ထို့နောက်ပိုင်း တရုတ်သည် အိန္ဒိယ၏ရန်သူတော် ပါကစ္စတန်ကို ငွေအား၊ လက်နက်အားဖြင့် ကူညီခဲ့ရာ ၁၉၆၅၊ ၁၉၇၁ အိန္ဒိယ-ပါကစ္စတန်စစ်ပွဲများ အရှိန်မြင့်တက်လာခဲ့သည်။

အိန္ဒိယတပ်များ ပါကစ္စတန်ကို ကျူးကျော်ပါက တရုတ်တို့သည် ပါကစ္စတန်ဘက်မှ ကူညီတိုက်ထုတ်မည်ဟု ပြတ်ပြတ်သားသား ပြောဆိုခဲ့သည်။ ၁၉၈ဝ ပြည့်လွန်နှစ်များအတွင်း တရုတ်အစိုးရသည် အမေရိကန်-ဆိုဗီယက်ယှဉ်ပြိုင်မှုဖြင့် ဝေးဝေးနေကာ အိန္ဒိယ-ပါကစ္စတန် အငြင်းပွားမှုများကိုလည်းလက်ရှောင်ပြီး ပြည်တွင်းရေးနှင့် စီးပွားဖွံ့ဖြိုးမှုဘက်သို့ အာရုံစိုက်ခဲ့သည်။

စစ်အေးခေတ်ကုန်လွန်ပြီးနောက် ကမ္ဘာကြီးသည် အမေရိကန်၏ ပြိုင်ဘက်မဲ့ တစ်ကိုယ်တော်စိုးမိုးမှုအောက် ရောက်လာချိန်တွင် တရုတ်သည် အိန္ဒိယနှင့် ၁၉၉၁ တွင် ဆက်ဆံမှုများ ပြန်လည်လုပ်ကိုင်ခဲ့သည်။ အိန္ဒိယ၏ အရှေ့မျှော်ဝါဒနှင့်အတူ စီးပွားရေးဖွံ့ဖြိုးမှုမြင့်တက်လာချိန်

နောက်ထပ်ဆက်ဆံရေးတင်းမာခဲ့သည့် အနေအထား ၁၉၉၈ တွင်ပေါ်ပေါက်လာသည်။ ယင်းမှာ နယူးဒေလီနှင့်အစ္စလာမ်မာဘတ်တို့ နျူကလီးယား လက်နက်များအပြိုင်အဆိုင် ဖောက်ခွဲပြီးအားပြိုင်ကြခြင်းဖြစ်သည်။

နျူးကလီးယားဗုံးများ ဆက်တိုက်ဖောက်ခွဲ စမ်းသပ်ခြင်းသည် ဒေသတွင်း အိန္ဒိယသားတို့ စိုးမိုးချယ်လှယ်ခြင်းကို ပြသသည်ဟု တရုတ်တို့က နားလည်သွားသည်။ ပြင်းထန်သော ရှုတ်ချပြစ်တင်မှုများဖြင့် တုန့်ပြန်ခဲ့သည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီအထိ တရုတ်ကတင်ပြီး အိန္ဒိယ-ပါကစ္စတန်နှစ်နိုင်ငံစလုံး နျူကလီးယားလက်နက်ကို ထိန်းချုပ်ပြီး နျူးကလီးယား မပြန့်ပွားရေးစာချုပ်ကို လက်မှတ်ထိုးရန်တောင်းဆိုခဲ့သည်။ တရုတ်တို့၏ တောင်းဆိုမှုသည် အမေရိကန်အပါအဝင် ကျန်ဗီတိုကိုင် ၃ နိုင်ငံစလုံးထက် ပိုမိုတင်းမာခဲ့သည့် ဆုံးဖြတ်ချက်ဖြစ်သည်။

နိုင်ငံတစ်ကာအဆင့်တွင် ရှုတ်ချပြစ်တင်မှုများပြုလုပ်ခဲ့သော်လည်း တရုတ်သည် အမေရိကန်တို့နည်းကား ပိတ်ဆို့ဒဏ်ခတ်မှုမလုပ်ခဲ့။ အဘယ့်ကြောင့်ဆိုသော် ပါကစ္စတန်ကို ကိုင်ထားခြင်းသည် အိန္ဒိယကို အချိန်မရွေးအနှောင့်အယှက်ပေးနိုင်သည်ဟု တရုတ်တို့က ယုံကြည်ထားသည်။

၂၀၀၁ စက်တင်ဘာ အကြမ်းဖက်မှုတိုက်ဖျက်ရေးစစ်ကြောင့် အန်ကယ်ဆမ်တစ်ယောက် အိန္ဒိယနှင့်ပါကစ္စတန်တို့၏ ပူးပေါင်းဆောင်ရွက်မှုမဖြစ်မနေလိုလာသဖြင့် ပိတ်ဆို့မှုများကို ပယ်ဖျက်ပေးလိုက်ပြီး ၂၀၀၅ တွင် အိန္ဒိယ-အမေရိကန်ဆက်ဆံရေးများကို ဘက်ပေါင်းစုံမှ တိုးမြှင့်ခဲ့သည်။ ထို့နောက်နှစ်နိုင်ကြား စစ်ရေး၊ ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်များအပြင် အိန္ဒိယ၏အရပ်ဖက်သုံး နျူးကလီးယားစွမ်းအင်စီမံကိန်း ကို အမေရိကန်တို့က အပြည့်အဝကူညီဆောင်ရွက်ပေးရန် ထပ်ဆင့်သဘောတူညီလိုက်ကြသည်။

ယင်းခြေလှမ်းများကို တရုတ်တို့က နီးနီးကပ်ကပ်စောင့်ကြည့်နေပြီး တရုတ်ကိုဖိအားပေးရန် ဝါရှင်တန်သည် အိန္ဒိယကိုပွဲထုတ်လာသည်ဟု ယူဆလိုက်တော့သည်။ အမေရိကန်သည် ဒေသတွင်း နျူးကလီးယားအရေးနှင့်ပတ်သက်ပြီး မညီမျှသောလုပ်ဆောင်ချက်များကို တရုတ်တို့က တွေ့မြင်လာရသည်။ ထိုအခါ တရုတ်တို့သည် ပါကစ္စတန်၌ မီဂါဝပ် ၂၀၀၀ ရှိ နျူကလီးယားစက်ရုံကို တည်ဆောက်ပေးသည်။ ဒေသတွင်း စစ်ရေးမဟာဗျူဟာများ အကွက်ကျကျ စီမံလာကြတော့သည်။ မဟာတံတိုင်းပေါ်က နဂါးကြီးသည် သိမ်းငှက်၏အတောင်ပံများကို မျက်တောင်မခတ်ဘဲ စူးစိုက်ကြည့်လာခဲ့သည်။

ထိုအခါ တရုတ်တို့သည် အိန္ဒိယကို ရန်မူသည့်နေရာတွင်သာရပ်နေပါက အမေရိကန်၏ တရုတ်ကြိုးတုတ်ရေး အစီအစဉ်အောင်မြင်သွားမည်ကို နားလည်သွားသည်။ ထိုအခါ အိန္ဒိယ-တရုတ် နှစ်နိုင်ငံ စီးပွားရေး၊ စစ်ရေးပူးပေါင်းဆောင်ရွက်မှုများကိုလုပ်ဆောင်ပြီး အိန္ဒိယစစ်တပ်နှင့် ကာကွယ်ရေးလှုပ်ရှားမှုတစ်ခုလုံးကို အနီးကပ် စောင့်ကြည့်နိုင်မည်ဟု သတ်မှတ်လိုက်သည်။ နဂါးလည်း အစွယ်ထုတ်၊ သိမ်းငှက်လည်း ခြေသည်းထုတ်ခဲ့ကြသည်။

အမေရိကန်-အိန္ဒိယ စစ်ရေးပူးပေါင်းမှုများသည် ၂၀၀၅ နောက်ပိုင်း အရှိန်မြင့်လာသည်။ အိန္ဒိယသမုဒ္ဒရာအတွင်း စစ်သင်္ဘောများလောင်စာဆီဖြည့်တင်းခြင်း၊ ရေပြင်ပေါ် စစ်ရဟတ်ယာဉ်များ ဆင်းသက်ခြင်းစသည့် ရေပြင်-ဝေဟင် ပူးပေါင်းစစ်ရေးလေ့ကျင့်မှုများ ပါဝင်လာသည်။

ရုရှစစ်လက်နက်ပစ္စည်းများကို နှစ်ပေါင်းများစွာ ဖောက်သည်လုပ်ဝယ်ယူခဲ့ရသည့် အိန္ဒိယအတွက် အမေရိကန်နှင့် စစ်ရေး၊ ကာကွယ်ရေးပူးပေါင်းမှု၌ ဩဇာခံမဖြစ်စေရရန် သတိကြီးကြီးထားနေရသည်။

အမေရိကန်တို့သည် အိန္ဒိယအား ဒေသတွင်းနှင့် ကမ္ဘာ့ဇာတ်ခုံပေါ်တာဝန်ရှိသော ဒီမိုကရေစီနိုင်ငံကြီး တစ်နိုင်ငံဖြစ်လာစေရန် တွန်းတင်တော့သည်။ ရည်ရွယ်ချက်မှာ အမေရိကန်တို့ ကမ္ဘာ့အခြားဒေသများသို့ အာရုံစိုက်ချိန် အိန္ဒိယသမုဒ္ဒရာ လုံခြုံရေးကို အိန္ဒိယတိုက်က တာဝန်ယူထိန်းသိမ်းရန် ဖြစ်သည်။ ယင်းမှာ အင်အားကြီးနိုင်ငံဖြစ်လာစေရန် ရေပြင်စိုးမိုးရေးကို အမေရိကန်တို့က လက်ထပ်သင်ကြားပေးနေခြင်း ဖြစ်သည်။

ထိုအခါ အိန္ဒိယသမုဒ္ဒရာသည် အိန္ဒိယတိုက်နှင့်သာ ဆိုင်သည်မဟုတ်ဟု တရုတ်တို့ကကြုံးဝါးပြီး နဂါးကြီးကို အမောက်ထောင်ရန် ဟန်ရေးပြတော့သည်။

## တာဝန်ရှိသော လူကြီးလူကောင်းများ

အိန္ဒိယသမုဒ္ဒရာအတွင်း အမေရိကန်တက်ဆင်ပေးသော လက်နက်များဖြင့် အိန္ဒိယတို့ ရေပြင်စိုးမိုးရေးကို စတင်လုပ်ဆောင်ခြင်းသည် တရုတ်တို့၏ စွမ်းအင်လုံခြုံရေးကို တိုက်ရိုက်စိတ်ခေါ်လိုက်ခြင်းဖြစ်သည်။ အာဖရိကနှင့် အရှေ့အလယ်ပိုင်းမှ ရေနံစည်များကို တင်သွင်းနေရသော တရုတ်တို့၏ ရေပြင်လမ်းကြောင်းမှာ အိန္ဒိယရေတပ်စိုးမိုးမှုများကြောင့် အနှောင့်အယှက်ဖြစ်လာသည်။

အိန္ဒိယသမုဒ္ဒရာအား အိန္ဒိယ၏သမုဒ္ဒရာဟု ပြောင်ပြောင်တင်းတင်း လုပ်ဆောင်လာပါက တရုတ်တို့သည် အိန္ဒိယနိုင်ငံမြောက်ပိုင်းရှိ ထိန်းချုပ်ထားသောနယ်မြေများကို သိမ်းပိုက်နိုင်မည့် လမ်းစကိုခင်းပေးသကဲ့သို့ ဖြစ်သွားနိုင်သည်။ ယင်းကို အိန္ဒိယတိုက်ငယ် အပြန်အလှန်စဉ်းစားသုံးသပ်ရန် လိုအပ်လာသည်။ ၂၀၁၈ ဖွန်လ ၁ ရက်နေ့တွင် ကမ္ဘာ့အရှည်ဆုံးနှင့် အမြင့်ဆုံးသော ဘေဂျင်း-လာဆာ မီးရထားလမ်းကြောင်းသည် တိဘက်နယ်မြေနှင့် အိန္ဒိယနိုင်ငံနယ်စပ်များသို့ အချိန်တိုအတွင်း တရုတ်စစ်အင်အား ဖြန့်ခန်ရောက်လာစေမည့် လမ်းကြောင်းဖြစ်ကြောင်း အိန္ဒိယတို့ နားလည်သည်။

အိန္ဒိယသမုဒ္ဒရာအတွင်း ပုလဲသွယ်စီမံကိန်းတစ်ခုကို တရုတ်တို့ကချမှတ်လိုက်သည်။ String of Pearls ပေါ်လစီမှာ ဘင်္ဂလားဒေ့ရှ်စစ်တကောင်း ရေနက်ဆိပ်ကမ်း၊ မြန်မာကျောက်ဖြူ ရေနက်ဆိပ်ကမ်းနှင့် ပါကစ္စတန် ဂွါဒါရေနက်ဆိပ်ကမ်းတို့ကို တရုတ်တို့က အကုန်အကျခံ တည်ဆောက်ခြင်းဖြစ်သည်။ယင်း ပုလဲသွယ်စီမံကိန်းသည် ထိုရေနက်ဆိပ်ကမ်းများသို့ တရုတ်ပိုင်သင်္ဘောများ လူးလားခေါက်တုံ့သွားလာနိုင်ရန်နှင့် ရေပိုင်နက်စိုးမိုးရေး ချိန်ခွင်လျှာကို အကောင်အထည်ဖော်ရန်ဖြစ်သည်။

အာရှ၏ မဟာအင်အားကြီးနိုင်ငံအဆင့်သို့ အလုအယက်ပြေးတက်လာနေသော ထိုနှစ်နိုင်ငံ၏ ခြေလှမ်းများသည် စွမ်းအင်တင်သွင်းမှုကို အခြေပြုလုပ်ဆောင်လာကြသည်။ တရုတ်တို့၏ GDP မှာ နှစ်စဉ် ၁၀

ရာခိုင်နှုန်းရှိနေပြီး အိန္ဒိယမှာမူ ၆ ရာခိုင်နှုန်း သာသာရှိနေသည်။ နိုင်ငံအတွင်း စွမ်းအင်လောင်စာလိုအပ်မှုကို ဖြည့်တင်းရေးသည် တိုင်းပြည်၏ GDP တိုးနှုန်းကို ထောက်ပံ့နေခြင်းဖြစ်သည်။ ဗဟိုအာရှနိုင်ငံဖြစ်သော ကာဇတ်စတန်တွင် ရေနံတူးဖော်ရောင်းချရန် အိန္ဒိယနှင့်တရုတ်တို့ အပြိုင်အဆိုင်ဆောင်ရွက်သော်လည်း တရုတ်သည် ၂၀၀၅တွင် ကာဇက်စတန်မှ ရေနံထုတ်လုပ်ခွင့်ကို ရရှိသွားခဲ့သည်။ ထို့နောက် မြန်မာနိုင်ငံမှ သဘာဝဓာတ်ငွေ့များကို ကုန်းတွင်းပိတ် ယူနန်ပြည်နယ်အရောက် ပိုက်လိုင်းသွယ်တန်းပြီး တင်သွင်းမည့်စီမံကိန်းတွင်လည်း တရုတ်သည် အိန္ဒိယကို ဘင်္ဂလားဒေ့ရှ်ဖဲချပ်သုံးကာ အပြုတ်နှံခဲ့သည်။

ထို့အပြင် ကနေဒါရှိရေနံများကို တူးဖော်ရောင်းချမှုတွင် အိန္ဒိယကဦးစီးဦးဆောင်ပြု ဆောင်ရွက်ခဲ့သေည်လည်း တရုတ်တို့သည် ကနေဒါနှင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု နားလည်စာချွန်လွှာကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ အိန္ဒိယသည် တရုတ်ကိုအလဲထိုးရန် တရုတ်၏ရန်သူတော်များနှင့် လက်ချင်းတွဲသော်လည်း အမြဲလိုလိုသာ နောက်ကောက်ကျနေခဲ့ရသည်။

ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့(SCO)သည် တရုတ်၏ဒေသတွင်း မဟာဗျူဟာဆိုင်ရာ အဖွဲ့ကြီးတစ်ဖွဲ့ဖြစ်လာသည်။ ယင်းအဖွဲ့ကို တရုတ်ဦးဆောင်မှုအောက်တွင် ၂၀၀၁ ဇွန်၌ ဖွဲ့စည်းခဲ့ပြီး ရုရှနှင့် ဗဟိုအာရှဒေသမှ ယခင်ဆိုဗီယက်ဟောင်း နိုင်ငံများပါဝင်ပြီး အမေရိကန်ဦးဆောင်သော အကြမ်းဖက်မှုတိုက်ဖျက်ရေးစစ်ပွဲ၏ အောင်မြင်မှုများကို စည်းတားကန့်သတ်လာခဲ့သည်။ ၂၀၀၅ တွင် တရုတ်ဦးဆောင်သော SCO အဖွဲ့ဝင်များဖြစ်သည့် ဗဟိုအာရှနိုင်ငံများတွင် အမေရိကန်တို့ ခြေကုတ်ယူထားမှု အချိန်ဇယားဖြင့် ဆုတ်ခွာသွားကြရန် ဖိအားများပေါ်လာတော့သည်။ ဥဘက်ကစ္စတန်မှ အမေရိကန်အခြေစိုက်စခန်းများကို မောင်းထုတ်ခဲ့သည်။

ထို့နောက် SCO အတွင်းသို့ အိန္ဒိယအား လေ့လာသူအဖြစ် ဖိတ်ခေါ်ခဲ့ပြီး အိန္ဒိယက လူမှုရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများကိုသာ လက်တွဲလုပ်ဆောင်မည်ဟု သဘောထားပေးခဲ့သည်။ အမေရိကန်ထီးရိပ်ကို ခိုလှုံလိုက်ရသော အိန္ဒိယအတွက် တရုတ်၊ ရုရှတို့နှင့်ပေါင်းကာ ကိုယ့်ပေါင်ကိုယ်လှန်ထောင်းရမည့်ကိန်း မဆိုက်မိစေရန် စဉ်းစားသည်။ တရုတ်ဦးဆောင်သော SCO အတွင်း အီရန်၊ ပါကစ္စတန်မှ သမ္မတများကိုယ်တိုင် တက်ရောက်လာခဲ့သော်လည်း အိန္ဒိယသည် စီးပွားရေးမှလွဲပြီး အခြားရေးရာများတွင် ပူးပေါင်းမည်မဟုတ်ဆိုသည့် သဘောထားကိုပေးသည်။

အဖွဲ့ဝင်ဖြစ်ရမည့်ကြေးကို တန်ဖိုးနည်းနည်းဖြင့်ပေးပြီး စီးပွားရေးအကျိုးအမြတ်ကို တန်ဖိုးကြီးကြီးရမည့်နည်းကို အိန္ဒိယက စဉ်းစားသည်။ SCO အတွင်း အိန္ဒိယကို လေ့လာသူအဖြစ် ဖိတ်ခေါ်မှုအရ တရုတ်တို့ ဆုံးရှုံးမှုမရှိသည့်အပြင် အိန္ဒိယဦးဆောင်သော တောင်အာရှနိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေးအသင်း (SAARC) သို့ တရုတ်ကို လေ့လာသူအဖြစ် ပါခွင့်ပြုသောအခါ ကျန်နိုင်ငံများသည် အိန္ဒိယဆန့်ကျင်ရေးများ ဖြစ်လာကြသည်။ ၎င်းတို့မှာ တရုတ်ကျေးဇူးမကင်းသည့် ဘင်္ဂလားဒေ့ရှ်၊ ပါကစ္စတန်၊ နီပေါ၊ ဘူတန်အပါအဝင် သီရိလင်္ကာနှင့် မော်လ်ဒိုက်ကျွန်းနိုင်ငံတို့ဖြစ်သည်။

တရုတ်တို့သည် အရှေ့အာရှထိပ်သီးအဖွဲ့မှတစ်ဆင့် အာဆီယံ+၃ အဖြစ် ဦးဆောင်ဝင်ရောက်လာသည်။ အရှေ့အာရှထိပ်သီး အစည်းအဝေးတွင် ဂျပန်က ဩစတြေးလျ၊ အိန္ဒိယပါဝင်မှုကို တောင်းဆိုသည်။ တရုတ်တို့က ဂျပန်တောင်းဆိုမှုကိုပုတ်ချပြီး ရုရှပါဝင်လာမှုကို လမ်းခင်းလိုက်သည်။ တရုတ်ဦးဆောင်မှုကို လက်မခံပါက ရုရှအနေဖြင့် ထိုနေရာကိုဝင်ယူနိုင်ရန်ဖြစ်သည်။ အိန္ဒိယဦးဆောင်မှုကို လုံးဝပိတ်ပင်ထားပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီအတွင်း ဦးဆောင်မှုအနေအထားမျိုးကို တရုတ်တို့က မျှော်မှန်းနေသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီ ပြန်လည်ဖွဲ့စည်းရေး မဖြစ်မနေပေါ်ပေါက်လာပါက အိန္ဒိယကို နည်းအမျိုးမျိုးဖြင့် ကန့်သတ်မှုတို့ကို တရုတ်တို့ လက်လွှတ်ရနိုင်သော်လည်း ယင်းအခြေအနေကို ရောက်လာရန် နိုင်ငံရေးအရ အကျပ်အတည်းပေါင်းများစွာရင်ဆိုင်ရဦးမည်ဖြစ်သည်။ ရည်ရွယ်ချက်မှာ အိန္ဒိ၏လေသံကို အဆင့်နိမ့်နိမ့် အစည်းအဝေးများတွင်သာကြားလိုပြီး အရေးပါသောခြေလှမ်းများဖြင့် ပေါ်ထွက်မလာစေရန် တရုတ်တို့က သတိထားလုပ်ဆောင်နေခြင်း ဖြစ်သည်။ အမေရိကန်တို့အနေဖြင့် တရုတ်-အိန္ဒိယ စီးပွားရေးနှင့် လုံခြုံရေး အကျိုးစီးပွားများကြားက ကွာဟချက်များကို အသိအမှတ်ပြု ရတော့မည်ဖြစ်သည်။ တရုတ်တို့က အိန္ဒိယအား အဆင့်ဆင့်တိုင်းတွင် ကြိုးတုပ်ချုပ်ကိုင်နေသည်ဟုစွပ်စွဲပါက အဓိကအချက် ၃ ချက်ကို ဆွဲထုတ်ပြရတော့မည်ဖြစ်သည်။

(၁)ပါကစ္စတန်ကို နျူကလီးယားပိုင်နိုင်ငံအဖြစ် တရုတ်က ကတိပေးကာကွယ်ပေးထားခြင်း၊ (၂)။ စွမ်းအင်ဆိုင်ရာအတွက် နိုင်ငံခြားရေးပေါ်လစီအရ အိန္ဒိယနှင့် လက်တွဲဆောင်ရွက်ခြင်းနှင့် (၃)။ ဒေသတွင်း အဖွဲ့အစည်းအဝေးများ၌ တရုတ်ဦးဆောင်မှုကို ခိုင်ခိုင်မာမာတည်ဆောက်ထားနိုင်ခြင်းတို့ဖြစ်သည်။

တရုတ်၏ အိန္ဒိယအပေါ် ချုပ်ကိုင်ရေးမူဝါဒကို တန်ပြန်ရန်အတွက် အမေရိကန်တို့၏ အိန္ဒိယအပေါ် ထောက်ပံ့ကူညီရေးသည် အလုပ်ဖြစ်နိုင်သည်။ ယင်းနှစ်နိုင်ငံ၏ အားပြိုင်မှုများသည် အမေရိကန်အကျိုးစီးပွားနှင့် တိုက်ရိုက်ပတ်သက်နေသည်။ ဥပမာအားဖြင့် ပါကစ္စတန် နျူကလီးယားနည်းပညာ အီရန်နှင့်လစ်ဗျားတို့ဆီ မရောက်သွားရေး အမေရိကန်က စည်းမျည်းစည်းကမ်းများချမှတ်ရန်၊ အိန္ဒိယစစ်တပ်ခေတ်မီပြုပြင်ရေးအတွက် နယူးဒေလီအစိုးရအား လက်နက်များ တင်ပို့ရောင်းချခြင်းဆိုင်ရာ အကန့်အသတ်များကို ဖယ်ရှားရန်၊ ရေနံနှင့် စွမ်းအင်ရှာဖွေဖော်ထုတ်ရေးတွင် အိန္ဒိယနှင့် ပူးပေါင်းဆောင်ရွက်ရန်နှင့် အာရှဒေသတွင်း အစည်းအဝေးများ၌ အမေရိကန်ပါဝင်ပတ်သက်မှုကို ကျယ်ကျယ်ပြန့်ပြန့် ဖြစ်လာစေရန်တို့ဖြစ်သည်။

ယင်းမှာ အာရှအတွင်း အန်ကယ်ဆမ်၏ အနေအထားနှင့် ပုံရိပ်ကို မြှင့်တင်ရန်နှင့်အိန္ဒိယ-တရုတ်ယှဉ်ပြိုင်မှုမှ ဆိုးကျိုးများပေါ်ထွက်မလာစေရန်တို့အတွက်ဖြစ်သည်။ အိန္ဒိယအား မဟာအင်အားကြီး စူပါပါဝါအဖြစ် အမေရိကန်တို့ ကူညီသင့်မသင့် ဝါရှင်တန်ရှိ ပေါ်လစီမိတ်ကာများကြား စဉ်းစားနေသော်လည်း အိန္ဒိယသည် စူပါ ပါဝါဖြစ်လာရန် သူ့ဟာသူ ဆုံးဖြတ်ချက်ချထားပြီးသားဖြစ်သည်ကို မပျက်မကွက် နားလည်ရတော့မည်ဖြစ်သည်။

## အတောင်ပံဖြန့်လာသော သိမ်းငှက်

ကမ္ဘာ့စီးပွားရေး အကျပ်အတည်းပေါ်ပေါက်လာသည် ၂၀၀၉ ခုနှစ် အမေရိကန်စီးပွားရေး ထိုင်းမှိုင်းမှုအောက်မှ မရုန်းထွက်နိုင်သည့်အချိန်တွင် အမေရိကန်သမ္မတ အိုဘားမား အာဏာရလာခဲ့သည်။ ယင်းအခြေအနေသည် အမေရိကန်ပြည်ထောင်စု၏ ပါဝါမှာ ချိနဲ့နေပြီး နိုင်ငံခြားရေးပေါ်လစီမှာ အကန့်အသတ်များစွာ ရှိနေချိန်လည်း ဖြစ်သည်။ ဒီမိုကရက်များ အာဏာရလာချိန် ၂၀၀၁ စက်တင်ဘာ ၁၁ တိုက်ခိုက်မှုနောက်ပိုင်း ကျဆင်းလာခဲ့သည့် အမေရိကန်ပုံရိပ်ကို ပြန်လည်မြှင့်တင်ရန် သမ္မတအိုဘားမားတစ်ယောက် အာရှသို့ အလည်အပတ်ခရီးရောက်လာခဲ့သည်။

တရုတ်နိုင်ငံသို့ အမေရိကန်သမ္မတသွားရောက်လည်ပတ်ခဲ့ပြီး နှစ်နိုင်ငံကြားချစ်ကြည်မှုကို တိုးတက်လာစေရန်၊ အပြန်အလှန် ယုံကြည်မှုရှိလာစေရေး ပူးတွဲကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။ တရုတ်သမ္မတ

ဟူချင်တောင်နှင့်တွေ့ဆုံပြီး နှစ်နိုင်ငံချစ်ကြည်ရင်းနှီးရေးအတွက် လေယူလေသိမ်းအသစ်များကို အိုဘားမားက သယ်ဆောင်လာခဲ့သည်။ အကြောင်းရင်းမှာ အမေရိကန်သည် ကာလအတန်ကြာပစ်ပယ်ထားခဲ့သည် အာရှဒေသသို့ တစ်ကျော့ပြန် ပြန်လည်ဝင်ရောက်လာပြီဆိုသည့် သတင်းစကားကို သယ်ဆောင်လာခြင်းဖြစ်ပြီး စီးပွားပျက်ကပ်အတွင်း တရုတ်သည် အမေရိကန်၏ နံပါတ်ဝမ်းမြို့ရှင်ဘဝကို ရောက်လာခဲ့သည်။ အမေရိကန်-တရုတ်ချစ်ကြည်ရေးသည် ၂၀၁၀ အရောက် ခပ်စိမ်းစိမ်းဖြစ်လာရသည်။ ယင်းမှာ တရုတ်ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်သည်ဟု ဘေးဂျင်းကယူဆသည့် အချက် ၂ ချက်ကို ဝါရှင်တန်ကဆောင်ရွက်ခြင်းဖြစ်သည်။ ထိုင်ဝမ်သို့ ဒေါ်လာ ၇ ဘီလျံနီးပါးတန်ဖိုးရှိသော စစ်လက်နက်ပစ္စည်းများ ရောင်းချခြင်းနှင့် ခွဲထွက်ရေးခေါင်းဆောင် တိဘက်ဘုန်းတော်ကြီး ဒလိုင်လားမားကို အိမ်ဖြူတော်သို့ ဖိတ်ခေါ်ခဲ့သည့် အကြောင်းအရင်းများ ဖြစ်ပြီး တရုတ်တို့ ဒေါသူပုန်ထကာပြင်းပြင်းထန်ထန်ကန့်ကွက်မှုကိုကြုံခဲ့ရသည်။

ရလာဒ်အဖြစ် နှစ်နိုင်ငံပူးတွဲစစ်ရေးလေ့ကျင့်မှုများကို တစ်ဖက်သတ်ရပ်ဆိုင်းလိုက်ပြီး အမေရိကန်ကာကွယ်ရေးဝန်ကြီး ရောဘတ်ဂိတ်၏ အလည်အပတ်လာရောက်မှုကို အချိန်အကန့်အသတ်မရှိ ရွှေ့ဆိုင်းလိုက်သည်။ နှစ်နိုင်ငံအကြားစီးပွားရေးနှင့် မဟာဗျူဟာဆိုင်ရာ ဒိုင်ယာလော့ခ် (SED) မှာ အသက်မဝင်ဘဲ ရပ်တန့်သွားတော့သည်။ နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန် ၂၀၁၀ ဇူလိုင်တွင် ကျင်းပသော အာဆီယံဒေသတွင်း အစည်းအဝေးသို့ တက်ရောက်ပြီး အာရှ၏ ဘုံရေလမ်းကြောင်းကို ဖွင့်ထားခြင်းနှင့် ရေလမ်းကြောင်း လွတ်လပ်မှုရှိခြင်းသည် အမေရိကန်ပြည်ထောင်စု၏ အမျိုးသားအကျိုးစီးပွား ဖြစ်သည်ဟုကြေညာလိုက်သည်။

ယင်းမှာ တောင်တရုတ်ပင်လယ်ပြင် အငြင်းပွားမှုအရေးကို အမေရိကန်တို့ ဝင်ရောက်စွက်ဖက်ခြင်းဖြစ်ပြီး ဒေသတွင်းပြဿနာကို နိုင်ငံတကာဇာတ်ခုံပေါ်ရောက်အောင် ဖန်တီးနေသည်ဟု ဘေးဂျင်းက စွပ်စွဲလိုက်သည်။ ပြင်းထန်သော စကားများကိုသုံးကာ ဝေဖန်တိုက်ခိုက်ခဲ့သည်။ အမေရိကန်သိမ်းငှက်ကြီး အာရှဒေသသို့ အတောင်ဖြန့်ပျံဝဲလာခြင်းသည် ဒေသတွင်းရှိနိုင်ငံအသီးသီးအား ကျုပ်တို့ပြန်လာပြီဆိုသော သတင်းစကား ပေးပို့လိုက်ခြင်းဖြစ်သည်။ အန်ကယ်လ်ဆမ်တစ်ယောက် အာရှသို့မျက်စိလည်လမ်းမှားပြီး ရောက်လာခြင်းတော့ မဟုတ်ခဲ့ပေ။

အမေရိကန်တို့ အာရှကို မျက်ကွယ်ပြုခဲ့သည့် အကြောင်းရင်းမှာ အကြမ်းဖက်မှုတိုက်ဖျက်ရေးစစ်ပွဲဖြင့် အရှေ့အလယ်ပိုင်းနှင့် အာဖဂန်နစ္စတန်နိုင်ငံသို့ ခြေဦးလှည့်ချိန်တွင် အရှုပ်အထွေး မည်သည့်အရာများဖြစ်ပျက်နေသည်ကို ကိုင်တွယ်နိုင်သော အစွမ်းအစ ကုန်ခမ်းသွားခဲ့ရသည်။ တရုတ်ဦးဆောင်သော အာရှဒေသတွင်း ပြောင်းလဲမှုများသည် အမေရိကန်ကို ကန့်ထုတ်နေခြင်းဟု နားလည်သွားသောအခါ အမေရိကန်၏ အနာဂတ်အတွက် အာရှဒေသအရေးပါမှုကို ပြန်လည်ကိုင်တွယ်ဖို့ဖြစ်လာခဲ့ရသည်။

သို့သော် အာရှနိုင်ငံများက အမေရိကန်ဦးဆောင်မှုမှာ ရှင်းလင်းမှုမရှိ၊ လေးနက်မှုမရှိဟုခံယူနေကြသည်။ အာဆီယံဒေသတွင်း အုပ်စုသဏ္ဍာန်စုဖွဲ့မှုကို အမေရိကန်က ကနဦးကတည်းက တက်တက်ကြွကြွ မထောက်ခံခဲ့။ အာရှသားတို့ အုစုဖွဲ့ဝါဒကို အမေရိကန်တို့ နားလည်မှုမပေးခဲ့။ ထိုအခါ အမေရိကန်ဦးဆောင်မှုနှင့် ဩဇာအာဏာ အာရှတွင် ကျဆုံးသွားခဲ့ရသည်။ အယ်လ်ကိုင်းဒါ အကြမ်းဖက် ကွန်ရက်အဖွဲ့ခေါင်းဆောင် အိုစမာဘင်လာဒင်ကို အသေဖမ်းဆီးခဲ့ပြီး အီရတ်နှင့် အာဖဂန်နစ္စတန်တွင် အမေရိကန်တို့ စစ်ရေးအခြေကုတ်များမှ ပြန်လည်ထွက်ခွာရန် ပြင်ဆင်ချိန်သည် အာရှသို့ အမေရိကန်ပြန်လည်ရောက်လာစေသည့် အကြောင်းရင်းများဖြစ်သည်။

နောက်တစ်ချက်မှာ စစ်ပွဲများကြောင့် ယိုယွင်းလာနေသော အမေရိကန်စီးပွားရေးကို ပြန်လည်ကျားကန်ရန်

တရုတ်သြဇာထူထောင်နေသည့် အာရှသို့ပြန်လည်ဝင်ရောက်ရန် မဟာဗျူဟာ တစ်ရပ်ချမှတ်ခြင်းလည်းဖြစ်သည်။ စစ်ပွဲများဖြင့် အမေရိကန်အလုပ်များနေချိန် တရုတ်တို့၏ အိမ်နီးချင်းကောင်းပေါ်လစီဖြင့် အာရှနိုင်ငံများအုပ်စုဖွဲ့ အင်အားတောင့်တင်းလာချိန်သည် တပြိုင်တည်းလိုလိုဖြစ်နေခဲ့သည်။ အများစုသည် ဝါရှင်တန်ကို ခေါင်းထဲမှ ထုတ်ထားလိုက်ကြသည်။

၁၉၉၀ ပြည့်လွန်နှစ်များအတွင်း မလေးရှားခေါင်းဆောင် မဟာသီယာ မိုဟာမက်က အရှေ့အာရှစီးပွားရေးအဖွဲ့ ထူထောင်ရန် တင်ပြချက်ကို အမေရိကန်ပြည်ထောင်စုက မသိချင်ယောင်ဆောင်ပြီး လျစ်လျူရှုခဲ့သည်။ ထိုအခါ အာရှဒေသအတွင်း အမေရိကန်ကို ပစ်ပယ်ကာ ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ဒေသတွင်းစီးပွားရေးတောင့်တင်းသော အုပ်စုအသွင်ကို ဖန်တီးကြတော့သည်။ အာဆီယံနှင့် အရှေ့အာရှဒေသစုစည်းမိပြီး အင်အားကောင်းလာသောအခါ အမေရိကန်ပြောသမျှ အပေါ်ယံသိကံဖြစ်ရတော့သည်။ ဒေသတွင်း အမေရိကန်တို့၏ လုပ်ရပ်အပေါ် ခါးခါးသီးသီးဖြစ်လာသည်။ အသိသာအထင်ရှားဆုံးမှာ ၁၉၉၇ အရှစီးပွားရေးကသောင်းကနင်းဖြစ်မှုဖြစ်သည်။

အနောက်နိုင်ငံ စီးပွားရေးကုမ္ပဏီများ၊ သူဌေးများက အာရှနိုင်ငံများ ဘဏ္ဍာရေး ကသောင်းကနင်းဖြစ်အောင် ဖန်တီးသည်ဆိုသည့် ခံစားချက် ဒေသအတွင်းရှိနေသည်။ အကျပ်အတည်းကာလအတွင်း အမေရိကန်ဦးဆောင်သော IMF ၏ အရင်းရှင် ရှော့ခ်ရိုက်ကုထုံးများ၊ ရွှေရောင်ကိုယ်ကျပ်အင်္ကျီ အတင်းအဓမ္မ ဝတ်ဆင်ပေးမှုများဖြင့် အာရှဒေသကို စော်ကားမော်ကား လုပ်ခဲ့သည်ကို ယနေ့တိုင် အသည်းထဲ နာနေကြသည်။ ၁၉၉၇ အကျပ်အတည်းကာလ အာရှစီးပွားရေးပြိုလဲသွားချိန် တောင်ကိုရီးယားသမ္မတ ကင်ဒေဂျုံအား IMF သဘောတူညီချက်ကို လက်မှတ်ထိုးခိုင်းနေသည့်မြင်ကွင်းကို ရုပ်မြင်သံကြားရှေ့ရှိ လူအများမြင်တွေ့လိုက်ရသည်။ စာချုပ်ကို လက်မှတ်ထိုးရန် လက်ညှိုးထိုးပြနေသော IMF အကြီးအကဲကို ဖန်သားပြင်ပေါ် မြင်ရချိန်သည် အရှသည်အနောက်အုပ်စု၏ စော်ကားမှုကို မျက်ဝါးထင်ထင်မြင်လိုက်ရသည်။ ဖြန်းခနဲမမြည်သော်လည်း ကျောနာနေသည်ကို အာရှသားတွေခံစားလိုက်ရသည်။

သိပ်မကြာခင် အာရှဒေသငွေကြေးရန်ပုံငွေအဖွဲ့ သီးခြားထူထောင်ရန် အဆိုပြုချက်ပေါ်လာသော်လည်း အမေရိကန်က အာဏာကုန်သုံးကာ ပယ်ချခဲ့သည်။ အာရှဒေသတိုးတက်ရေးသည် ပစိဖိတ်သမုဒ္ဒရာ တစ်ဖက်ခြမ်းကို မျှော်ကြည့်နေ၍မရ၊ ကိုယ့်ဒေသတွင်း ကိုယ့်ဖာသာကိုယ်လုပ်ဆောင်ရမည်ဟု အာရှခေါင်းဆောင်များ သဘောပေါက်သွားကြတော့သည်။ အကျပ်အတည်းကာလတွင် တရုတ်တို့သည် တရုတ်စီးပွားရေးနှင့် ဒေသတွင်းစီးပွားရေး ပြိုလဲမကျအောင် နည်းအမျိုးမျိုးဖြင့် ကျားကန်ထိန်းသိမ်းခဲ့သည့် သာဓကကို အားလုံးက ပြန်ကြည့်လာကြသည်။ ထိုအချိန်မှစတင်ကာ အန်ကယ်လ်ဆမ်ကို အာရှက ခေါင်းခါငြင်းဆန်ခဲ့ကြတော့သည်။

အာရှဒေသတွင်း စီးပွားရေးတိုးတက်အောင် ပြန်လည်လုပ်ဆောင်ရင်း တရုတ်နှင့်အတူ ပိုမိုနီးကပ်သွားသည့်အချိန်တွင်လည်း အန်ကယ်လ်ဆမ်သည် အေးဆေးသက်သာစွာ ဘေးထွက်ထိုင်ကြည့်နေခဲ့သည်။ ၂၀၀၅ အာရှဒေသတွင်းအစည်းအဝေးကို နိုင်ငံခြားရေးဝန်ကြီး ကွန်ဒိုလီဇာရိုက်စ် မတက်ရောက်ဘဲ ပျက်ကွက်ခဲ့ခြင်းသည် အမေရိကန်တို့ အာရှကို လုံးဝဂရုမစိုက်ကြောင်း ပြသရာရောက်ခဲ့သည်။ တရုတ်ကြီးထွားလာမှုကို တန်ပြန်ချိန်ခွင်လျှာညှိရန် အမေရိကန်တို့ကို လိုလားနေသော အာရှသားတို့အတွက် ရွေးချယ်စရာလမ်းမရှိတော့။ ၂၀၀၆တွင် သမ္မတဘုရှ်နှင့် ဝန်ကြီးရိုက်စ်တို့ အာရှနှင့်ပြန်လည်ဆွေးနွေးမှုရရေး ကြိုးပမ်းမှုသည် အကြောဆွဲသလိုဖြစ်လာခဲ့သည်။ အမေရိကန်တင်ပြသမျှကို အာရှကခေါင်းခါခဲ့သလို

အာရှရည်မှန်းချက်များကိုလည်း အမေရိကန်တို့က အလေးမထားခဲ့ကြပေ။ ပညာရှင်များက အမေရိကန်တို့သည် တရုတ် စူပါ ပါဝါဖြစ်လာမည့် အခြေအနေများကို ထိန်းသိမ်းရန် ရှင်းလင်းပြတ်သားသော မည်သည့်ဗျူဟာမှမရှိ၊ မည်သည့်အမြင်မှ မရှိဆိုသည့် ဝေဖန်ချက်များပေါ် ပေါက်လာတော့သည်။

၂၀၀၉ မှစတင်ကာ အမေရိကန်တို့ အာရှဒေသနှင့် လည်ပင်းဖက်ပေါင်းရန် ပြင်ဆာလာပြီး We are back to Asia ဆိုသည့် သဘောထားကို အာရှက လက်ခုပ်တီးကြိုဆိုခဲ့သော်လည်း ဟက်ဟက်ပက်ပက်မရှိတော့။ အန်ကယ်လ်ဆမ်သည် အကျိုးလို၍ပြောင်ရေလာလောင်းသည်ဟု အာရှနိုင်ငံများက မြင်နေပြီး အမေရိကန်တို့၏ ဒေသတွင်းနှင့် ပတ်သက်ပြီးဟန်သာရှိပြီး အဆန်မပါသည့် လုပ်ရပ်များကို ဂရုတစိုက်စောင့်ကြည့်နေခဲ့ကြသည်။ ထိုအခါ တရုတ်နှင့် ပိုမိုနီးကပ်သွားမည့်အန္တရာယ်ကို အမေရိကန်တို့ ထောက်ပြလာသောအခါ အာရှသားတို့က ပုခုံးနှစ်ဖက်သာ အသာတွန့်ပြနိုင်တော့သည်။

## နဂါးနိုင်မင်းတော့ မောင်ဖြစ်လိမ့်မယ် မထင် ...

တရုတ်နှင့် အမေရိကန်တို့၏ လက်ရှိအနေအထားသည် ယခင်ကာလများစွာနှင့် နှိုင်းယှဉ်ပါက ပြောင်းပြန်အနေအထားသို့ ရောက်နေပြီဖြစ်သည်။ အမေရိကန်ပြည်ထောင်စုသည် ပြည်တွင်း၌ စီးပွားရေးကျဆင်းပြီးအကြွေးထူနေသောနိုင်ငံ၊ ပြည်ပ၌လည်း အမေရိကန်ပုံရိပ် ထိုးစိုက်ကျဆင်းနေသည့် အခြေအနေကို ရောက်နေသည်။ တရုတ်နိုင်ငံသည် ကမ္ဘာ့စီးပွားရေး၏ နံပါတ် ၂ နေရာကို ရယူပြီး စီးပွားရေးတိုးတက်နှုန်းမှာလည်း အတက်သို့သာ တောက်လျှောက်ပြနေသည်။ ထို့အပြင် အမေရိကန်ပြည်ထောင်စု၏ ကြွေးရှင်မှာ တရုတ်ဖြစ်လာသည်။ ယင်းအခြေအနေအောက်တွင် တရုတ်သည် အာဆီယံနှင့် ကျန်ဒေသတွင်း နိုင်ငံများအကြား ဦးဆောင်မှုသရုဖူကိုဆောင်းနေသည်။ ထိုဒေသတွင် အမေရိကန်သည် အဖက်ဖက်မှပုံရိပ်ကျဆင်းနေသည်။ အမေရိကန်တို့ အာရှသို့ပြန်လာပါပြီဆိုသည့် စကားသည အသစ်ပေါ်ထွက်လာနေသော ပဋိပက္ခသစ်အတွင်း တိုးဝင်လာခြင်းသာဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အာရှဒေသရှိ တောင်တရုတ်ပင်လယ်ပြင်အတွင်း တရုတ်နှင့်ကျန်အာရှနိုင်ငံများကြား တင်းမာမှုများပေါ် ပေါက်လာခြင်းဖြစ်သည်။ စွမ်းအင်လမ်းကြောင်းနှင့် နယ်မြေပိုင်နက်တောင်းဆိုမှု အပြင်းပွားခြင်း၊ အမျိုးသားရေးဝါဒများ ပေါ်ပေါက်လာခြင်းနှင့် တရုတ်စစ်တပ် အလျင်အမြန်တည်ဆောက်နေခြင်း၊ ဒေသတွင်း စစ်အင်အားပြိုင်ဆိုင်မှုများပေါ် လာခြင်းဆိုသည့် တင်းမာမှုများဖြစ်သည်။

တောင်တရုတ်ပင်လယ်နှင့် ဆက်စပ်ပတ်သက်နေသည့် နိုင်ငံများသည် ရေပိုင်နက်နှင့် နယ်နမိတ်အငြင်းပွားမှုသည် ဒေသဆိုင်ရာပြဿနာဟုယူဆပြီး အမေရိကန်ပါဝင်ပတ်သက်လာခြင်းသည် အင်အားကြီး နှစ်နိုင်ငံကြား စစ်ရေးတင်းမာမှုများကို ဖိတ်ခေါ်သလိုဖြစ်မည်ကို ကျန်နိုင်ငံများက နားလည်ထားသည်။ အမေရိကန်သည် ဒေသတွင်းပြဿနာကို နိုင်ငံတကာမျက်နှာစာပေါ် ရောက်အောင် ဖန်တီးလာသည်။

(၁) တရုတ်တို့ တောင်တရုတ်ပင်လယ်ပြင်ကို စိုးမိုးနိုင်သည်နှင့် အာဆီယံနိုင်ငံများ အရှုံးနှင့်ရင်ဆိုင်ရမည် ဆိုသည့်အချက်၊

(၂) တရုတ်တို့ စွာကျယ်ကျယ်ဖြစ်မှုကို အမေရိကန်၊ အိန္ဒိယနှင့် ရုရှတို့ကိုဖိတ်ခေါ်ကာ တရုတ်ကိုထိန်းသိမ်းရန် ဆိုသည့် အယူအဆ နှစ်ခုပေါ် ပေါက်လာသည်။

တောင်တရုတ်ပင်လယ်ပြင်အရေး အာဆီယံနှင့်ပေါင်းကာ တရုတ်တို့က ဖြေရှင်းချင်သည်။ ယင်းမှာ အမေရိကန်တို့ တောင်တရုတ်ပင်လယ်ပြင်တွင် ဩဇာမရောက်လာစေရေးလမ်းကြောင်း ဖြစ်သည်ဟု တရုတ်တို့က ယုံကြည်နေသည်။ အင်အားကြီးလာသော စူပါပါဝါနိုင်ငံတစ်ခုအနေဖြင့် တရုတ်တို့သည် လေးစားသမှုရှိရန်၊ နိုင်ငံတကာအသိုင်းအဝိုင်းတွင် တရုတ်တို့ဦးဆောင်မှုကို လက်ခံကြစေရန် ဆန္ဒရှိသည်။ ယင်းမှာ ၂၁ ရာစုအတွင်း စူပါ ပါဝါနိုင်ငံ ၂ ခုအကြား တွန်းတွန်းတိုက်တိုက်ဖြစ်မှုကို ပထမဆုံးအကြိမ်စတင်မြင်ရခြင်းလည်း ဖြစ်သည်။

တောင်တရုတ်ပင်လယ်ပြင်အတွင်း တရုတ်စစ်ရေး ဖြန့်ကျက်မှုနှင့် အာရှ-ပစိဖိတ်ဒေသပေါ် စိုးမိုးမှုဆိုသည့်အချက်နှစ်ချက်မှာ တင်းမာမှုများဖြစ်လာစေသည့် အကြောင်းရင်းဖြစ်သည်။ စစ်အေးခေတ်ပြီးကတည်းက အမေရိကန်တစ်ကိုယ်တော် ကမ္ဘာ့အခင်းအကျင်းသည် ယခုအခါ အမေရိကန်-တရုတ်ဦးဆောင်သော Bipolar အခင်းအကျင်းသစ်ဆီ ရွေ့သွားပြီဖြစ်သည်။ ကမ္ဘာ့ရေလမ်းကြောင်းကို မည်သူချုပ်ကိုင်မည်နည်းဆိုသည့် အချက်ကလည်း အရေးပါလာသည်။ ကမ္ဘာ့ရေကြောင်းနှင့် ရေတပ်ဖြန့်ကျက်ထားမှုသည် အမေရိကန်တို့၏ အကြမ်းဖက်မှု တိုက်ဖျက်ရေးစစ်ပွဲအတွက် အဓိကအသက်သွေးကြောဖြစ်သည်။ တရုတ်နိုင်ငံအတွက်မူ ပင်လယ်ရေကြောင်းကို ထိန်းချုပ်နိုင်မှုသည် သူ၏ရှည်လျားလှသော ကမ်းရိုးတန်းဒေသနှင့် နယ်မြေပိုင်ဆိုင်ရေး လုံခြုံမှုအတွက်အရေးပါလှသည်။

တောင်တရုတ်ပင်လယ်ပြင်သည် အရှေ့အလယ်ပိုင်းမှ ရေနံများကို အရှေ့အာရှသို့သယ်ဆောင်သည့် အဓိကရေလမ်းကြောင်းကြီးလည်း ဖြစ်သည်။ ထိုနေရာတွင် အမေရိကန်တို့ ပုလိပ်ကြီးလာလုပ်ခြင်းကို တရုတ်တို့ လက်မခံလို။ ထိုအခြေအနေကိုကျော်လွှားရန် တရုတ်တို့သည် တောင်တရုတ်ပင်လယ်ပြင်အတွင်း စစ်သင်္ဘောများ ဖြန့်ကျက်ခြင်း၊ စစ်ရေးလေ့ကျင့်မှုများ တိုးမြှင့်လုပ်ကိုင်ခြင်းနှင့် တရုတ်ကမ်းရိုးတန်းမှ အထူးစီးပွားရေးဇုန်များကို ကာကွယ်ခြင်းတို့ အတွက် ရည်ရွယ်ပြင်ဆင်လာသည်။ ၂၀၁၂တွင် တရုတ်ခေါင်းဆောင်မှု အပြောင်းအလဲ ပေါ်လာမည်ဖြစ်သည်။။ ပဉ္စမ မျိုးဆက်သို့ အာဏာလွှဲပြောင်းရာတွင် တောင်တရုတ်ပင်လယ်ပြင်ကို စိုးမိုးရေးသည် အရေးပါလာသည်။ ပင်လယ်ပြင်အတွင်း တရုတ်ကွန်မြူနစ်ပါတီ၏ အနာပေါင်း ထိုင်ဝမ်ကျွန်းသည် အမေရိကန်ထီးရိပ်အောက် မားမားကြီးရပ်ကာ အာခံနေသည် မဟုတ်ပါလော။ ယင်းတင်းမာမှုများကို အမေရိကန်တို့က ဒေသတွင်း ဆွေးနွေးပွဲများမှတစ်ဆင့် ဆုံးဖြတ်ချက်များချကာ ဖြေရှင်းလိုသည်ဟု ဆိုလာသည်။ အဘယ့်ကြောင့်ဆိုသော် တောင်တရုတ်ပင်လယ်ပြင်နှင့် ဆက်စပ်ပတ်သက်သူများသည် အမေရိကန်၏ ကျေးဇူးခံကျေးဇူးစားများဖြစ်ကြသည့် ဂျပန်၊ တောင်ကိုးရီးယားနှင့် ထိုင်ဝမ်တို့အပြင် အမေရိကန်တို့ အတင်းကာရော မဟာမိတ်ဖွဲ့ထားရသည့် ဗီယက်နမ်၊ အင်ဒိုနီးရှားနှင့် မလေးရှားတို့ ပါဝင်နေခြင်းကြောင့်ဖြစ်သည်။

တောင်တရုတ်ပင်လယ်ပြင်အတွင်း အငြင်းပွားမှုသည် အာဆီယံ+၈ ဆွေးနွေးပွဲများဖြင့် ညှိနှိုင်းနိုင်ပြီး အမေရိကန်-တရုတ်ကြား ပြဿနာဖြေရှင်းလိုသော ခံယူချက်များရှိနေရန် အဓိကလိုအပ်သည်။ တရုတ်တို့က ကမ္ဘာ့စူပါပါဝါအနေအထားသို့ လွတ်လွတ်ကျွတ်ကျွတ် မရောက်မချင်း အချိန်ဆွဲကာ သည်းခံမည်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် တရုတ်တို့သည် စစ်မျက်နှာများကို အများကြီးဖွင့်ကာ စစ်မခင်းလိုကြ။ တောင်တရုတ်ပင်လယ်အတွင်း တရုတ်အကျိုးစီးပွားများကို တတ်နိုင်သမျှ ထိန်းချုပ်ရင်း အိန္ဒိယသမုဒ္ဒရာအတွင်း မဟာဗျူဟာခြေလှမ်းများကို လှမ်းရဦးမည်ဖြစ်သည်။ ကမ္ဘာ့ရေနံတင်သင်္ဘောများ မလက္ကာရေလက်ကြားသို့ ဖြတ်ကျော်ပြီး တောင်တရုတ်ပင်လယ်အတွင်း ဖြတ်သန်းမှုလျော့ပါးသွားခြင်းသည် အိန္ဒိယသမုဒ္ဒရာတွင်းရှိ ပုလဲသွယ်စီမံကိန်းအရ တရုတ်တို့ ပိုမိုအကျိုးရှိနိုင်မည့် နောက်ထပ်ဖဲတစ်ချက် ဖြစ်နေခြင်းကြောင့်ဖြစ်သည်။ တရုတ်နိုင်ငံ ကမ္ဘာ့အင်အားကြီး နိုင်ငံအဆင့် ရောက်ရှိလာခြင်းသည် ဒေသတွင်း အမေရိကန် အကျိုးစီးပွားများကို ဖယ်ရှားပြီး အမေရိကန်အခြေစိုက်စခန်း များကို ဖျက်သိမ်းစေရေးအထိ ဖြစ်လာပါက အာရှဒေသတွင် တရုတ်တို့သည် စစ်ရေး၊ ကာကွယ်ရေး၊ လုံခြုံရေးအရ အစစအရာရာ သာလွန်သော အနေအထားသို့

ရောက်သွားမည်သာ ဖြစ်သည်။ ယနေ့ကာလသည် တရုတ်တို့ ထိုမဟာဗျူဟာ အိပ်မက်ဆီသို့ရောက်ရန် တစ်လှမ်းချင်းသွားနေသည့် အချိန်ဖြစ်သည်။ ရေပြင်၊ ဝေဟင် စိုးမိုးရေး၊ ဒေသတွင်း အချက်အခြာကျသော ဗျူဟာများ တည်ဆောက်ကာ တရုတ်နိုင်ငံ၏ စီးပွားရေး၊ တည်ငြိမ်ရေးနှင့် ဟာမိုနီဖြစ်ရေးတို့အတွက် ၂၁ ရာစု စူပါပါဝါကြီးသည် လူးလွန့်လာနေသည်။

တရုတ်နှင့် အတူတကွ ချမ်းသာ၊ အတူတကွ ပျော်ရွှင်စွာစံစား၊ ဒေသတွင်းလုံခြုံရေးနှင့် ကာကွယ်ရေးအတွက် တရုတ်တို့ တာဝန်ယူပေးမည်စသည့် အာရှအိပ်မက်ဖြစ်သည်။ ထိုအိပ်မက်တွင် အနောက်တိုင်းသားတို့မပါ။ အနောက်တိုင်းသားတို့ကို အားကိုးသူများကို တရုတ်နဂါးကြီးအကြောင်းပြမည်။ တရုတ်နိုင်ငံကို တစ်စစီမွှေနှောက်ဖျက်ဆီးသွားသည့် အတိတ်ကဒဏ်ရာများကို ပြန်လည်ကုစားမည်။ ဟန်တရုတ်တို့၏ ခေတ်သစ်သည် အာရှ၏ခေတ်သစ်ဖြစ်ရမည်ဟု ကြွေးကြော်သည်။

တရုတ်နိုင်ငံ၏ အားသာချက်မှာ တရုတ်သည် ဒေသတွင်းနိုင်ငံများ၏ ပြည်တွင်းရေးအခြေအနေများကြောင့် ဖြစ်ပေါ်လာသော အခက်အခဲများအပေါ် အခွင့်ကောင်းမယူ၊ အရှက်မခွဲ။ ဖိအားပေးခြင်းထက် တိုးတိုးတိတ်တိတ်ဖြောင်းဖျခြင်းကို ဆောင်ရွက်လိုသည်။ ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေး မီးရှူးမီးပန်းဖောက်ပြီး မျက်နှာပျက်အောင်မလုပ်။ ကိုယ်ကြိုက်တာကိုယ်လုပ်၊ ကိုယ့်တာဝန်ကိုယ်ယူ စသည့် ခံယူချက်မျိုးရှိသည်။ အကျိုးစီးပွားတူလျှင် လက်တွဲလုပ်ဆောင်မည်။ အပြန်အလှန် အကျိုးစီးပွားကို ကာကွယ်ပေးမည်။ ထိုအခင်းအကျင်းသစ်သည် ကိုလိုနီဘဝရောက်ခဲ့ဖူးသော ဒေသတွင်းနိုင်ငံများအတွက် စိုးရိမ်သောကများ လျော့ပါးသွားစေနိုင်သည်။

သို့သော် တရုတ်နိုင်ငံ အကျပ်ကိုင်လာပါက တန်ပြန်ချိန်ခွင် လျှာထိန်းရန် အခြားအင်အားကြီးနိုင်ငံများနှင့် ပေါင်းသင်းလိုကြသည်။ ကံကိုယုံပြီး ဆူးပုံကိုမနင်းချင်ကြ။ ယင်းမှာ တောင်တရုတ်ပင်လယ်ပြင်အတွင်းမှ စိုးရိမ်သောကများ ဖြစ်သည်။ အနာဂတ်တွင် တရုတ်တို့ ထိန်းမနိုင်သိမ်းမရဖြစ်သည်ကို ခံရမည်ထက် ယနေ့အချိန်တွင် အမေရိကန်သိမ်းငှက်ကြီး တရစ်ဝဲဝဲရှိနေခြင်းသည် တည်ငြိမ်မှုကို ထိန်းထားနိုင်မည်ဟု ဒေသတွင်းနိုင်ငံများက ယူဆကြသည်။

ဒေသတွင်းအခင်းအကျင်းတွင် အမေရိကန်တို့ပါဝင်ပတ်သက်မှုကို မြင်တွေ့လိုခြင်းသည် အာဆီယံနှင့်ဂျပန်၊ တောင်ကိုရီးယားတို့၏ ဆန္ဒဖြစ်သည်။ ယင်းမှာ တောင်တရုတ်ပင်လယ်ပြင်ဆိုင်ရာ တည်ငြိမ်ရေးနှင့် လုံခြုံရေးဖြစ်သည်။ မြန်မာနိုင်ငံအတွက်မူ အိန္ဒိယသမုဒ္ဒရာစိုးမိုးရေးကို ရည်မှန်းချက်ထားသောမဟာဗျူဟာကို မျက်ခြေပျက်ခံရန်မသင့်ပေ။ အိန္ဒိယသမုဒ္ဒရာနှင့် ဆက်စပ်နေသော ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်သည် တရုတ်တို့၏ မဟာဗျူဟာမြောက် ပင်လယ်ထွက်ပေါက်ကြီးဖြစ်နေသောကြောင့်ဖြစ်သည်။ ယင်းထွက်ပေါက်သည် တောင်တရုတ် ပင်လယ်ပြင်ထဲက တွန်းထိုးမှုများကို အကြီးအကျယ်စိန်ခေါ်နိုင်သော အနေအထားတွင် ရှိနေခြင်းကြောင့်ဖြစ်သည်။

တရုတ်သမိုင်းတွင် သမုဒ္ဒရာကြီးနှစ်စင်းကို စိုးမိုးရမည်ဆိုသည့် အိပ်မက်ကြီးကြီးရှိသည်ကို လူတိုင်းသတိပြုရတော့မည်။

## အီးယူက အချစ်ကို ကိုးကွယ်သတဲ့လား ...။

မြန်မာကို ပိတ်ဆို့ဒဏ်ခတ်ထားပြီး ဒီမိုကရေစီရေးပြုပြင်ပြောင်းလဲမှုများကို လုပ်ဆောင်နိုင်ရန် ရည်ရွယ်ချက် ချမှတ်ခဲ့သည့် အမေရိကန်တို့၏ အရေးယူမှုများသည် ၁၅ နှစ်ကြာမြင့်ခဲ့ပြီးနောက် မအောင်မြင်သည့်အပြင် အလုပ်မဖြစ်သည်ကိုပါ နားလည်သဘောပေါက်လာခဲ့ကြသည်။ ပိတ်ဆို့အရေးယူမှုများသည် ၂၆ နှစ်ကျော်ကြာ တံခါးပိတ်ဝါဒကျင့်သုံးခဲ့သည့် နိုင်ငံအပေါ် ထိခိုက်မှုများသာ သယ်ဆောင်လာခဲ့သည်။ အချုပ်ဆိုရသော် အမေရိကန်တို့၏ တစ်ကိုယ်တော်အရေးယူမှုများသည် ၎င်းပိတ်ဆို့မှုများကိုအားခံပြီး ဆန့်ကျင်ဘက်ပေါ်လစီများဖြင့် မြန်မာ့အိမ်နီးချင်းများက ချမှတ်ခဲ့ခြင်းကြောင့် မအောင်မမြင်ဖြစ်ခဲ့ရသည်။

အမေရိကန်ပြည်ထောင်စုနည်းတူ ဥရောပသမဂ္ဂ (အီးယူ) က မြန်မာနိုင်ငံအပေါ် အရေးယူဒဏ်ခတ်သည့်အခါ မြန်မာပြည်သူများကို ထိခိုက်မည်ထက် အုပ်ချုပ်သူအစိုးရများကိုသာ ပစ်မှတ်ထားသဖြင့် အောင်မြင်မည်ဟု ယူဆခဲ့သည်။ ၁၉၉၆ မှ စတင်ခဲ့သော အီးယူ၏ ပိတ်ဆို့မှုများမှာ လက်နက်ရောင်းချခြင်း၊ ကာကွယ်ရေးဆိုင်ရာ ပူးတွဲဆောင်ရွက်ခြင်း၊ လူသားချင်းစာနာသော ကူညီမှုမှလွဲပြီး ကျန်ထောက်ပံ့မှုများကို ရပ်တန့်ခြင်းနှင့် အစိုးရအာဏာပိုင်များအပေါ် ပြည်ဝင်ခွင့်ဗီဇာပိတ်ပင်ခြင်းတို့ ဖြစ်သည်။

အီးယူ၏အရေးယူမှုများ မအောင်မမြင်ဖြစ်ခဲ့ရသည့် အကြောင်းရင်းများစွာအနက် ပြည်ပမှဝင်ရောက်စွက်ဖက်မှု ဆိုသည့် ခံစားချက်ဖြစ်ပေါ်စေသည့်အချက်၊ မြန်မာ့နိုင်ငံရေးတွင် တပ်မတော်၏အခန်းကဏ္ဍကိုဖယ်ကျဉ်ထားသည့်အချက်၊ မြန်မာအပေါ်ပိတ်ဆို့မှုများသည် မြန်မာ့အိမ်နီးချင်းတို့၏မူဝါဒများဖြင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေသောအချက်နှင့် မြန်မာနည်းမြန်မာ့ဟန်အသွင်ကူးပြောင်းမှုကို ငြင်းဆန်သည့်အချက်တို့သည် အဓိကပါဝင်နေသည်။

မြန်မာပြည် ဒီမိုကရေစီအသွင်ကူးပြောင်းရေးဖြစ်စဉ်တွင် အီးယူသည် အဓိကအချက် ၂ ချက်ကို လျှော့တွက်ခဲ့ သည်။ ပထမအချက်မှာ မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီစနစ်သို့ ဖွံ့ဖြိုးပုံကျကျ မည်သို့ကူးပြောင်းနိုင်မည်နည်း (သို့) ဒီမိုကရက်တစ် မြန်မာဖြစ်လာစေရန် မည်သို့တစ်ဆင့်ခြင်း ပြောင်းလဲမည်နည်း ဆိုသည့် မေးခွန်းဖြစ်ပြီး ဒုတိယအချက်မှာ မြန်မာ့နိုင်ငံရေး၏ အရေးပါသော တိုင်းရင်းသားလူမျိုးစုများဖြင့် ပြည်ထောင်စုစနစ်တစ်ခုကို အောင်မြင်အောင် မည်သို့အကောင်အထည်ဖော်မည်နည်းဆိုသည့် အချက်တို့ဖြစ်သည်။

တံခါးပိတ်ဆိုရှယ်လစ်ဝါဒအောက်တွင် ပြည်သူလူထုအား အလုပ်အကျွေးပြုရမည့် ပေါ်လစီသည် ကျဆုံးခဲ့သည်။ ဗြူရိုကရေစီတစ်ခုလုံး အကျင့်ပျက် ခြစားမှုများဖြင့်ပြည့်နှက်ခဲ့ရသည်။ စီးပွားရေး ဘဝတစ်ခုလုံး ပျက်စီးခြင်းအောက်တွင် နိုင်ငံ၏အခြေအနေမှာ ပြန်လည်နလန်ထရန် မျှော်လင့်ချက်ဝေးခဲ့ရသည်။ ထိုအခြေအနေအောက်တွင် တံခါးဖွင့်လိုက်သော မြန်မာပြည်အတွက် ရင်ဆိုင်လိုက်ရသည်မှာ အင်အားကြီးနိုင်ငံများ၏ ပိတ်ဆို့ဒဏ်ခတ်မှုများဖြစ်သည်။ အကြောင်းရင်းမှာ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို လုပ်ဆောင်ရန် ပျက်ကွက်မှုနှင့် လူ့အခွင့်အရေးကို လေးစားလိုက်နာရန် ပျက်ကွက်မှုတို့ကြောင့် ဖြစ်သည်။

သို့သော် အဆိုပါ ပိတ်ဆို့မှုများကြောင့် ဘေးထွက်ဆိုးကျိုးများသာ ဖြစ်ပေါ်ခဲ့ရသည်။ အသွင်ကူးပြောင်းမှု အရှိန်နှေးသွားခြင်း (သို့) ရပ်တန့်လုမတတ်ဖြစ်သွားခြင်း၊ အသွင်ကူးပြောင်းရေးဖြစ်စဉ်တွင် မရှိမဖြစ်အရေးပါသော ပြည်သူများမှာ စီးပွားရေးခြွတ်ခြုံကျမှုကြောင့် နိုင်ငံရေးနှင့်ဝေးကွာသွားခြင်း၊ လုံခြုံရေးအဓိက တည်ငြိမ်ရေးအဓိက

ပေါ်လစီအားကောင်းလာပြီး နိုင်ငံသားအခွင့်အရေးများ လုံးဝဆုံးရှုံးသွားခြင်းနှင့် ဒီမိုကရေစီလှုပ်ရှားမှုဘောင် မျိုးဆက်တို့၏ လှုပ်ရှားမှုစွမ်းအားအရင်းအမြစ်များ ပျက်သုန်းလုမတတ်ဖြစ်သွားခြင်း (ဦးနောက်ပြုန်းတီးခြင်းနှင့် ဦးနောက်ယိုစီးခြင်း)၊ ရယ်ဒီကယ်လမ်းကြောင်း ပိုမိုအမြစ်တွယ်လာစေခြင်းစသည့် အကျပ်အတည်းများကို ရင်ဆိုင်လိုက်ရသည်။

၂၀၀၄ မှစတင်ကာ အီးယူသည် မြန်မာနိုင်ငံအား ASEM အီးယူ-အာဆီယံ ထိပ်သီးအစည်းအဝေးများတွင် ပါဝင်ခွင့်ပြုခဲ့သည်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအား အတည်ပြုပြီးနောက်ပိုင်း ၂၀၁၀ တွင် ကျင်းပခဲ့သည့် ရွေးကောက်ပွဲများနှင့် စပ်လျဉ်းကာ ပေါ်လစီ ပြန်လည်သုံးသပ်ချက်များ စတင်ပြုလုပ်လာခဲ့သည်။ အီးယူအနေဖြင့် မြန်မာနိုင်ငံကို အရေးယူထားသည့်မူကိုသာ ဆုပ်ကိုင်ထားပါက ပြောင်းလဲတိုးတက်လာမည့် အခြေအနေများကို လက်လွတ်ဆုံးရှုံးရဖွယ်ရှိသည်ဆိုသည့် အချက်သည် တကယ်ဖြစ်လာတော့သည်။

ထိုအခါ မြန်မာအစိုးရနှင့် တိုက်ရိုက်စေ့စပ်ပြီး ဒီမိုကရက်တိုက်ဖေးရှင်းဖြစ်စဉ် စနစ်တကျပေါ်ပေါက်လာအောင် တွန်းအားပေးသွားမည့် ပေါ်လစီဖြစ်ပြီး တိုးတက်မှုများမပေါ်ပေါက်မချင်း အရေးယူထားသည်ကို ဖယ်ရှားပေးသွားမည်မဟုတ်ဆိုသည့် မူအသစ်ကို စဉ်းစားလာကြသည်။ ၂၀၀၉ တွင် အမေရိကန်သမ္မတ ဘားရတ်အိုဘားမားက မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်ပေါ်လစီကို ပြန်လည်သုံးသပ်နေချိန်တွင် အီးယူဘက်မှလည်း စဉ်းစားချက်များရှိလာခြင်းဖြစ်သည်။

ဒဏ်ခတ်ပိတ်ဆို့အရေးယူမှုသည် မြန်မာပြည် ဒီမိုကရက်တိုက်ဖေးရှင်းအတွက် မအောင်မြင်ပါဆိုသည့် နားလည်သဘောပေါက်မှုများ ပိုမိုကျယ်ပြန့်လာပြီး ဝေဖန်သံများထွက်လာချိန်တွင် အီးယူနှင့် အမေရိကန်တို့သည် မူဝါဒသစ်များကို ရှာဖွေလေ့လာကြတော့သည်။ မြန်မာနိုင်ငံအတွင်း အပြောင်းအလဲအနည်းငယ်ကို စတင်တွေ့လာရပြီဆိုသည့်အချိန်တွင် ယင်းဖြစ်ရပ်ကို အရှိန်အဟုန်တင်ရန် တိုက်ရိုက်စေ့စပ်ဆွေးနွေးမည်ဆိုသည့်မူနှင့် ယင်းဖြစ်ရပ်များ နောက်ပြန်မသွားစေရန်၊ ရပ်တန့်မနေစေရန် ဆက်လက်ဖိအားပေးသည့်အနေဖြင့် ပိတ်ဆို့ထားမှုများကို ဆက်လက်ထားရှိသွားမည်ဆိုသည့် မူနှစ်ခုကို ပေါင်းစပ်လိုက်သော ပေါ်လစီသစ်တို့ဖြစ်လာသည်။

အဆိုပါ Two-Level Game ပေါ်လစီသစ်အရ အီးယူသည် တိုက်ရိုက်စေ့စပ်မှုများကို လုပ်ဆောင်ရင်း ပြည်ဝင်ခွင့်ပိတ်ထားသော ဗီဇာဆိုင်ရာအရေးယူမှုကို အကန့်အသတ်ဖြင့် ဖြေလျှော့ပြလိုက်သည်။ အမေရိကန်ကလည်း မြန်မာအစိုးရနှင့် တိုက်ရိုက်စေ့စပ်ရန် အထူးသံကိုယ်စားလှယ် ဒဲရစ်မစ်ချဲလ်ကို ခန့်အပ်ခြင်းသည် လက်တွေ့ကျသော နိုင်ငံရေးကိုချဉ်းကပ်လာသည်ဟု အီးယူကရှုမြင်သည်။

၂၀၁၀ ရွေးကောက်ပွဲ၊ ၂၀၁၁ အရပ်သားအစိုးရ ပေါ်ပေါက်လာမှုနှင့် လွှတ်တော်နိုင်ငံရေးနှင့်အတူ ဒီမိုကရက်တစ် အင်စတီကျူးရှင်းများ ရုပ်လုံးပေါ်လာမှုတို့သည် အီးယူ၏မူဝါဒဆိုင်ရာ အပြောင်းအလဲများတွင် အရေးပါသော ခြေလှမ်းများဖြစ်သည်။ အမေရိကန်ပြည်ထောင်စုနှင့် သိသိသာသာခြားနားချက်မှာ ဂျာမနီဦးဆောင်သော အီးယူသည် မြန်မာပြည်တွင်းမှ နိုင်ငံရေးပါတီကြီးတစ်ခုအပေါ် မျက်စိမှိတ်ထောက်ခံမှုတို့ လုံးဝမပြုလုပ်တော့ခြင်း ဖြစ်သည်။ အီးယူသည် လက်တွေ့အလုပ်ဖြစ်သော နိုင်ငံရေးကစားကွက်၌ နိုင်ငံရေးအင်အားစုများ တန်းတူရည်တူ ဝင်ရောက် ပါဝင်သော အခင်းအကျင်းကို ထောက်ခံလာသည်။

ယခင်အစိုးရလက်ထက်တွင် အားကောင်းသော အတိုက်အခံအင်အားစုအဖြစ်ရပ်တည်နေမှုကို မျက်စိမှိတ် ထောက်ခံနေခြင်းသည် ၂၀၁၁ အခင်းအကျင်းနှင့် ဝေးကွာသွားနိုင်ကြောင်း အီးယူက သဘောပေါက်လာသည်။ အီးယူ၏ သဘောထားအမြင်များသည် မြန်မာနိုင်ငံကိုချဉ်းကပ်ရာ တရုတ်-အိန္ဒိယနှင့် အာဆီယံတို့၏ မူဝါဒဆိုင်ရာ

အမြင်များနှင့် ထပ်တူကျလာအောင် ကြိုးစားနေသည်ဟု စွပ်စွဲနိုင်သည်။ အဘယ့်ကြောင့်ဆိုသော် ၂၀၀၃တွင် အီးယူသည် တရုတ်၏ မဟာဗျူဟာမြောက် လက်တွဲဖော်ဖြစ်လာခဲ့ပြီး တရုတ်၏မဟာဗျူဟာမြောက် ပါတနာဖြစ်လာသော မြန်မာနှင့် စေ့စပ်ရေးသည်သာ အားလုံးလိုလားသော ပန်းတိုင်သို့သွားနိုင်မည်ဟု ယုံကြည်လာခြင်းကြောင့်လည်း ဖြစ်သည်။

၂၃ နှစ်ကြာ ဒီမိုကရေစီးရေးအတွက် ဆောင်ရွက်ခဲ့မှုများအပေါ် အီးယူက အသိအမှတ်ပြုသော်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေဘောင်အတွင်း နိုင်ငံရေးကစားကွက်ကို မဖော်ဆောင်သည့် အင်အားစုများကို မျက်စိမှိတ် မထောက်ခံတော့။ ပေါ်လစီအချိန်းအပြောင်းကြီးကို အာပေါင်အာရင်းသန်သန်မပြောတော့ဘဲ သံခင်းတမန်ခင်းနည်းဖြင့် မြန်မာအစိုးရနှင့် တိုက်ရိုက်ညှိနှိုင်းစေ့စပ်ခြင်း၊ ပူးပေါင်းလုပ်ဆောင်ခြင်းများကို စတင်ဆောင်ရွက်တော့သည်။ သိသာထင်ရှားသော အချက်တစ်ချက်မှာ ပြည်ပရှိ မြန်မာအတိုက်အခံအဖွဲ့အစည်းများသို့ နှစ်ပေါင်းများစွာ ထောက်ပံ့လာခဲ့သော ငွေကြေးများကို ရာခိုင်နှုန်းအနည်းဆုံးသို့လျှော့ချလိုက်ပြီး မြန်မာနိုင်ငံဆိုင်ရာ ထောက်ပံ့ရေး ငွေများကို ပြည်တွင်းသို့သာ ပံ့ပိုးရေးလမ်းကြောင်းပြောင်းသွားသည် အီးယူသည U-turn လုပ်လိုက်သည်။

၂၀၁၂ ဘက်ဂျက်ရာသီမတိုင်မီ ၂၀၁၁ ဆောင်းရာသီတွင် ဘဏ္ဍာရေးဖြတ်တောက်မှု၊ ထောက်ပံ့မှုတို့ ရပ်ဆိုင်းလုနီးနီးဖြစ်သွားသော အခြေအနေကို ပြည်ပရောက်အင်အားစုများ ရင်ဆိုင်လိုက်ရသည်။ ယင်းအခြေအနေသည် ၂၀၁၅ မတိုင်ခင်မှသာ ရင်ဆိုင်ရမည်ဟု ထင်မှတ်ထားသော်လည်း အခြေအနေချက်ချင်းပြောင်းလဲသွားရန် ပြင်ဆင်ထားမှုများမရှိခဲ့ကြ။ Exiled Community ၏ အမှီအခိုကြီးမှုသည် သူတို့ ရပ်တည်ရေးအတွက် ကြောင်ကျကျ စိန်ခေါ်မှုကို ရင်ဆိုင်လိုက်ရတော့သည်။

## ဘန်ဒေါင်း အင်စတောလ်လေးရှင်း

၂၁ရာစု မြန်မာနိုင်ငံ (တစ်နည်းအားဖြင့်ဆိုသော် ၂၀၁၁ လွန် မြန်မာပြည်အခင်းအကျင်း) သည် ကမ္ဘာ့အင်အားကြီးနိုင်ငံများ၏ အာရုံစိုက်မှုကို ရရှိလာစေသည့်အပြင် နိုင်ငံတကာ အသိုင်းအဝိုင်းအတွင်း မြန်မာနိုင်ငံ ပြန်လည်တိုးဝင်လာသည့် ခြေလှမ်းများကို မြင်ရသည့်ကာလလည်း ဖြစ်သည်။ မဟာစုပါ ပါဝါ အင်အားကြီးနိုင်ငံများ ဖြစ်လာမည့် တရုတ်နှင့် အိန္ဒိယ၊ လက်ရှိတစ်ကိုယ်တော် အင်ပါယာကို ကျားကန်ထိန်းသိမ်းနေရသော အမေရိကန်နှင့် အုပ်စုအသွင်သဏ္ဍာန်ဖြင့် ကမ္ဘာ့အလယ် ထိုးထွက်လာနေသော အာဆီယံတို့ကြား မြန်မာနိုင်ငံသည် လွတ်လပ်ရေးရကာစ ကာလကတည်းက ကျင့်သုံးခဲ့သော ဘက်မလိုက်သော၊ ကြားနေပြီး လွတ်လပ်သော နိုင်ငံခြားရေးမူဝါဒဖြင့် အစမ်းသပ်ခံရတော့မည် ဖြစ်သည်။

မြန်မာသည် နိုင်ငံတကာ အသိုင်းအဝိုင်းသို့ တိုးဝင်သည့်အခါ မရှိမဖြစ် မိတ်ဆွေနိုင်ငံများ လိုအပ်သလို (Tran-Asian Corridor) လမ်းမကြီး၏ လမ်းဆုံတွင်ရှိနေသော၊ အိန္ဒိယ၊ တရုတ်၊ အာဆီယံနှင့် အမေရိကန်တို့၏ အကျိုးစီးပွားများရောယှက်နေသော၊ အိန္ဒိယသမုဒ္ဒရာထွက်ပေါက်၏ မဟာဗျူဟာကျသည့်နေရာတွင် တည်ရှိနေသော မြန်မာနိုင်ငံအား နိုင်ငံတကာ အသိုင်းအဝိုင်းကလည်း အပြန်အလှန် လိုအပ်နေသည်သာ ဖြစ်သည်။ မြန်မာပြည် ဒီမိုကရက်တိုက်ဖေးရှင်းနှင့် ပတ်သက်ပြီး အိန္ဒိယ၊ တရုတ်နှင့် အာဆီယံတို့၏ သဘောထားများကို အမေရိကန်အပါအဝင် အီးယူနိုင်ငံများ၏ သဘောထားများက မကျော်လွှန်နိုင်ခဲ့ပေ။ ထိုအခါ

မြန်မာပြည်တွင်း ၂၀၁၁ အလွန် အသွင်ကူးပြောင်းရေးများကို အရေးပါသော ဗျူဟာမြောက်နိုင်ငံများ၏ စာနနားလည်မှု၊ ထောက်ခံအားပေးမှုတို့ အပြည့်အဝရရှိထားသဖြင့် အနောက်ပေါ်လစီတို့ ကျဆုံးခဲ့ရသည်ဟု လွယ်လွယ်ပင် မှတ်ချက်ချနိုင်ခြင်းဖြစ်သည်။

အရှေ့ပေါ်လစီမှာ အဘယ်နည်း။ အဘယ့်ကြောင့် မြန်မာသည် အရှေ့တိုင်းသား၏ ပေါ်လစီကို ဆုပ်ကိုင်ခဲ့ရ သနည်း။ အရှေ့တိုင်းသားပေါ်လစီမှာ မည်မျှအလုပ်ဖြစ်သနည်း။ ထိုမေးခွန်းများအတွက်အဖြေသည် မြန်မာနိုင်ငံ ဖြတ်သန်းခဲ့ရသော နိုင်ငံရေး၊ စီးပွားရေးဘဝများက နိုင်ငံခြားရေးရာ ပေါ်လစီများကို ထင်ဟပ်ခဲ့ရခြင်း ဖြစ်သည်။ မြန်မာတို့ တသွေမတိမ်း ရှုမြင်လက်ခံခဲ့သည့် အရှေ့တိုင်းသား ပေါ်လစီသည် ၁၉၅၀ တွင် အိန္ဒိယ၊ တရုတ်၊ မြန်မာအပါအဝင် တတိယအင်အားစုများ စုစည်းကာချမှတ်ခဲ့သည့် ဘန်ဒေါင်းညီလာခံမှ ထွက်ပေါ်လာသည့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး ၅ ချက် ဖြစ်သည်။

တစ်နိုင်ငံ၏ နယ်မြေနှင့်အချုပ်အခြာအာဏာကို ကျန်နိုင်ငံများက ရိုသေလေးစားရေး၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ မကျူးကျော်၊ မစော်ကားရေး၊ တစ်နိုင်ငံ၏ပြည်တွင်းရေးကို ကျန်နိုင်ငံများက ဝင်ရောက် မစွက်ဖက်ရေး၊ တန်းတူညီမျှရေးနှင့် နှစ်ဦးနှစ်ဖက်အကျိုးရှိရေးနှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးဆိုသည့် မူ ၅ ချက်သည် မြန်မာ၊ တရုတ်နှင့် အိန္ဒိယနိုင်ငံတို့ကြား အရေးပါသော ဘန်ဒေါင်းမူကြီးများ ဖြစ်သည်။။ အာဆီယံနိုင်ငံသည်ပင် ဘန်ဒေါင်းမူ၏ အချက်များအနက် အဖွဲ့ဝင်တစ်နိုင်ငံ၏ ပြည်တွင်းရေးကို ကျန်နိုင်ငံများက ဝင်ရောက်မစွက်ဖက်ရေးကို ဦးစားပေးကာ ထူထောင်ခဲ့သည်။ မြန်မာသည် အာဆီယံသို့ ဝင်ရောက်ခဲ့ရသည့် ရည်ရွယ်ချက်များမှာ ဘန်ဒေါင်းမူ၏ အချက်အလက်များ ပါဝင်နေခြင်းကြောင့် ဖြစ်သည်။

ထိုအခါ ဘန်ဒေါင်းမူဆိုင်ရာ အချက်အလက်များသည် ထိုဒေသတွင်း မြန်မာနှင့် ပတ်သက်ဆက်စပ်ရသော နိုင်ငံများ ကိုင်စွဲဖို့ လိုလာသော၊ အင်စတောလ်လုပ်ဖို့ လိုအပ်လာသော နိုင်ငံခြားရေးမူများ ဖြစ်လာသည်။ ဘန်ဒေါင်း အင်စတောလ်လေးရှင်းကြောင့် မြန်မာသည် စူပါပါဝါနိုင်ငံများ ပတ်ပတ်လည်ကြားမှ ဂုဏ်သိက္ခာရှိရှိရပ်တည်နိုင်မည့် နိုင်ငံတစ်ခုဖြစ်လာရေးဆိုသည့် မျှော်မှန်းချက်ချမှတ်လာသည်။ သို့သော် အဆိုပါ အင်စတောလ်လေးရှင်း ကောင်းမွန်စွာ အလုပ်အကျွေးပြုစေရန်အတွက် မြန်မာနိုင်ငံသည် အမြင်ကျယ်သော၊ ဈေးကွက်စီးပွားရေးအခြေခံသော လစ်ဘရယ်ဒီမိုကရေစီကို ဦးစွာအင်စတောလ်လုပ်ရန် လိုအပ်သည်။

တည်ငြိမ်သော လစ်ဘရယ် ဒီမိုကရက်တိုက်ဖေးရှင်း ပြည်တွင်း၌ အမြစ်မတွယ်ဘဲ၊ ဒီမိုကရက်တစ် အင်စတီကျူးရှင်းများ အားမကောင်းဘဲ မဟာဗျူဟာလမ်းဆုံပေါ် အကျိုးစီးပွားအသီးသီးဖြင့် ခြေချင်းလိမ်လာမည့် လက္ခဏာများကို ကုသနိုင်မည်မဟုတ်ပေ။ ဒီမိုကရေစီ၏ အသီးအပွင့်များ အခြေခံမရှိဘဲ နိုင်ငံတကာအင်အားစုများနှင့် ယှဉ်ပြိုင်ကစားနိုင်မည် မဟုတ်ဆိုသည့် အချက်သည် အရေးပါသည်။ နောက်ထပ် အရေးပါသောအချက်မှာ အာဆီယံ၏ ၂၀၁၅ စီးပွားရေးအသိုင်းအဝိုင်းကြီး ပေါ်ပေါက်လာမှုဖြစ်သည်။ ၂၀၁၅ တွင် အာဆီယံသည် လူ၊ အရင်းအမြစ်၊ ငွေနှင့်နည်းပညာများ အတားအဆီးမရှိ လွတ်လပ်စွာ စီးဆင်းတော့မည် ဖြစ်သည်။ အာဆီယံတစ်ခုလုံး၏ လူဝင်မှုကြီးကြပ်ရေးမှုနှင့် ကုန်သွယ်ရေး၊ ဘဏ္ဍာရေးများသည် အဖွဲ့ဝင်နိုင်ငံအချင်းချင်းကြား လွတ်လပ်စွာ လူးလာခေါက်တုန့် ဖြစ်တော့မည်။ ထိုအခါ ဒေသတစ်ခုလုံး ပေါင်းစည်းမှုသည် စီးပွားရေးမှသည် နိုင်ငံရေး၊ နိုင်ငံခြားရေး၊ ကာကွယ်ရေးစသည့် နယ်ပယ်များအထိ ကျယ်ပြန့်လာတော့မည်။ ၂၀၁၅ အာဆီယံကွန်မြူနီတီအတွက် ၂၀၁၄ တွင် အာဆီယံ ဥက္ကဋ္ဌအဖြစ်

တာဝန်ယူရမည့် မြန်မာနိုင်ငံအတွက် လုပ်ဆောင်နိုင်စွမ်းမည်မျှရှိသနည်းဆိုသည့် မေးခွန်းအတွက် အခုကတည်းက ပြောဆိုရတော့မည်။

ထိုအခြင်းအရာများအတွက် မြန်မာသည် ဒီမိုကရေစီ ကျန်းမာရေးကောင်းမွန်သန်စွမ်းစေရန် ပြုပြင်ပြောင်းလဲမှုများ မဖြစ်မနေလုပ်ရတော့မည်ဖြစ်သည်။ နိုင်ငံရေးတည်ငြိမ်မှုနှင့် စီးပွားရေးတိုးတက်မှု အခြေခံကောင်းများရရှိထားပြီးသော အာဆီယံနိုင်ငံများနှင့် အိန္ဒိယ၊ တရုတ်တို့နှင့် တွဲဖက်ကာ နိုင်ငံတကာအခင်းအကျင်းတွင် တာဝန်ယူမှုရှိသော နိုင်ငံတစ်နိုင်ငံဖြစ်လာစေရန် မြန်မာသည် ဒီမိုကရေစီစနစ် ရင်းနှီးအသားကျနေစေရန်၊ ပြူရိုကရေစီ ယန္တရားများ ပွင့်လင်းမြင်သာမှု တာဝန်ခံမှုတို့အပြင် အုပ်ချုပ်မှုကောင်းခြင်း၊ အုပ်ချုပ်ရေးစနစ်၏ တာဝန်ယူတာဝန်ခံမှုရှိခြင်း၊ တရားရေးဆိုင်ရာ ပွင့်လင်းမျှတမှုရှိခြင်းတို့သည် အဆုံးအဖြတ်ပေးမည့် အချက်များဖြစ်လာသည်။ ယင်းအချက်များမရှိဘဲ ဘန်ဒေါင်းအင်စတောလ်လေးရှင်း အောင်မြင်မည်မဟုတ်သလို နိုင်ငံကြီးများ၏ ကစားကွက်အောက် လည်သလိုလုပ်စားခံရမည့်အနေအထားသို့ ကျရောက်သွားနိုင်သည်။ ယင်းမှာ အချုပ်အခြာအာဏာအတွက် စိန်ခေါ်မှုရှိလာမည် ဖြစ်သည်။ အတိတ်ကာလခေတ်ပေါင်းနှင့် ကင်းကွာကြောင်းပြသသည့်အနေဖြင့် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာများတွင် လစ်ဘရယ်လိုက်ဇေးရှင်း (ဖြေလျှော့မှုများလုပ်ဆောင်ခြင်း) ကိုသာ ဇောက်ချလုပ်ပါက ဒီမိုကရက်တိုက်ဇေးရှင်းအတွက် အချိန်အကြာကြီးစောင့်ရဦးတော့မည်။ ဖြေလျှော့မှုများကို တစ်ဆင့်ချင်းလုပ်ဆောင်ပြီး နောက်ဒီမိုကရေစီ စံနှုန်းများကို ထပ်ချပ်မကွာ အရှိန်မြင့်လုပ်ဆောင်မှသာ အချိန်တိုတိုအတွင်း ဒီမိုကရေစီကျန်းမာသန်စွမ်းလာမည်။ ယင်းအတွက် အဓိကအကျဆုံးမှာ တရားဥပဒေစိုးမိုးရေးဖြစ်သည်။ ဥပဒေစိုးမိုးမှု မရှိသောနိုင်ငံတွင် ဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေး အောင်မြင်မည် မဟုတ်ပေ။

နောက်ပြန်ဆွဲသော မည်သည့်လမ်းကြောင်းကိုမဆို အားလုံးက ဆန့်ကျင်ကြမည်ကို အရေးတကြီးနားလည်ထားရန် လိုအပ်သည်။ ထိုအခါ ၂၀၁၁-၂၀၁၅ ကာလသည် သမ္မတ ဦးသိန်းစိန်အတွက် အလွန်အရေးပါသော ကာလဖြစ်သည်။ မြန်မာပြည်၏ အနာဂတ် မျှော်မှန်းချက်များအတွက် သူ၏အုပ်ချုပ်ရေး ၅ နှစ်တာကာလသည် ဒီမိုကရက်တိုက်ဇေးရှင်းဖြစ်စဉ် မည်မျှအောင်မြင်သည်၊ နိုင်ငံတကာအသိုင်းအဝိုင်းအတွင်းသို့ မြန်မာနိုင်ငံသည် ဘက်ပေါင်းစုံ ပြင်ဆင်ကာ မည်သို့ တိုးဝင်လာသည်အချက်များဖြင့် အရပ်သားအစိုးရ၏ ကတိကဝတ်များကို ဒေသတွင်းနှင့် နိုင်ငံတကာအသိုင်းအဝိုင်းက အကဲဖြတ်ကြမည်သာဖြစ်သည်။

၂၀၁၆ လွန် မြန်မာပြည်၏ မဟာဗျူဟာရည်မှန်းချက်များ အောင်မြင်ရေးနှင့် Home Made Style ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးသည် အချက်အခြာကျသည်။ ပြည်တွင်းရေးဆိုင်ရာ ပေါ်လစီများ၊ အခက်အခဲများကို ယခု ၅ နှစ်တာကာလအတွင်း မဖြေရှင်းနိုင်ဘဲ အင်တာနေရှင်နယ် ပလေရာများနှင့် တန်းတူညီမျှပြီး အပြန်အလှန်လေးစားမှုရှိသော အခန်းကဏ္ဍကို ဖော်ဆောင်နိုင်မည် မဟုတ်ပေ။ မြန်မာအစိုးရသစ်သည် လွန်ခဲ့သည့် ၂၃ နှစ်တာကာလအတွင်း အုပ်ချုပ်ခဲ့သည့် အစိုးရအဆက်ဆက်နှင့် မတူကွဲပြားကြောင်း၊ မြန်မာပြည်သည် ဒီမိုကရေစီလမ်းကြောင်းပေါ် လျှောက်လှမ်းရန် သံန္နိဋ္ဌာန်ပြင်းပြင်း ချမှတ်ထားကြောင်းလုပ်ရပ်များဖြင့် ပြသရတော့မည်။

၂၀၁၁-၂၀၁၅ ရာထူးသက်တမ်းအတွင်း ပြည်ထောင်စုအစိုးရသစ်၏ တာဝန်များမှာ ကြီးမားသည်။ တာဝန်ကြီးလေးသည်။ ယင်းမှာ နှစ်ပေါင်းများစွာ မြန်မာပြည်သူတို့ တောင့်တခဲ့သော ဒီမိုကရေစီစနစ်ကို စနစ်တကျအကောင်အထည်ဖော်ရမည့် အရေးဖြစ်သောကြောင့်ဖြစ်သည်။ မြန်မာ့လွတ်လပ်ရေးကာလမှ စတင်တောက်လောင်ခဲ့သော ပြည်တွင်းစစ်ကို လုံးဝရပ်တန့်ပြီး တိုင်းရင်းသားပြည်သူများအကြားလေးနက်ပြီး

အမျှော်အမြင်ရှိသော ငြိမ်းချမ်းရေးကို အကောင်အထည်ဖော်ရန်၊ နိုင်ငံရေးပါတီများနှင့် လူထုအခြေပြုအဖွဲ့အစည်းများ အင်အားကောင်းလာရေးအပြင် သတင်းစာနယ်ဇင်းမီဒီယာများအပေါ် ထိန်းချုပ်မှုများလုံးဝဖယ်ရှားရန်၊ ယိုယွင်းနေသော ပညာရေး ကျန်းမာရေးစနစ်များကို ပြည်ထောင်စုအတိုင်းအတာဖြင့် ပြုပြင်ရန်၊ အစိုးရ ယန္တယားတစ်ခုလုံး၏ လုပ်ရည်ကိုင်ရည်များကို မြှင့်တင်ပြီး ပွင့်လင်းမြင်သာသောတာဝန်ခံမှု တာဝန်ယူမှုပေါ်ပေါက်ရန်၊ အဂတိလိုက်စားမှုကို အပြင်းအထန်တိုက်ဖျက်ရန်နှင့် တရားဥပဒေစိုးမိုးရေးတို့ကို အဓိကဆောင်ရွက်ရန်တို့သည် နိုင်ငံတကာအသိုင်းအဝိုင်းသို့ တိုးဝင်ရန်လိုအပ်သော Factors ဖက်တာများ ဖြစ်သည်။

ထို့အပြင် အဆိုပါပြုပြင်ပြောင်းလဲမှုများသည် မြန်မာ့ဒီမိုကရေစီစနစ် မည်မျှကျန်းမာရေးကောင်းသည်ကို အစမ်းသပ်ခံနိုင်ရန်အတွက် အဓိကလိုအပ်သည်။ အာဆီယံအဖွဲ့အတွင်း ကျန်နိုင်ငံများထက် မြန်မာပြည်သည် လစ်ဘရယ်ဒီမိုကရေစီထွန်းကားရေး၊ ဈေးကွက်စီးပွားရေးစနစ်အောင်မြင်မှုရှိပြီး တိုးတက်ရေးနှင့်တည်ငြိမ်ပြီး ဥပဒေစိုးမိုးသော ပြည်ထောင်စုစနစ်တစ်ခု ဖော်ဆောင်ရေးသည် ပိုမိုအရေးကြီးသောကြောင့် ဖြစ်သည်။ ယင်းမှာ အမျိုးသားရေး ဂုဏ်သိက္ခာအရလည်း အရေးပါသောကြောင့်ဖြစ်သည်။

နောက်ထပ်တစ်ချက်မှာ ကမ္ဘာ့ထိပ်သီးဒီမိုကရေစီ၊ ကမ္ဘာ့ထိပ်သီးစီးပွားရေး၊ ကမ္ဘာ့ထိပ်သီး စစ်တပ်များ အသီးအသီးပိုင်ဆိုင်ကြသော စူပါပါဝါအုပ်စုတို့ကြား မြန်မာတို့ရောက်နေခြင်းသည် ပြုပြင်ပြောင်းလဲမှုများကို မဆုတ်မနစ် ဖော်ဆောင်ရမည်ဆိုသည့် ပကတိအသိတရားပင် ဖြစ်သည်။ မြန်မာ့ဒီမိုကရေစီ ကျန်းမာသန်စွမ်းရေးသည် မြန်မာနိုင်ငံ အခြေမြင့်ရန်အတွက် ဖြစ်သည်။ ထိုအခါ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနှင့် အောင်မြင်သော ပြည်ထောင်စု စနစ်သည်သာ အနာဂတ်ဖြစ်လာမည်ဖြစ်သည်။ ဧရာဝတီစကြ်ံနတစ်လျှောက် ဘန်ဒေါင်းမူများ ခိုင်မာလာစေရေးသည် အရေးကြီးသည်။ ယင်းအင်စတောလ်လေးရှင်းသည် မြန်မာ့အမျိုးသားအကျိုးစီးပွားဖြစ်သည်။

## အရှေ့မျှော် ဘောလီးစီ

ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံတွင် အိန္ဒိယအနေဖြင့် အင်အားကြီးနိုင်ငံတစ်ခုအဖြစ်ရပ်တည်လိုပါက ပန်းတိုင် ၂ ခု ရှိရမည်။ တစ်ခုမှာ တောင်အာရှဒေသနှင့် ချည်နှောင်ထားသော သံယောဇဉ်ကြိုးများကို ဖြတ်တောက်ခြင်းနှင့် အရှေ့အာရှဒေသ စီးပွားရေးစနစ်အတွင်း ပူးပေါင်းပြီး အာရှပါဝါကို ဆုပ်ကိုင်ခြင်းတို့ဖြစ်သည်။ ဒေသအတွင်း ဩဇာတည်ဆောက်နိုင်ရန် နိုင်ငံတကာ အသိုင်းအဝိုင်းအတွင်း တာဝန်ယူလိုသော၊ မိမိကြွယ်ဝမှုများကို ဒါနဖြင့် ပေးကမ်းနိုင်ရန် လုံ့လထုတ်ရမည်ဖြစ်သော်လည်း အိန္ဒိယသည် နိုင်ငံတကာ အကူအညီကိုသာ လက်ခံနေသည့်တိုင်းပြည်ဖြစ်သည်။

အိန္ဒိယ၏ GDP သည် နှစ်စဉ် ၈ ရာခိုင်နှုန်းခန့်ဖြင့် ပုံမှန်တိုးတက်နေဆဲဖြစ်ပြီး လူဦးရေမှာလည်း တရုတ်နိုင်ငံနှင့်နည်းတူ သန်းတစ်ထောင်ခန့်ကို ပိုင်ဆိုင်ထားသည့်၊ နျူကလီးယား လက်နက်နှင့် ဂြိုလ်တုဆက်သွယ်ရေးတို့အပြင် အကြီးမားဆုံးသော စစ်တပ်ကြီးကိုလည်း ပိုင်ဆိုင်ထားသည့် နိုင်ငံဖြစ်သည်။ အိန္ဒိယသည် အမေရိကန်ပြည်ထောင်စုနှင့် အီးယူတို့နှင့် ဆက်ဆံရေးနီးကပ်သော နိုင်ငံဖြစ်သော်လည်း အမေရိကန်သည် စူပါ ပါဝါရောဂါတက်နေသော အိန္ဒိယ၏အိပ်မက်များကို လွန်ခဲ့သည့် ဆယ်စုနှစ်အတွင်း လျစ်လျူပြုခဲ့သည်။

စစ်အေးခေတ်ကြီး ပြီးဆုံးသွားသည့်အခါမှ တရေးနိုးလာသောအိန္ဒိယ စူပါ ပါဝါဖြစ်လာမည့် အထင်တကြီးရှိရမည့် အချက်များကို အမေရိကန်တို့ ရှာဖွေမတွေ့ခဲ့။ တိုင်းပြည်ကြီးတိုင်း၊ လူဦးရေများတိုင်း စူပါ ပါဝါဖြစ်နိုင်မည်မဟုတ်ဟု အန်ကယ်ဆမ်သိသည်။ အီယူသည်လည်း ထိုနည်းလည်းကောင်းဖြစ်သည်။ အီးယူသည် အဖွဲ့ဝင်နိုင်ငံများ အချင်းချင်းကြား ကမ္ဘာ့ရေးရာများနှင့် ပတ်သက်လာတိုင်း အမြဲလိုလိုညီညွတ်မှုမရှိ ဖြစ်ရသည်သာချည်း ဖြစ်သည်။ ဗြိတိန်နှင့် ပြင်သစ်တို့က အမေရိကန်-အိန္ဒိယ နျူလက်နက်ဆိုင်ရာ ပူးပေါင်းမှုကို ထောက်ခံကြသော်လည်း ဂျာမနီဦးဆောင်သော ကျန်နိုင်ငံများက မနှစ်မြို့ကြ။ ထိုအုပ်စုများက တရုတ်နှင့် မဟာဗျူဟာမိတ်ဖက်များ ဖြစ်လိုကြသည်။

အိန္ဒိယသည် ရွေးချယ်စရာနှစ်ခုရှိနေသည်။ အင်အားကြီးသောနိုင်ငံ အဖြစ်နေမလား၊ စူပါ ပါဝါနိုင်ငံဖြစ်လာအောင် လုပ်မလား ဆိုသည့် နှစ်ခုဖြစ်သည်။ ထို့အပြင် အိန္ဒိယ၏ အရှေ့မျှော်နိုင်ငံခြားရေးမူဝါဒသည် အရှေ့အာရှနှင့် ပေါင်းစည်းနိုင်မည့် အခွင့်အလမ်းများရှိသဖြင့် တရုတ်နှင့် မဟာမိတ်အဖြစ်လက်တွဲပါက အင်အားကြီးနိုင်ငံအဆင့်ကို ထိန်းသိမ်းနိုင်မည်ဖြစ်သည်။ အရှေ့နှင့် ယှဉ်ပြိုင်မည်ဆိုပါက အမေရိကန်၏ ပြုစုပျိုးထောင်မှုအောက် စူပါ ပါဝါနိုင်ငံကြီးအဆင့်သို့ ရောက်လာနိုင်သည်။ ပဋိပက္ခများစွာကို ကျော်ဖြတ်ရမည့်လမ်းဖြစ်သည်။

ထိုအခါ အိန္ဒိယ၏ အရှေ့မျှော်ဝါဒနှင့် တွဲဖက်စားသုံးရမည့် ညစာသည် ဘန်ဒေါင်း အင်စတော်လ်လေးရှင်းသာ ဖြစ်သည်။ ဘက်မလိုက်သော ကြားနေပြီး လွတ်လပ်၍တက်ကြွသည့် ဘန်ဒေါင်းမူ ၅ ချက်သည် လွတ်လပ်စနိုင်ငံသစ်များအဖြစ် ပေါ်ထွက်ကာစ၌ တရုတ်၊ မြန်မာတို့နှင့် တွဲဖက်ကာ ချမှတ်သဘောတူခဲ့သည့်မူများ ဖြစ်သည်။ အရှေ့မျှော်ဝါဒနှင့် ဘန်ဒေါင်းမူများ ပေါင်းစပ်မိပါက ပဋိပက္ခများအစား တည်ငြိမ်သော၊ တိုးတက်ဖွံ့ဖြိုးသည့် အင်အားကြီးနိုင်ငံအဆင့်ကို အိန္ဒိယအနေဖြင့် ထိန်းသိမ်းနိုင်မည်။

အမေရိကန်နှင့် ဥရောပနိုင်ငံကြီးများ၏ အားပေးမှုဖြင့် အိန္ဒိယသည် စူပါပါဝါအဆင့်သို့ တက်လှမ်းရန် ရည်ရွယ်ပါက အရှေ့မျှော်ဝါဒနှင့် ကွဲကူးရေပါ ပါလာသော ပြည်တွင်းရေး ဝင်မစွက်ဖက်ရေး၊ မကျူးကျော်ရေး၊ တန်းတူရေးစသည့် အာဂျန်ဒါများသည် အမေရိကန်ဦးဆောင်သော အနောက်ကမ္ဘာ၏ ရပ်တည်ချက်နှင့် ပြဒါးတစ်လမ်း သံတစ်လမ်း ဖြစ်နေသည်။ ထို့အပြင် စူပါ ပါဝါအိပ်မက်သည် ခြေထိုးခံရမှုများ၊ နောက်ကျောဓားဖြင့်ထိုးခံရမှုများဖြင့် ပြည့်လျှမ်း နေနိုင်သလို အဓိကအကျဆုံးမှာ တရုတ်နိုင်ငံနှင့် ထပ်တိုက်တိုးနိုင်မည့် တင်းမာမှုများဆီသို့ ဦးတည်နေနိုင်ပါသည်။

လက်တွေ့ကျသော ပကတိနိုင်ငံရေးဘဝအရ အိန္ဒိယသည် အာဆီယံ ကွန်မြူနတီနှင့် ပူးပေါင်းရန်လိုအပ်သလို အရှေ့အာရှကျားများနှင့် လက်တွဲရန်လိုသည်။ ထိုပေါင်းစည်းမှုသည် ပစိဖိတ်သမုဒ္ဒရာနှင့် အိန္ဒိယသမုဒ္ဒရာနှစ်ခု ပေါင်းစပ်ခြင်းဖြစ်သလို စီးပွားရေးအရတည်ငြိမ်ပြီး အာရှရွှေခေတ်ကို အရောက်သွားနိုင်သည်။ သို့သော် အမေရိကန်အလိုကျ လက်ကိုင်တုတ်ဟု (အထူးသဖြင့် တရုတ်) မြင်သွားပါက အိန္ဒိယ၏ မျှော်မှန်းချက်များအတွက် အခက်အခဲများစွာ ရှေ့တွင်ရှိနေသည်။ တရုတ်နှင့် အာဆီယံနိုင်ငံများ မျက်စိရှေ့ အိန္ဒိယသည် ဒီမိုကရေစီမြှင့်တင်ရေး အရောင်းကိုယ်စားလှယ်တစ်ဦး မဖြစ်စေရန် သတိကြီးကြီးထားရမည်။ ဆိုလိုသည်မှာ အာရှကိုခြေထိုးရန်၊ ခလောက်ဆန်ရန် အိန္ဒိယသည် အနောက်အင်အားကြီးနိုင်ငံများ ဆန္ဒအရ လုပ်ကိုင်နေခြင်းဟု ကျန်နိုင်ငံများ မမြင်မိစေရန် ပုံရိပ်ကို အတတ်နိုင်ဆုံး ထိန်းသိမ်းရမည်ဖြစ်သည်။

အဘယ့်ကြောင့်ဆိုသော် ဒေသတွင်းသည် ဒီမိုကရေစီမြှင့်တင်ရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ဇာတ်လမ်းပေါင်းများစွာကို အကြိမ်ကြိမ်ကြားဖူးနေသောကြောင့်ဖြစ်သည်။ အိန္ဒိယသည် ကမ္ဘာ့အကြီးဆုံး

ဒီမိုကရေစီနိုင်ငံကြီးဖြစ်သဖြင့် ဒေသတွင်းဖြစ်ပျက်နေသမျှကို တာဝန်ယူနိုင်သောနိုင်ငံဖြစ်ရမည်ဟု အမေရိကန်တို့ ထပ်တလဲလဲ ပြောနေသည်ကို ပြန်လည်ချိန်ထိုးနိုင်ရန်ဖြစ်သည်။ တရုတ်နှင့်အာဆီယံဒေသသည် ဒီမိုကရေစီရေးနှင့် ပတ်သက်လာပါက အဖုအထစ်ပေါင်း များစွာရှိသောကြောင့်ဖြစ်သည်။ ဆတ်ဆတ်ထိမခံ အခြေအနေမှာ ရှိနေဆဲဖြစ်သည်။ သမိုင်းနောက်ခံ မတူညီဟူသောဩဝါဒများ ထွက်လာတတ်သည်။ အာရှနည်း အာရှဟန် ဒီမိုကရေစီ အဝက်သားလောက်ရှိနေသော နိုင်ငံအချို့ကလည်း သူတို့သည်သာ အာရှ၏ မီးရှူးတန်ဆောင်ဖြစ်ကြောင်း ဟန်ရေးပြတတ်ကြသည်။

အိန္ဒိယ၏ အရှေ့မျှော်ပေါ်လစီသည် အိန္ဒိယနိုင်ငံ၏ အမျိုးသား အကျိုးစီးပွားအတွက် အရေးပါသည်ဟု သတ်မှတ်နိုင်သလို အိန္ဒိယနိုင်ငံအား လက်တွေ့အားဖြင့် အကျိုးပြုခဲ့သည်။ ထိုပေါ်လစီသည် အနာဂတ်တွင်လည်း ဆက်လက်ရှင်သန်နေဦးမည်ဖြစ်သည်။ အရှေ့မျှော်ဝါဒအရ အိန္ဒိယသည် ချက်ချင်းလက်ငင်း ပတ်သက်ဆက်ဆံရမည့်နိုင်ငံမှာ မြန်မာနိုင်ငံဖြစ်သည်။ မြန်မာ-အိန္ဒိယ ဆက်ဆံရေးသည် လွတ်လပ်ရေးရခါစ ဟန်းနီးမွန်းကာလများကတည်းက ပိုမိုခိုင်မာနားလည်ခဲ့ကြသည့် ဆက်ဆံရေးဖြစ်ပြီး အရှေ့မျှော်ဝါဒအရ အစိုးရ-အစိုးရချင်း ဆက်ဆံရေးသည် ပိုမိုနက်ရှိုင်းသော ခင်မင်မှုကို ထူထောင်ထားနိုင်သည်။ အိန္ဒိယအတွက် အရှေ့တောင်အာရှနှင့် အရှေ့အာရှဒေသတွင် ဈေးဗန်းခင်းလိုသော အကွက်ကောင်းကြီးဖြစ်သလို ထိုဒေသသို့ ပထဝီအနေအထားအရ ဝရံတာလက်ရန်းကြီးသဖွယ် ရှိနေသည်မှ မြန်မာနိုင်ငံဖြစ်နေသည်။

မြန်မာနိုင်ငံသည် အာဆီယံနိုင်ငံများဖြစ်သည့် ထိုင်း၊ လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ မလေးရှား၊ စင်ကာပူအထိ ကုန်းမြေအရ ဒုတ်ဒုတ်ထိပေါက်သည်။ ထို့အပြင် တရုတ်နိုင်ငံနှင့်လည်း နယ်မြေချင်း မိုင်ပေါင်းထောင်ချီ ထိစပ်နေသည့်အပြင် တောင်တရုတ်ပင်လယ်ပြင်သို့ ကပ္ပလီပင်လယ်ပြင်မှ ကန့်လန့်ဖြတ်ကာ ထုတ်ချင်းပေါက်သော မဟာဗျူဟာမြောက် လမ်းမကြီးများကို ပိုင်ဆိုင်ထားသည့် နိုင်ငံဖြစ်သည်။ မဒရပ် (ချင်နိုင်း)မှ ထားဝယ်ဆိပ်ကမ်း၊ ထိုမှတစ်ဆင့် တောင်တရုတ်ပင်လယ်ပြင်သို့ လက်ဆန့်တန်းနိုင်သည်။

ထိုအခါ အာဆီယံဒေသသို့ ခြေလှမ်းကျဲမည့် အိန္ဒိယသည် မြန်မာနှင့် မဖြစ်မနေပတ်သက်ဆက်ဆံရမည်။ မြန်မာကို အိန္ဒိယတို့ မဖြစ်မနေ လိုအပ်သည်။ တရုတ်တို့၏ ခြိမ်းခြောက်မှု မြန်မာတွင်မရှိပါ၊ တရုတ်တို့သည် မြန်မာနိုင်ငံ၌ မဟာဗျူဟာမြောက် ခြေကုတ်ယူနေမှုမရှိပါဆိုသည့် နိုင်ငံရေးစကားများကို အိန္ဒိယနိုင်ငံက အလွန်အမင်းအာရုံစိုက်သည်။ တရုတ်တို့ အိန္ဒိယသမုဒ္ဒရာစိုးမိုးရေး အိပ်မက်ကို အိန္ဒိယတို့မြင်တွေ့နေရသဖြင့် တရုတ်ခြိမ်းခြောက်မှု (Chinese Threat) ကို ပူပန်သည်။

အဆိုပါ သံသယများသည် မြန်မာနိုင်ငံနှင့် မဟာဗျူဟာမြောက် မိတ်ဖက်နိုင်ငံအဖြစ် ဆက်ဆံရေးတိုးမြှင့်မှသာ ပျောက်ကွယ်သွားနိုင်သည်။ မြန်မာ-တရုတ်နှင့် အိန္ဒိကြားချစ်ကြည်ရေး၏ အခြေခံသည် ဘန်ဒေါင်းမူများတွင် တည်သည်။ ထိုအခြေခံကို ပူးတွဲမြှင့်တင်လေ ဒေသတွင်းပူပန်မှုများကိုလျှော့ချနိုင်ပြီး အတူယှဉ်တွဲနေနိုင်ကြမည်ဖြစ်သည်။ ဘရမာ-ဟင်ဒီ အချားဟဲသည် အထူးတလည်တည်ဆောက်ရန်မလိုသော်လည်း ခေတ်သစ်တွင် ပြုပြင်မွမ်းမံမှုမျိုးစုံ လိုအပ်လာမည်ဖြစ်သည်။ မြန်မာပြည် ဒီမိုကရက်တိုက်ဖေးရှင်းဖြစ်စဉ်တွင် အိန္ဒိယသည် မိတ်ဆွေကောင်း၊ အိမ်နီးနားချင်းကောင်းတစ်ဦးအနေဖြင့် တက်တက်ကြွကြွ ပါဝင်နိုင်ပါက နှစ်ဦးနှစ်ဖက် အလိုဆန္ဒများပြည့်နိုင်မည်ဖြစ်သည်။

## ဒေါ်လာကို ရာဇဝင်ထဲမှာ ထားခဲ့ပါ . . .

တရုတ်ကျူးကျော်မှု (Chinese invasion) ဆိုသည့် စကားလုံးသည် ၂၁ရာစု နိုင်ငံရေးအဝန်းအဝိုင်း၌ ရုံဖန်ရံခါဆိုသလို ကြားလာရသည်။ ယင်းမှာ တရုတ်ပစ္စည်းများ ကမ္ဘာ့နေရာအနှံ့ ဈေးပေါပေါဖြင့် ပြန့်နှံ့ပြီး စီးပွားရေးအရ မကင်းနိုင်သည့် အခြေအနေကို တင်စားခေါ်ဝေါ်သည့် ဝေါဟာရတစ်ခုဖြစ်လာသည်။ အထူးသဖြင့် အမေရိကန်ပညာရှင် များက တရုတ်ကြီးထွားလာမှုကို သတိထားကြရန် တပ်လှန့်သော စကားလုံးဖြစ်ပုံရသည်။ အဘယ့်ကြောင့်ဆိုသော် တရုတ်စီးပွားရေးပစ္စည်းများ၊ ကုန်စည်များနှင့် မကင်းနိုင်သော ဂလိုဘယ်ခေတ်သည် အခြေခံလူတန်းစားများအားလုံး လိုအပ်သောပစ္စည်းများ၊ အသုံးအဆောင်များကို တန်ဖိုးနည်းနည်းဖြင့် ရယူနိုင်သော အခြေအနေကို စိုးရိမ်မကင်းဖြစ်ရာက ထွက်ပေါ်လာသည့်စကားဖြစ်သည်။

ဂလိုဘယ်လိုက်ဇေးရှင်းခေတ်တွင် နိုင်ငံရေး၊ စစ်ရေးအရ ကျူးကျော်သိမ်းပိုက်ခံရပြီး ကျွန်ဖြစ်မည်ထက် စီးပွားရေးအရ သူများလက်ဝေခံ ဘဝအောက်ကျရောက်ပြီး ကျွန်ဖြစ်မည်ဆိုသည့် အလားအလာသာရှိသည်။ ဂလိုဘယ်လိုက်ဇေးရှင်း လှိုင်းလုံးအောက် နိုင်ငံအများအပြားသည် စီးပွားရေးအရ၊ ယဉ်ကျေးမှုအရ၊ နည်းပညာအရ ကျွန်ပြုခံရသည်ဟု ခေတ်သစ်နိုင်ငံရေးသိပ္ပံပညာရှင်များက ကောက်ချက်ချကြသလို ပညာရှင်ဘင်ဂျမင်ဘာဘာက ဂလိုဘယ်လိုက်ဇေးရှင်းသည် အမေရိကန်ပြည်ထောင်စု၏ အမေရိကန်နိုက်ဇေးရှင်းဖြစ်သည်ဟု အချက် ၃ ချက်ဖြင့် တင်ပြခဲ့သည်။

McWorld နှင့် ဂျိဟတ်ဆိုသည့်စာအုပ်၌ McDonald, MTV and Mac ကွန်ပျူတာတို့သည် ဂလိုဘယ်လိုက်ဇေးရှင်း၏ သရုပ်သကန်များဖြစ်ပြီး ယဉ်ကျေးမှုမတူညီသောဒေသများတွင် စီးပွားရေးနှင့် ယဉ်ကျေးမှုအရ ခေတ်သစ်ကျွန်ပြုခြင်း ဖြစ်စဉ်ဟု ကင်ပွန်းတပ်ခဲ့သည်။ MTV အနောက်တိုင်း ပေါ့ပ်ယဉ်ကျေးမှု၊ McDonald စားသုံးသော စားသုံးသူယဉ်ကျေးမှုနှင့် Mac ကွန်ပျူတာကဲ့သို့သော နည်းပညာယဉ်ကျေးမှုများသည် အနောက်တိုင်းယဉ်ကျေးမှု မဟုတ်သည့်ဒေသများကို အကြီးအကျယ်တိုက်ခိုက်နေသည်ဟုဆိုသည်။

၂၁ရာစုတွင် ကြုံနေရသည့် တရုတ်ခြိမ်းခြောက်မှုနှင့် တရုတ်ကျူးကျော်မှုများကို အနောက်တိုင်းက ထိတ်လန့်နေသည်မှာ ရယ်စရာကောင်းသည်။ အကြောင်းမှာ တရုတ်သည် အနောက်တိုင်း၏ ဂလိုဘယ်လမ်းကြောင်းကို လက်ခံပြီး ကုန်ထုတ်လုပ်မှုမှန်သမျှကို လက်ဝါးကြီးအုပ်လိုက်ခြင်းကြောင့်ဖြစ်သည်။ တရုတ်သည် မက်ဒေါ်နယ်ကိုစားသလို ကိုယ်တိုင်ထုတ်လုပ်ပေးသည်။ အမ်တီဗီကိုကြည့်ပြီး အမ်တီဗီကို ပြန်လည်ရောင်းချသည်။ မက်ကွန်ပျူတာများကဲ့သို့ နည်းပညာများကို ဈေးပေါပေါဖြင့်ချရောင်းလိုက်သည်။ နည်းနည်းနှင့်ကောင်းကောင်းဆိုသည့် အနောက်တိုင်း ကုန်ထုတ်လုပ်မှုသီအိုရီကို များများနှင့်ပေါပေါဆိုကာ တရုတ်တို့စိန်ခေါ်လိုက်သည်။

ထိုအခါ တရုတ်ကျူးကျော်မှုဟု ဝိုင်းဝန်းအော်ဟစ်ကြတော့သည်။ ယင်းမှာ တရုတ်အဖျားတက်နေရင်း ကယောင်ကတမ်း ညီးညူနေသော အသံများဖြစ်သည်။ တရုတ်ပြည် စူပါပါဝါ ဖြစ်လာမည်ကို တားဆီးရန်မဖြစ်နိုင်ကြောင်း လက်ရှိ စူပါပါဝါ အမေရိကန်ကိုယ်တိုင် လက်ခံထားရသည်။ ၂၀၀၉ အမေရိကန်စီးပွားရေး ထိုင်းမှိုင်းမှုသည် အိမ်ခြံမြေမှ အကြွေးပိသည့်အခြေအနေထိ ဆိုးရွားရာမှတာဝန်မဲ့သော အရင်းရှင်ကုမ္ပဏီများ၏ ကိုယ်ကျိုးရှာအမြတ်ထုတ်မှုများ ပေါ်ပေါက်ခဲ့သည်။ ရလဒ်မှာ အမေရိကန်

ဒေါ်လာငွေတန်ဖိုး ကျဆင်းသွားခြင်း ဖြစ်သည်။ ထိုအခါ တရုတ်သမ္မတ ဟူချင်တောင်က အမေရိကန် ဒေါ်လာနှင့် ချိတ်ဆက်ပြီးလုပ်ကိုင်ရသည့်အနေအထားမှာ အတိတ်တွင် ကျန်ခဲ့ပြီဟု မှတ်ချက်ပြုလိုက်သည်။ တရုတ်တို့လိုလားသည်မှာ ဒေါ်လာအစား နိုင်ငံတကာက လက်ခံသော ငွေကြေးစနစ်တစ်ရပ်ကို ထူထောင်ရန်ဖြစ်သည်။ ကမ္ဘာ့စီးပွားရေးတွင် ဒေါ်လာ၏ အရေးပါမှုကို တရုတ်တို့ မမြင်လိုတော့ခြင်းဖြစ်သည်။

၂၀၁၁ အမေရိကန်ပြည်ထောင်စု၏ အကြွေးယူခွင့် ကန့်သတ်ချက်ကို ထပ်မံတိုးမြှင့်လိုက်သဖြင့် ယုံကြည်စိတ်ချရသော အကြွေးယူသူဘဝမှ တစ်ဆင့်လျော့ကျသွားရာ ကြွေးရှင်တရုတ်တို့ ဒေါသပုန်ထကြသည်။ တာဝန်မဲ့သော အမေရိကန်များကို အကြွေးရောဂါစွဲနေသူများဟု ပြောင်ကြေညာကာ တိုက်ခိုက်တော့သည်။ အမေရိကန်ဒေါ်လာနှင့် ချိတ်ဆက်ထားသော ကမ္ဘာ့စတော့ခ် ရှယ်ယာဈေးကွက်များ ထိခိုက်မှုများဖြစ်လာသည်။ ထိုအခြေအနေသည် နောက်ထပ်စီးပွားပျက်ကပ်ကြီးကို အမေရိကန်တို့ ထပ်မံဖန်တီးလိုက်သည်ဟု တရုတ်တို့ နားလည်သည်။

အမေရိကန်ဒေါ်လာ ကုဋေပေါင်းများစွာနှင့် ဗဟိုဘဏ်၏ ငွေတိုက်စာချုပ်များ၏ သုံးပုံတစ်ပုံသည် တရုတ်ဘဏ်များအတွင်း ရှိနေသည်။ ထိုအခြေအနေတွင် တရုတ်တို့ထံမှ အမေရိကန်တို့၏ ပိုင်ဆိုင်မှုများပြန်လည်ရယူရန် (သို့) တရုတ်တို့ ပြန်ထုတ်ပေးရန် မည်သို့ လုပ်ကိုင်ရမည်ဆိုသည့် ခေါင်းရိုက်စဉ်းစားမှုသည် ၂၀၁၇ ခုနှစ်အတွင်း အမေရိကန်စီးပွားရေးတက္ကသိုလ်များ၌ ပရော်ဖက်ဆာများ ဆွေးနွေးခဲ့သည့် သီအိုရီဖြစ်သည်။ အမေရိကန်၏ လုပ်အားနှင့် လုပ်အားခသည် ဈေးကြီးသည်။ တရုတ်တို့နှင့် ယှဉ်ပြိုင်ပြီး ကုန်ထုတ်လုပ်မှုလုပ်ပါက အကြီးအကျယ်ရှုံးမည်။ ထိုအခါ ဒေါ်လာတန်ဖိုးကို အဆိုးရွားဆုံး အခြေအနေထိဆွဲချလိုက်ပါက (ငွေဖောင်းပွအောင်လုပ်လိုက်ပါက) တန်ဖိုးမရှိတော့သော ဒေါ်လာများကို တရုတ်တို့ ဖက်တွယ်ထားမည် မဟုတ်တော့ဘဲ တရုတ်ငွေကြေးကိုသာ ကိုင်တွယ်တော့မည်။

(၂၀၀၉ တွင် သမ္မတသစ် အိုဘားမားလက်ထက် အမေရိကန်ဘဏ်နှင့် ကားကုမ္ပဏီများ ဒေဝါလီခံရမည့်ဘေးမှ ရှောင်နိုင်ရန် အစိုးရက ဘီလျံဒေါ်လာပေါင်းများစွာဖြင့် ဝင်ရောက်ကယ်ဆယ်ခဲ့ရာတွင် ငွေစက္ကူများကို ရိုက်ထုတ်ပြီး ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်) ထိုအခါ တရုတ်ငွေကို အလဲထိုးရန်၊ တရုတ်စီးပွားရေးကို အလဲထိုးရန် အမေရိကန်သည် တရုတ်တို့ လက်လှမ်းမမီသော အဆင့်မြင့်နည်းပညာများကို ထုတ်လုပ်ပြီး စီးပွားရေးကို ပြန်လည်မြှင့်တင်မည်ဟု ခေါင်းချင်းရိုက်ပြောဆိုလာကြသည်။ ထိုအခြေအနေအတွက် အမေရိကန်ပြည်သူများ အခြေခံပညာအဆင့်တွင်ရပ်မနေဘဲ အနည်းဆုံး ကောလိပ်ပညာတစ်ခုခု ပြန်လည်ရရှိစေရန် ပညာရေးတွင် အဆင့်မြှင့်ခြင်း၊ သန့်ရှင်းသောစွမ်းအင်ကို ထုတ်လုပ်ပြီး ရေနံအပေါ် မှီခိုအားထားနေရမှုကို ဖြတ်တောက်ခြင်း၊ ကျန်းမာရေးစနစ်ကို ယူနီဗာဆယ်အဆင့်ဖြစ်လာစေရန် ပြုပြင်ခြင်းများကို လုပ်မည်ဟု သမ္မတ အိုဘားမားက သူ၏ပထမဆုံးသော နိုင်ငံတော်အခြေပြမိန့်ခွန်းတွင် သေသေချာချာပြောဆိုခဲ့သည်။

ကံဆိုးသည်မှာ နိုင်ငံရေးအရ အမေရိကန်ကွန်ဂရက်သည် သမ္မတ၏ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ ၃ချက်ကို လက်ခုပ်လက်ဝါးတီးပြီး ကြိုဆိုခဲ့သော်လည်း လက်တွေ့တွင် မအောင်မမြင်ဖြစ်ခဲ့ရသည်။ ကွန်ဂရက်သည် လက်တွေ့ကျသော သဘောတူညီချက်ကို ရရှိအောင် (သို့) အပြောင်းအလဲတစ်ခု ပေါ်ပေါက်အောင် ကူညီ ဆောင်ရွက်နိုင်ခြင်း မရှိမှုဖြင့် သက်သေပြလိုက်သည်။ ရလဒ်မှာ အမေရိကန်ဒေါ်လာသာ ကမ္ဘာ့ဈေးကွက်တွင် တန်ဖိုးမဲ့လု နီးနီး စက္ကူစုတ်ဘဝသို့သာ ရောက်ရတော့မည့် အခြေအနေဖြစ်နေပြီး မည်သည့် အလုပ်အကိုင်သစ်ကိုမျှ မဖန်တီးနိုင်သည့် အပြင် အစိုးရအသုံးစရိတ်များ အကြီးအကျယ်ဖြတ်တောက်ခြင်း၊ အလုပ်အကိုင်မဲ့များ တိုးပွားလာပြီး လူမှုစောင့်ရှောက်ရေး ကုန်ကျစားရိတ်များ ပိုမိုကြီးမြင့်လာခြင်းတို့သာ

ဖြစ်ပေါ်စေသည်။ ထိုအခြေအနေသည် လူမှုစီးပွားပေါက်ကွဲမှု တစ်ခု ဆီသို့သာဆွဲခေါ်သွားနေသည်။

ဥရောပသမဂ္ဂ၏ ဘုံငွေကြေး ယူရိုငွေသုံးစွဲသည့် နိုင်ငံများအတွင်း အကြွေးတင်ပြီး ယူရိုငွေစနစ်ကို အတင်းကျားကန်နေရသော အခြေအနေတွင် အမေရိကန်ဒေါ်လာသည် ထိုးစိုက်ကျဆင်းလာနေသည်။ ထိုအခါ အခြေခံစားသောက်ကုန်များ ကုန်ဈေးနှုန်းမြင့်တက်လာပြီး နောက်ထပ်ကမ္ဘာ့စီးပွားပျက်ကပ်တစ်ခုကို လက်ယက်ခေါ်သလို ဖြစ်နေသည်။ ထိုအခြေအနေအောက် တရုတ်တို့သည် စစ်သင်္ဘောကြီးများ အပြင်းအထန်တည်ဆောက်နေချိန်ဖြစ်သည်။။ စစ်အသုံးစားရိတ်များ ကုဋေပေါင်းများစွာ သုံးစွဲနေချိန်ဖြစ်သည်။ ယင်းပုံကားချပ်များသည် အမေရိကန်အင်ပါယာ၏ နိဂုံးကို ရေးဆွဲနေခြင်း ဟုတ်မဟုတ်၊ တရုတ် စူပါ ပါဝါ၏ ခေတ်သစ်ကို ဖော်ဆောင်နေခြင်း ဟုတ်၊ မဟုတ် ကောက်ချက်ချရန် စောလွန်းနေသေးသည်။

## အိန္ဒိယသမုဒ္ဒရာတွင်းက တွန်းထိုးမှုများ . . .

အိန္ဒိယသမုဒ္ဒရာ၏ အရှေ့မြောက်ဒေသသည် အိန္ဒိယနိုင်ငံ အမျိုးသားအကျိုးစီးပွား၏ သေရေးရှင်ရေးတမျှ အရေးပါသော ထိပ်တန်းနေရာဖြစ်သည်။ ထိုဒေသသည် တရုတ်နိုင်ငံအတွက် အာဖရိကသို့ဖြတ်သန်းသွားလာရာ စွမ်းအင်တင်ပို့သည့် ကုန်သွယ်မှုလမ်းကြောင်းကြီးဖြစ်သဖြင့် အိန္ဒိယ-တရုတ် ပဋိပက္ခများ အရှိန်မြင့်တက်လာမည့် ဒေသဖြစ်သည်။ ထိုအချက်အချာဒေသကြီးသည် တရုတ်ပြည်အား ပစိဖိတ်အနောက်ပိုင်း၌ ထိုင်ဝမ်ကျွန်းဖြင့် ကန့်သတ်ထားသလို ဖြစ်နေသည်မှာမလွဲ။

အဆိုပါ အိန္ဒိယသမုဒ္ဒရာ အရှေ့မြောက်ပိုင်း၌ တရုတ်တို့သည် ရေနံတင်သင်္ဘောကြီးများ ဆီဖြည့်ရပ်နားရန်၊ တရုတ်ရေတပ်စခန်းများဖြင့် ကုန်သွယ်ရေလမ်းကြောင်း လုံခြုံရေးကိုကြပ်မတ်ရန် အနာဂတ်တွင် ဖြစ်နိုင်ခြေများရှိသည်ဟု တွက်ဆလာကြသည်။ ၂၀၁၃ တွင် အပြီးတည်ဆောက်မည့် ကျောက်ဖြူရေနက်ဆိပ်ကမ်းမှသည် အာဖရိကတိုက်မှ တင်သွင်းလာသော ရေနံစိမ်းများနှင့် မြန်မာ့သဘာဝဓာတ်ငွေ့လုပ်ကွက်များမှ ဓာတ်ငွေ့များကို ပိုက်လိုင်း ၂ လိုင်းဖြင့် တရုတ်ပြည် ယူနန်နယ်သို့ ဖောက်လုပ်သည့် ပိုက်လိုင်းစီမံကိန်းသည် အိန္ဒိယသမုဒ္ဒရာကိုစိုးမိုးရေး တရုတ်တို့၏ မဟာဗျူဟာမြောက် အစီအစဉ်ဖြစ်လာသည်။

တရုတ်သြဇာ အိန္ဒိယသမုဒ္ဒရာအတွင်း ကျယ်ပြန့်လာမှုကို ထိန်းချုပ်သည့်အနေဖြင့် အိန္ဒိယသည် ကပ္ပလီ ပင်လယ်တွင်းမှ ပေါ့တ်ဘလဲကျွန်းပေါ် ရေတပ်ထိန်းချုပ်ရေးစခန်းကို ၂၀၀၁ တွင် ဖွင့်လှစ်လိုက်ပြီး အိန္ဒိယ သမုဒ္ဒရာအတွင်း အင်ဒိုနီးရှားနှင့်ပူးတွဲကာ ရေကြောင်းသွားလာရေးနှင့် ရေပိုင်နက် နယ်နိမိတ်အရေးအတွက် ပူးတွဲကင်းလှည့်မှုကို ၂၀၀၂ တွင် စတင်ခဲ့ပြန်သည်။ အိန္ဒိယပိုင် နီကိုဘားကျွန်းနှင့် အင်ဒိုနီးရှားပိုင် ဆူမတြာကျွန်းအကြား ရေလမ်းကြောင်းသည် မလကာရေလက်ကြားသို့ တရုတ်ရေနံတင်သင်္ဘောများ ကုန်တင်သင်္ဘောများ ကျက်စားရာနေရာဖြစ်နေခြင်းဖြစ်သည်။ အိန္ဒိယသည် ထိုင်းနိုင်ငံ ရေတပ်နှင့်အတူ ကပ္ပလီပင်လယ်ပြင် အတွင်း ၂၀၀၅ ၌ စစ်ရေးပူးတွဲ လေ့ကျင့်မှုများပြုလုပ်ခြင်း ၂၀၁၀၌ အမေရိကန်-အိန္ဒိယ-ထိုင်း- အင်ဒိုနီးရှားတို့ ပူးတွဲစစ်ရေးလေ့ကျင့်ခြင်းများသည် တရုတ်၏ ရည်မှန်းချက်များကို များစွာကသိကအောင့် ဖြစ်စေသည်။

အိန္ဒိယအနေဖြင့် အင်ဒိုနီးရှား-မြန်မာတို့နှင့် ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော်တို့တွင် အလားတူ ပူးတွဲလေ့ကျင့်မှုများ ပေါ်ပေါက်လာပါက တရုတ်တို့နှင့် ပြင်းထန်သောယှဉ်ပြိုင်မှုကို မီးစာထိုးပေးလိုက်သကဲ့သို့ ရှိမည်မှာသေချာနေသည်။ မလက္ကာရေလက်ကြားသည် ပစိဖိတ်သမုဒ္ဒရာနှင့် အိန္ဒိယသမုဒ္ဒရာတို့ကြား ပေါင်းကူးပေးသော ရေကြောင်းသွားလာမှုဆိုင်ရာ အရေးပါသော နေရာဖြစ်သည်။ မလက္ကာရေလက်ကြားသည် အိန္ဒိယရေပိုင်နက်နှင့် အနီးဆုံး ဖုံအတွင်းတည်ရှိနေပြီး သမုဒ္ဒရာနှစ်ခုအကြားဖြတ်သန်းသွားလာမှုများကို အနီးကပ်စောင့်ကြည့်ရသည့် တာဝန်ကြီးတစ်ခုကို ထမ်းပိုးထားရသည်။

အိန္ဒိယ၏ ရေကြောင်းဆိုင်ရာ မဟာဗျူဟာများအနက် မလေးရှား၊ စင်ကာပူတို့ကို ဖြတ်သန်းသွားရသည့် မလက္ကာရေလက်ကြား၌ လုံခြုံရေးအစီအမံများတိုးချဲ့မှုသည် တရုတ်တို့ကို အကြီးအကျယ် စိန်ခေါ်နေသည်မှာ အငြင်းပွားရာ မရှိပေ။ ၂၀၀၇ တွင် ပင်လယ်ဓားပြရန်ကာကွယ်တိုက်ဖျက်ရေး ၅ နိုင်ငံပါဝင်သော ရေကြောင်းပူးတွဲ စစ်ဆင်မှုသည် တရုတ်၏အာရုံကြောများကို ဆွဲနိုပ်လိုက်ခြင်းဖြစ်သည်။

မလက္ကာရေလက်ကြား၌ ရေတပ်ဆိုင်ရာ စိုးမိုးလိုမှုများ တရုတ်-အိန္ဒိယနှစ်ဖက်စလုံးတွင် ရှိနေသည်။ ၂၀၀၂ ခုပြီတွင် အိန္ဒိယသည် အမေရိကန်ရေတပ်နှင့်ပူးတွဲကာ ဆက်ဂျီတေးရီးရပ် အော်ပရေးရှင်းဖြင့် စစ်ရေးပူးတွဲလေ့ကျင့်မှုကို လုပ်ဆောင်ခဲ့ပြီး တစ်လအကြာ တရုတ်ရေတပ်သည် ပင်လယ်ဓားပြတိုက်ဖျက်ရေးစစ်ဆင်မှုကို အကောင်အထည်ဖော်ခဲ့သည်။ ရေလက်ကြား ရေပိုင်နက်ကို ပူးတွဲပိုင်ဆိုင်သည့် စင်ကာပူ-မလေးရှား-အင်ဒိုနီးရှားတို့အပေါ် သူ့ထက်ငါဦးအောင် လွှမ်းမိုးမှုများ လုပ်ဆောင်ကြသည်။

တရုတ်တို့၏ရန်သူများကို ရေလက်ကြားအတွင်း အရေးပါသော သွင်းကုန်များ မတင်သွင်းလာမိစေရန်လည်း တရုတ်တို့က စည်းရုံးသိမ်းသွင်းနေသည်။ အိန္ဒိယဘက်ကကြည့်လျှင် တရုတ်၏ ရေတပ်ဆိုင်ရာ လှုပ်ရှားမှုများကို ရေလက်ကြားပိုင် ၃ နိုင်ငံက အချိန်မှန် သတင်းပို့ပေးစေလိုသည်။ ထိုအခါ ရေလက်ကြား ၃ နိုင်ငံနှင့် ကာကွယ်ရေးဆိုင်ရာ ပူးတွဲဆောင်ရွက်မှုများ ဆက်တိုက်ပေါ်ပေါက်လာတော့သည်။ ထို ၃ နိုင်ငံအနက် မလေးရှားသည် အခရာကျကြောင်း တရုတ်တို့ သဘောပေါက်လာပြီး ၂၀၀၅ တွင် မလေးရှား-တရုတ်ကာကွယ်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို ရေးထိုးခဲ့ပြီး စစ်လက်နက်ပစ္စည်းများ အကြီးအကျယ်ရောင်းချခဲ့သည်။ မလေးရှားနိုင်ငံသည် ထိုအချိန်မှစတင်ကာ တရုတ်နှင့် ပိုမိုနီးကပ်သွားပြီး အရှေ့တောင်အာရှတွင် တရုတ်ခြိမ်းခြောက်မှုမရှိကြောင်း ခပ်ပြတ်ပြတ်ပြောလာခဲ့သည်။

တရုတ်တို့နည်းကား အိန္ဒိယသည် ရေလက်ကြားရှိ ၃ နိုင်ငံနှင့် ဆက်ဆံရေးများကို တိုးမြှင့်ပြီး ၂၀၀၅ တွင် အိန္ဒိယပိုင်ရေတပ်စစ်သင်္ဘောကြီးပေါ် တိုက်လေယာဉ်ပူးတွဲ လေ့ကျင့်မှုကို လုပ်ဆောင်ခဲ့သည်။ မလေးရှားဆိပ်ကမ်းနှင့် စင်ကာပူ အင်ဒိုနီးရှားတို့ဆီ ချစ်ကြည်ရေးအဖြစ် စစ်သင်္ဘောဖြင့် သွားရောက်ခဲ့သည်။ ယင်းချစ်ကြည်ရေးမတိုင်မီ ဆူနာမီကပ်ဆိုးဖြစ်ရာသို့ အိန္ဒိယ စစ်တပ်သည် ကယ်ဆယ်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် လုပ်ဆောင်ပေးခဲ့သည်။ တရုတ်သည် စစ်လက်နက်အင်အားဖြင့် ဆူနာမီကယ်ဆယ်ရေးမလုပ်ခဲ့သော်လည်း မည်သည့်နိုင်ငံမျှမပေးသည် ပမာဏဖြစ်သော ဒေါ်လာ သန်း၆၀ကျော် ကို မျက်စိမှိတ်ပေးခဲ့သည်။ တရုတ်လှူဒါန်းငွေမှာ စံချိန်ကျိုးသွားစေခဲ့သည်။

အဆိုပါအင်အားကြီး ၂ နိုင်ငံအကြား ယှဉ်ပြိုင်မှုများသည် အိန္ဒိယသမုဒ္ဒရာအတွင်း စိုးမိုးနိုင်ရေးဆိုသည့် ရည်မှန်းချက်ကို သိသာထင်ရှားစေသည်။ လာမည့် ဆယ်စုနှစ်များအတွင်း အိန္ဒိယသမုဒ္ဒရာအတွင်း

တွန်းထိုးမှုများကို ပိုမိုမြင်တွေ့ရတော့မည့် လက္ခဏာများ ဖြစ်လာသည်။ ခြွင်းချက်တစ်ခုမှာ အိန္ဒိယသည် အမေရိကန်ရေတပ် ကူညီထောက်ပံ့မှုများအပေါ် မှီခိုနေရခြင်းဖြစ်ပြီး တရုတ်ကဲ့သို့ လွတ်လပ်စွာဦးဆောင်ရပ်တည်နိုင်ခြင်းမရှိသည့် အခြေအနေဖြစ်သည်။ တစ်နည်းဆိုရသော် အိန္ဒိယ၏ ရေတပ်စွမ်းပကားမှာ အကန့်အသတ်ရှိနေသည်ဖြစ်သည်။ အိန္ဒိယဘက်မှကြည့်ပါကလည်း တရုတ်၏ ပါဝါကို ထိန်းညှိရန် အင်မတန်အရေးကြီးသည်။ တရုတ်ကို မထိန်းညှိနိုင်ပါက အိန္ဒိယ၏ မျှော်မှန်းချက်ဖြစ်သော ဒေသတွင်း အင်အားကြီးအဆင့်သည် ဟာသပျက်လုံးတစ်ခုဖြစ်သွားနိုင်သောကြောင့် ဖြစ်သည်။ ထိုယှဉ်ပြိုင်မှုများသည် နှစ်နိုင်ငံကြားရှိ နယ်စပ်ဆိုင်ရာ အငြင်းပွားမှုများကို ဖြေရှင်းရန် အခွင့်အလမ်းများ ဝေးကွာသွားစေမည်မှာ သေချာနေသည်။ အိန္ဒိယ၏ အရှေ့တောင်အာရှ ရေကြောင်းဆိုင်ရာ ထိန်းချုပ်မှုသည် နိုင်ငံခြားရေးပေါ်လစီ၏ လက်ခွဲအဖြစ် ရေတပ်၏ နိုင်ငံရေးနှင့် သံခင်းတမန်ခင်း ပူးတွဲလုပ်နေရခြင်းဖြစ်သည်။

တစ်ဖက်တွင်မူ တရုတ်သည် အရှေ့တောင်အာရှနှင့် ရေတပ်ဆိုင်ရာလုပ်ဆောင်ချက်များကို အကန့်အသတ်ဖြင့် လုပ်ဆောင်နေသည်မှာ ပြဿနာများကို စစ်ရေးဖြင့် မရှင်းလိုသောသဘောထားကို တရုတ်တို့က တစ်ဖက်လှည့်ပြနေခြင်းလည်း ဖြစ်သည်။ ယင်းသည် တရုတ်အတွက် ရေတပ်ဆိုင်ရာ အရှိန်မြှင့်တည်ဆောက်ရန် အချိန်ရသွားသလို ဖြစ်နေသည်။ ထိုအချိန်သည် ထိုင်ဝမ်အရေး အခြေတကျဖြစ်ရန်နှင့် အိန္ဒိယသမုဒ္ဒရာတွင်း စိုးမိုးရေးအတွက် အားသွန်ခွန်စိုက် ကြိုတ်ပြီးပြင်ဆင်ရန် အချိန်ယူမှုဖြစ်ပေါ်သွားစေခြင်းဖြစ်သည်။

၂၀၁၁ မုန်သုန်ရာသီအတွင်း ပေါ်ပေါက်လာသည့် သတင်းများမှာ တရုတ်ရေတပ်က စစ်သင်္ဘောများ အကြီးအကျယ် တည်ဆောက်နေခြင်းဖြစ်ပြီး ယင်းတည်ဆောက်ထားသည့် သင်္ဘောကြီးများသည် တောင်တရုတ်ပင်လယ်ပြင်အတွင်း ပွဲဦးထွက်ဟန်ရေးပြတော့မည်မှာ သေချာသလောက်ဖြစ်နေသည်။ ၂၀၁၃ မတိုင်မီ တရုတ်ရေတပ်စစ်သင်္ဘောကြီးများသည် တရုတ်ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းများနှင့် ရေလမ်းကြောင်း လုံခြုံရေး အတွက် အိန္ဒိယသမုဒ္ဒရာအတွင်း လူးလာခေါက်တုန့်ဖြစ်သည့်အခါ ထိပ်တိုက်တွေ့မှုများကို မျက်ဝါးထင်ထင် မြင်ရတော့မည်။

ထားဝယ်၊ သီလဝါ၊ စစ်တွေ၊ ပုသိမ် ရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန်များဖြင့် အနာဂတ် မာခရိုအဆင့်မြန်မာပြည် ဂလိုဘယ်စီးပွားရေးသို့ ပြုပြင်ပြောင်းလဲမှုလုပ်ဆောင်ရာတွင် ကပ္ပလီပင်လယ်နှင့် ဘင်္ဂလားပင်လယ်အော်တို့နှင့် ဆက်စပ်နေသည့် အိန္ဒိယသမုဒ္ဒရာသည် အလွန်အရေးပါသော မဟာဗျူဟာမြောက် လမ်းကြောင်းကြီးဖြစ်သည်။ နိုင်ငံအားလုံး ပေါင်းဆုံလာပြီး အကျိုးစီးပွားဆိုင်ရာများ ပြည့်နှက်နေသော လမ်းဆုံကြီးပေါ် မြန်မာတို့ ခွထိုင်မိသားဖြစ်သွားသည်မှာ ပထဝီနိုင်ငံရေးအရွေ့၏ ကျီစားမှုလည်းဖြစ်သည်။ သို့သော် မြန်မာသည် အိပ်မက်ကောင်းကောင်းမက်တတ်ရန် လိုအပ်ချက်ပေါင်းများစွာ ရှိနေသည်။ နှစ် ၅၀ ကျော်ကြာ ခြွတ်ခြုံကျခဲ့ရသည့် နိုင်ငံရေးစနစ်၊ စီးပွားရေးမူဝါဒ၊ ပညာရေးနှင့် ကျန်းမာရေးတို့သည် အခင်းအကျင်းသစ်ကို ကိုင်တွယ်နိုင်ရန် လုပ်ရည်ကိုင်ရည်မရှိသည်မှာ တစ်ကမ္ဘာလုံးက သိသည်။ ထို့ကြောင့် မြန်မာသည် မိတ်ဆွေနိုင်ငံများဖြင့် အခြေခံကောင်းများကို အမြန်ဆုံးတည်ဆောက်ရမည်။

ခေတ်မီရေးအတွက် ပြုပြင်ပြောင်းလဲမှုဆိုင်ရာ ဥပဒေများကို အမြန်ဆုံးချမှတ်ရမည်ဖြစ်ပြီး ပေါ်လစီမိတ်ကာများ၊ အကြံပေးပညာရှင်များသည် လူထုအခြေပြုအဖွဲ့အစည်းများ၏ အကူအညီဖြင့် အမြန်ဆုံးကစားရမည်။ ၂၀၁၁-၂၀၁၅ အတွင်း နိုင်ငံစီးပွားရေးကို ဆွဲမတင်နိုင်ပါက ဒီမိုကရက်တိုက်ဖေးရှင်းလမ်းကြောင်း ခလုတ်ကကန်သင်းများလာမည်။ ခရိုနီများ လက်ဝါးကြီးအုပ်ထားခွင့်ကို ပေးထားသည့် ဥပဒေများကို မဖယ်ရှားနိုင်ပါက ကောင်းမွန်သော အုပ်ချုပ်မှုပေါ်ပေါက်ဖို့

ရေခံမြေခံပျောက်သွားနိုင်သည်။ ခရိုနီများကိုသာ ကြီးထွားခွင့်ပေးပါက မျက်နှာမွဲ ကျောမွဲ ဆင်းရဲသားများ၏ ခါးကို ရိုက်ချိုးခွင့်ပေးလိုက်ခြင်းဖြစ်ပြီး ပြည်ထောင်စုအစိုးရသည် ကြီးမားကျယ်ပြန့်ပြီး အဆက်မပြတ်သော ဆန္ဒပြမှုများဖြင့် ရင်ဆိုင်ရဖွယ်ရှိသည်။

ထို့ကြောင့် ၂၀၁၂ သည် အလွန်သိမ်မွေ့သော အရေးပါသည့် နှစ်တစ်ခုဖြစ်လာသည်။ မြန်မာတို့ ဘာတွေ လုပ်ဆောင်ရမည်နည်း။

## ၂၀၁၂ - ၂၀၁၃ မြန်မာလုပ်ဆောင်ရမည့် အချက်များ

၂၀၁၁ အတွင်း ပေါ်ပေါက်ခဲ့သော ပြောင်းလဲမှုများကြောင့် မြန်မာပြည်သူတို့ ပျော်ရွှင်တက်ကြွနေကြသည်။ အနာဂတ်အတွက် ပိုမိုကောင်းမွန်လာမည်ဟု ယုံကြည်ချင်လာသည်။ ရောဝတီမြစ်ဆုံကိစ္စ၊ အမေရိကန်အပါအဝင် အနောက်နိုင်ငံများနှင့် ချစ်တင်းနှောလာမှု၊ မီဒီယာလွတ်လပ်ပွင့်လင်းလာမှု၊ လူများစုကြီးအပေါ် ထိန်းချုပ်စည်းနှောင်ထား သည့် ကန့်သတ်ချက်များကို တစတစချင်း ဖြေလျှော့ပေးလာမှုတို့ဖြင့် ပီတိကိုစားသုံးနေရသော ကာလဖြစ်သည်။ သို့သော် ထိုကာလ တာရှည်ခံမခံ ၂၀၁၂-၂၀၁၃ သည် အဆုံးအဖြတ်ဖြစ်လာမည်။

မြန်မာသမ္မတသစ်က ပြုပြင်ပြောင်းလဲရေးဖြစ်စဉ်များအတွက် နောက်ကြောင်းပြန်မလှည့်ပါဆိုသည့် ခိုင်မာသော ကတိကဝတ်ကို ပေးလာခြင်းကြောင့် လူထုမျှော်လင့်ချက် မြင့်တက်လာသော်လည်း မြန်မာပြည်အနေအထားသည် မည်သည့်ကဏ္ဍတွင်ကြည့်ကြည့် ပြောင်းလဲမလား၊ နောက်ကြောင်းပြန်လှည့်မလားဆိုသည့် အချက်မှာ ၅၀-၅၀ ရာခိုင်နှုန်းစီရှိနေသေးသည်။ ရင်တမမဖြစ်နေရသေးသည်။ အဓိကအချက်မှာ ပြည်တွင်းငြိမ်းချမ်းရေးအတွက် လွတ်လပ်ရေးရကတည်းက ပေါ်ပေါက်ခဲ့သော လက်နက်ကိုင် ပဋိပက္ခ ထာဝရချုပ်ငြိမ်းသွားဖို့နှင့် တန်းတူရေးကို အခြေခံသော ပြည်ထောင်စုတည်ဆောက်ရေးမှာ လမ်းကြောင်းမှန်ပေါ်တက်ခါစရှိသေးသည်။ သေနတ်သံတွေ ကြားနေရဆဲ၊ ရွာပုန်းရွာရှောင် ဒုက္ခသည်များ ထောင်နဲ့ချီရှိနေဆဲ၊ နယ်စပ်တစ်လျှောက် ဒုက္ခသည်စခန်းများတွင် သောင်းနဲ့ချီ ရှိနေဆဲ။

ထာဝရငြိမ်းချမ်းရေး ဖော်ဆောင်နိုင်မှုသည် မြန်မာနိုင်ငံ၏ ပထမဦးစားပေးဖြစ်လာသည်။

ဒုတိယဦးစားပေးမှာ အားလုံးပါဝင်နိုင်သော နိုင်ငံရေးရေခံမြေခံကို အားကောင်းခိုင်မာအောင်ဖန်တီးပြီး တရားဥပဒေစိုးမိုးရေးကို အုတ်မြစ်ချရန်ဖြစ်သည်။ ထိုအခါ ဒီမိုကရေစီစနစ်၏ အသီးအပွင့်ကို နိုင်ငံသားတို့ စတင်ခံစားနိုင်မည်။ တရားဥပဒေစိုးမိုးမှုသည် နိုင်ငံရေးစနစ် ပွင့်လင်းမြင်သာသော၊ တာဝန်ခံမှုရှိသောအချက်ကို အာမခံပေးနိုင်သလို စီးပွားရေးတိုးတက်လာစေရန် အခြေခံပင်မ ဒေါက်တိုင် တစ်ခုဖြစ်နေသည်။ ဥပဒေဖြင့် အုပ်ချုပ်သော စနစ်ကောင်းမွန်မှ နိုင်ငံတကာ ရင်းနှီးမြုပ်နှံမှု အလုံးအရင်းဖြင့် ဝင်ရောက်လာမည်။ တိုင်းရင်းသားစီးပွားရေး လုပ်ငန်းရှင်များအတွက် တန်းတူရည်တူ ယှဉ်ပြိုင်နိုင်စေမည်။ ထို့ကြောင့် ငွေလဲနှုန်း အမျိုးမျိုးဖြစ်နေသောစနစ်ကို ဖျက်သိမ်းပြီး နိုင်ငံတကာငွေကြေးဈေးကွက်သို့ ဝင်ရောက်ပေါင်းစည်းရန် ဈေးကွက်အခြေခံသော နှုန်းရှင်ဖြင့် မြန်မာ့ဘဏ္ဍာရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုကို လုပ်ဆောင်နိုင်မည်။ ဗဟိုဘဏ်သည် အစိုးရအောက်တွင် မရှိစေဘဲ လွတ်လပ်နေရမည်။ တတိယဦးစားပေးမှာ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍကို အလုံးအရင်းဖြင့် ပြုပြင်ပြောင်းလဲရန်ဖြစ်ပြီး လူမှုဖူလုံရေးကို စီးပွားရေးတိုးတက်မှုဖြင့်

ဟန်ချက်ညီညီဖြစ်စေရန်ဖြစ်သည်။ ထို့အတွက် နည်းပညာနှင့် ဆက်သွယ်ရေးကဏ္ဍကို နိုင်ငံတကာစံအရ မြှင့်တင်ရမည်။ မြန်မာလူငယ်တိုင်း သတင်းအချက်အလက်နည်းပညာကို ရယူနိုင်စေရန် လမ်းကြောင်းမှန်သမျှဖွင့်ပေးရမည်။ အင်တာနက်ဆက်သွယ်ရေးစနစ် မြန်ဆန်ပြီး နေရာမရွေး လွတ်လပ်စွာသုံးစွဲနိုင်ရေးသည် ပြုပြင်ပြောင်းလဲရေးကဏ္ဍတိုင်းအတွက် ကောင်းမွန်သော အသီးအပွင့်များကို ခံစားစံစား စေနိုင်မည်။ နိုင်ငံတကာပညာရေး၊ ကျန်းမာရေးစနစ်နှင့် တန်းတူ ပေါင်းစည်းခြင်းသည် လာမည့် အနှစ် ၃၀ အနာဂတ်အတွက် တိုင်ပြည်တည်ဆောက်ခြင်းဖြစ်သည်။

စတုတ္ထဦးစားပေးမှာ လူထုအခြေပြုအဖွဲ့အစည်းများ အားကောင်းမောင်းသန်ဖြစ်လာစေရေးနှင့် မီဒီယာအပေါ် ချုပ်ကိုင်ထားမှုတို့ကို လုံးဝဖယ်ရှားပြီး ဥပဒေဖြင့် မောင်းနှင်သော လူ့အဖွဲ့အစည်းဖြစ်ရေးကို လုပ်ဆောင်ရန်ဖြစ်သည်။ အီလစ်များကိုသာ အခွင့်အရေးပေးသည့် အရိပ်များ ဖုံးလွှမ်းနေပါက တကယ့်ပြောင်းလဲမှုကို နိုင်ငံသားတိုင်းခံစားနိုင်ရရန် လွယ်ကူမည်မဟုတ်ပေ။ နီးစပ်ရာဖြင့် စားတော်ခေါ်သည့် အလေ့အကျင့်ဖြင့် ခေတ်သစ်ကို ပုံဖော်ခြင်းသည် သန်း ၆၀ နှင့် စစ်ခင်းခြင်းဖြစ်သည်။ ထိုအချက်ကို မပြုပြင်နိုင်ပါက အဂတိလိုက်စားမှု တိုက်ဖျက်ရေးသည် အိပ်ယာဝင်ပုံပြင်သာ ဖြစ်သွားနိုင်ခြေရှိသည်။ လွန်ခဲ့သည့် နှစ် ၅၀ အတွင်း တိုင်းပြည်စီးပွား ခါးချိုးခံခဲ့ရမှုအောက်နိုင်ငံသားတိုင်း စီးပွားရေး လုပ်ခွင့်မရဘဲ နီးစပ်ရာ အဝန်းအဝိုင်းက လက်တစ်ဆုတ်စာ လူအချို့သာ ဓနအင်အားကို မောင်ပိုင်စီးထားသဖြင့် မြန်မာနိုင်ငံတွင် အချမ်းသာဆုံးသူနှင့် အဆင်းရဲဆုံးလူတန်းစား ၂ ခုတည်းသာရှိခဲ့သည်။ ၎င်းတို့၏အချိုးမှာ တစ်သန်းအချိုး တစ်ဖြစ်နေသည်။ ( ၁ ၀၀၀ ၀၀၀ း ၁ ) လူလတ်တန်းစားများ အားကောင်းမောင်းသန်ပေါ်ထွန်းလာစေခြင်းသည် လစ်ဘရယ် ဒီမိုကရေစီအတွက် မရှိမဖြစ် ရေခံမြေခံဖြစ်သည်။

ပဥ္စမဦးစားပေးမှာ အစိုးရယန္တရားချောမောစွာလည်ပတ်ရေးနှင့် ဗြူရိုကရေစီ အသက်ဝင်လာရေးဖြစ်သည်။ လူထုကို ဆားဗစ်ပေးသော တာဝန်ယူမှု၊ တာဝန်ခံမှုတို့ကိုအမြန်ဆုံးကူးပြောင်းရမည်။ အစိုးရ၏ ဆားဗစ်နှင့် ပုဂ္ဂလိက ဆားဗစ်များ အပြိုင်အဆိုင်ဖြစ်ပါက လူထုကောင်းစားရေးသို့ ဦးတည်နိုင်မည်။ ထိုအခါ အစိုးရ၏ ရည်မှန်းချက်ဖြစ်သော သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သောအုပ်ချုပ်မှုအတွက် စံနှုန်းမြင့်တက်လာမည်။

ဆဌမဦးစားပေးမှာ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရနှင့် လွှတ်တော်တို့ စွမ်းရည်မြှင့်တင်ရေးဖြစ်သည်။ ဗဟိုအစိုးရအပေါ် အမှီအခိုကြီးမှုကို လျှော့ချပြီး အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ဥပဒေပြုရေးတို့တွင် တာဝန်ခံမှုရှိသော မြန်ဆန်သွက်လက်မှုတို့ ပေါ်ပေါက်လာစေမည်။

၂၀၁၂-၂၀၁၃ အတွင်း အဆိုပါအချက်များကို အကောင်အထည်ဖော်ခြင်းသည် ၂၀၁၄ အာဆီယံကို ဦးဆောင်ပြီး ၂၀၁၅ အာဆီယံကွန်မြူနီတီအတွက် အဆင်သင့်ဖြစ်မှုလည်းဖြစ်သလို ဒီမိုကရက်တိုက်ဖေးရှင်းကို အရှိန်မြှင့်ဖော်ဆောင်ခြင်းလည်း ဖြစ်သည်။ နိုင်ငံတကာအလယ် ဒိုးတူဘောင်ဖက် ကစားကွက်ဖော်ဆောင်နိုင်မည်။ အတိုချုပ်ပြောရလျှင် မြန်မာတို့ဂုဏ်သိက္ခာရှိမည့် လမ်းကြောင်းဖြစ်သည်။ ထိုမျှော်မှန်းချက်ကို စန်းပွင့်လာသော ယနေ့ကာလဖြင့် အချိန်ကိုက်လုပ်ဆောင်ပါက မြန်မာနိုင်ငံသည် သမိုင်း၏လှည့်စားမှုနှင့် အကျီစားသန်မှုကိုခံရဖို့ ဝေးသွားမည်ဖြစ်သည်။ ပထဝီနိုင်ငံရေးဖဲချပ် အကွက်ရွှေ့မှုအောက်တွင် လစ်ဘရယ်ဒီမိုကရေစီဂါထာကို စည်းချက်ညီညီ ရွတ်ဖတ်နိုင်တော့မည် ဖြစ်သည်။ ထို့အတွက် မြန်မာနှင့် မဟာဗျူဟာမြောက် ချစ်တင်းနှောလိုသည့်နိုင်ငံများအနေဖြင့် လုပ်ဆောင်ရမည့်အချက်များလည်း ရှိသည်။ အမေရိကန်ပြည်ထောင်စုအနေဖြင့် ၁၉၉၆၊ ၂၀၀၃၊ ၂၀၀၇ နှစ်များတွင် ပိတ်ဆို့အရေးယူထားသည်များကို ကတိပေးထားသည့်အတိုင်း လမ်းညွှန်မြေပုံရေးဆွဲကာ တစ်ဆင့်ချင်း ဖယ်ရှားပေးသွားရေးကို ၂၀၁၂-၂၀၁၃ အတွင်း အပြီးအပြတ်လုပ်ဆောင်ရင်း မြန်မာနိုင်ငံ ဒီမိုကရက်တိုက်ဖေးရှင်းလမ်းကြောင်း ချောမွေ့စေရေးအတွက်

တတ်နိုင်သမျှ ကူညီပေးဖို့ဖြစ်သည်။ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍတွင် ကူညီထောက်ပံ့မှုများ အလုံးအရင်းဖြင့်ပေးသင့်ပြီး ကမ္ဘာ့ကုန်သွယ်ရေး၊ ဘဏ္ဍာရေးတို့အတွက် မိတ်ဆွေကောင်းအနေဖြင့် လက်တွဲခေါ်ဆောင်ရန်ဖြစ်သည်။ မဟာဗျူဟာမြောက် လမ်းဆုံကြီးကို ခွထိုင်နေမိသော တိုင်းပြည်ငယ်လေးနှင့် မဟာဗျူဟာမြောက်ဆက်ဆံရေးကို ထူထောင်ရန် ကတ္တီပါဖိနပ်စီးရွှေထီးဆောင်းသော မဟာမိတ်အဖြစ် တန်းတူရည်တူသဘောထားရန်ဖြစ်သည်။

ဥရောပသမဂ္ဂအနေဖြင့် ပိတ်ဆို့အရေးယူထားသည်များကို အမြန်ဆုံးဖယ်ရှားပေးပြီး အာဆီယံကိုဦးဆောင်ရမည့် မြန်မာအတွက် မိတ်ဆွေကောင်းပီပီသသ ကူညီထောက်ပံ့ပေးရန်တို့ဖြစ်သည်။ လူထုအခြေပြုအဖွဲ့အစည်းများ အားကောင်းမောင်းသန်ဖြစ်ရေးနှင့် ကုန်သွယ်ရေးတွင် ခိုင်မာသောမိတ်ဖက်အဖြစ်လက်တွဲပြီး ပြည်တွင်းငြိမ်းချမ်းရေး လုပ်ငန်းစဉ်များဖော်ဆောင်နေသော မြန်မာပြည်အတွက် ခိုင်မာသော မဟာဗျူဟာမြောက် ဆက်ဆံရေးကို ထူထောင်နိုင်ရန်တို့ဖြစ်သည်။

တရုတ်နိုင်ငံအနေဖြင့် စီးပွားရေး၊ စစ်ရေးကဏ္ဍတွင်သာမက နိုင်ငံသားအချင်းချင်း ဆက်ဆံရေး၊ မိတ်ဆွေကောင်း ပီသရေးတို့အတွက် ပြင်ဆင်သင့်ပါသည်။ မြန်မာပြည်တည်ငြိမ် တိုးတက်ရေးကို လိုလားသော မဟာဗျူဟာမြောက် ပါတနာအနေဖြင့် အာရှရွှေခေတ်ကို မြန်မာနှင့်အတူ ချစ်ကြည်ရင်းနှီးသော၊ တန်းတူသော ဆက်ဆံရေးဖြင့်ထူထောင်ရင်း အစိုးရချင်းဆက်ဆံရေးသာမက ပြည်သူအချင်းချင်း ဆက်ဆံရေး၊ အပြန်အလှန်ကူညီရေး၊ စာနာ နားလည်ရေးသည် ပုံရိပ်ကောင်းတစ်ခုဖြစ်လာသင့်သည်။ မြန်မာနှင့်အတူ လက်တွဲချမှတ်ခဲ့သည့် ဘန်ဒေါင်းအင်စတော်လေးရှင်း ကို ခိုင်ခိုင်မာမာဆုပ်ကိုင်ရင်း ဟာမိုနီဖြစ်သော အခင်းအကျင်းသာမက အမြင်သဘောထားမတူသည့် လွတ်လပ်ပွင့်လင်းသော ဒီမိုကရေစီ၏နောက်ဆက်တွဲများကိုလည်း သည်းခံနိုင်သည့်မိတ်ဆွေတစ်ဦးအဖြစ် ထာဝရလိုအပ်နေမည်သာဖြစ်သည်။

အိန္ဒိယအနေဖြင့် တရုတ်လွှမ်းမိုးမှုကို တန်ပြန်နိုင်ရန်အတွက်၊ အာဆီယံဈေးကွက်ကို ရယူနိုင်ရန် သက်သက်အတွက် မြန်မာနှင့်မိတ်ဆွေဖြစ်ရမည်ဆိုသည့် အမြင်ထက်ပိုမိုကျယ်ပြန့်သော သဘောထားမျိုး ရှိရန်လိုအပ်သည်။ နိုင်ငံတိုင်းသည် မိမိနိုင်ငံ၏ အကျိုးစီးပွားကိုအခြေခံပြီး ဆက်ဆံရသော်လည်း မြန်မာပြည်၏ အပြောင်းအလဲများကို နှုတ်အားဖြင့် ကူညီထောက်ပံ့နေရုံသာမက နည်းပညာဆိုင်ရာ ကူညီပံ့ပိုးမှုများ ပေးသင့်သည်။ မြန်မာသည် အိန္ဒိယအတွက် အာဆီယံသို့ ဖြတ်သန်းသွားရမည့် လမ်းခုလပ်က ဇနပုဒ်ဖြစ်သည်ဆိုသည့်အမြင်ထက် မြန်မာသည် အာဆီယံ၏ gateway ဖြစ်သည့်အပြင် မရှိမဖြစ် ဘန်ဒေါင်းမိတ်ဆွေဖြစ်သည်ဆိုသည့်အမြင်ကို ပိုမိုဆုပ်ကိုင်ထားသင့်သည်။ မြန်မာသည်အတိတ်နှင့် လမ်းခွဲခဲ့ပြီဆိုသည်ကို အမြင်ရှင်းရှင်းလက်ခံပြီး ဒီမိုကရေစီ၏ ကောင်းသောအားသာချက်များနှင့် စိတ်ညစ်ဖွယ်ရာဆူညံသံများအကြောင်း ရင်ဖွင့်နိုင်မည့် မိတ်ဆွေအဖြစ် သဘောထားနိုင်ပါသည်။

ကမ္ဘာ့အင်အားကြီးနိုင်ငံတိုင်းသည် မြန်မာနှင့် မဟာဗျူဟာမြောက်ချစ်သူများ ဖြစ်ချင်နေကြသည့် စန်းပွင့်သောကာလသို့ ရောက်ရသည်မှာ နိုင်ငံရေးစီးပွားရေး ပြုပြင်ပြောင်းလဲမှုများကို လုပ်ဆောင်မည်ဟု မြန်မာဘက်က ခိုင်ခိုင်မာမာ ကတိကဝတ်ပေးလိုက်ခြင်းကြောင့် ဖြစ်ပါသည်။ နိုင်ငံရေးအရ ပွင့်လင်းမှုကို ဖော်ဆောင်နေသည့် ခရီးအစမှာပင် အားတက်ဖွယ်ရာ ဆက်ဆံရေးသစ်များကို ထူထောင်လိုကြခြင်းဖြစ်သည်။ နိဂုံးချုပ် အဖြေတစ်ခုမှာ မြန်မာသည် အာဏာပိုင်၊ အာဏာရှင်စနစ်ကနေ လမ်းခွဲထွက်လိုက်ပြီး လစ်ဘရယ် ဒီမိုကရေစီကို ဖော်ဆောင်ဖို့ ခေတ်မီရေးလမ်းကြောင်းပေါ်တက်လာခြင်းသည် မူလအချက်ဖြစ်သည်။ နှင်းခဲပျော်ချိန်ကို ဖြတ်သန်းနေရဆဲ မြန်မာပြည်အတွက် မဟာဗျူဟာမြောက် လမ်းဆုံပေါ်တွင် သိမ်မွေ့လှသော

နိုင်ငံရေးစာမျက်နှာများကို တစ်ရှက်ချင်းလှန်နေရသည့်အချိန် ဖြစ်သည်။ ထို့ကြောင့် မဟာဗျူဟာမြောက်ချစ်သူသည် ဒီမိုကရေစီဂါထာကို ပြောင်ကျကျ စည်ဝါးညီညီရွတ်ဖတ်ဖို့သာ လိုပါသည်။

မြန်မာတို့သည် ကံကို ယုံကြည်ကြသောသူများဖြစ်သည်။ ထို့ကြောင့် ကံကောင်းချင်ကြပါသည်။ မြန်မာပြည် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်သည် အနှစ်နှစ်အလလက မက်ခဲ့ရသော အိပ်မက်ဖြစ်သည်။ တိုင်းပြည်တစ်ခု ထူထောင်ရသည်ဆိုသည့် အတွေ့အကြုံမှာ လူ့သက်တမ်းတစ်ခုတွင် တစ်ကြိမ်ပင် ရနိုင်စွမ်းသည့်အခွင့်အရေးမဟုတ်ပေ။ ၁၉၄၇ ပြည့် ကာလအတွင်း မြန်မာလူငယ်များသည် လွတ်လပ်ရေးသည် ပထမ၊ လွတ်လပ်ရေးသည် ဒုတိယ၊ လွတ်လပ်ရေးသည် တတိယ ဟူသော ကြွေးကြော်သံဖြင့် ခေတ်သစ်နိုင်ငံတော်တစ်ခုကို ထူထောင်ခွင့်ရရှိခဲ့ကြသည်။ အမျိုးသားရေးဂုဏ်သိက္ခာ အင်မတန်မြင့်တက်ခဲ့ရသည့် သမိုင်းတစ်ကွေ့လည်း ဖြစ်သည်။

ဒီမိုကရေစီရေး၊ လူ့အခွင့်အရေး၊ တိုင်းရင်းသားတန်းတူညီမျှရေးနှင့် ခေတ်မီနိုင်ငံတော်သစ် ထူထောင်ရေးသည် ၂၁ရာစု မြန်မာတို့၏ ယနေ့ကြုံကြိုက်နေရသော အခင်းအကျင်းတစ်ခုဖြစ်သည်။ အရှေ့တောင်အာရှနိုင်ငံလေး၏ အဆိုပါဖြတ်သန်းမှုသည် ဒေသတွင်းသာမက၊ ကမ္ဘာကပါ လေးစားခန့်ညားရမည့် ဂုဏ်သိက္ခာ အင်မတန်မြင့်မားစေမည့် ကာလတစ်ခုဖြစ်သည်။ လွတ်လပ်မှု၏တန်ဖိုးကို မလွတ်လပ်သည့် ကာလကို ဖြတ်သန်းမှ တန်ဖိုးထားနိုင်မည်ဖြစ်သည်။ မြန်မာတို့သည် ရာစုနှစ်တစ်စုကျော်ကြာ မလွတ်လပ်သော ဖိနှိပ်အုပ်ချုပ်မှုအောက် ကျရောက်ခဲ့ရသော်လည်း လွတ်လပ်မှုကို အာသာငမ်းငမ်းတမ်းတမှုသည် မည်သည့်ခေတ်တွင်မဆို ချုပ်ငြိမ်းသွားမည် မဟုတ်ပေ။

## အပိုင်း (၃)

### အခြားဆောင်းပါးများ . . .

၁။ နေဝင်ညကိုကူးဖြတ်ခဲ့သည့် အန်ကယ်ဆမ်နှင့် မြန်မာ
၂။ ဆယ်လ်မွန်ငါးတို့အပြန်
၃။ မဟာဗျူဟာလမ်းဆုံနှင့် အာရှသတ်မှတ်ချက်ပေါ်က ဝါရှင်တန်
၄။ ရောဝတီမှာ ပြန်လည်ဆုံစည်းကြမည်
၅။ ဒီမိုကရေစီ ဒေါင်းလုပ်ပြီးပြီ… အင်စတော်လေးရှင်း အသင့်ပြင်
၆။ ရထားကြီး ထွက်ခွာခဲ့ပြီ …
၇။ မြန်မာတို့ ခေတ်မီကြရတော့မည် . . . ။

### နေဝင်ညကို ကူးဖြတ်ခဲ့သည့် . . .
### အန်ကယ်လ်ဆမ်နှင့် မြန်မာ

အမေရိကန်ပြည်ထောင်စု၏ မြန်မာနိုင်ငံဆိုင်ရာ အဆင့်အမြင့်ဆုံးအထူးကိုယ်စားလှယ် မစ္စတာ ဒဲရစ် မစ်ချဲလ်၏ စက်တင်ဘာလအတွင်း ၅ ရက်ကြာ မြန်မာပြည်ခရီးစဉ်သည် ၂၃နှစ်ကြာ အေးစက်တင်းမာခဲ့သည့် နှစ်နိုင်ငံဆက်ဆံရေးအတွက် ကြီးမားသော အပြောင်းအလဲကြီးတစ်ခုဖြစ်ခဲ့ပြီး အမေရိကန်ပြည်ထောင်စု၏ မြန်မာပြည်ဆိုင်ရာ မူဝါဒများအလုပ်မဖြစ်ခဲ့၊ မအောင်မြင်ခဲ့သည်ကို သက်သေထူခဲ့သည်။

အထူးကိုယ်စားလှယ်သည် မြန်မာနိုင်ငံ၏ အရေးပါသော takeholders များနှင့်တွေ့ဆုံခဲ့ပြီး မြန်မာနိုင်ငံ၌ ၂၀၁၁ မတ်လနောက်ပိုင်း ပြောင်းလဲမှုများကို လေ့လာခဲ့သည်။ အရပ်ဖက်အဖွဲ့အစည်းများ နိုင်ငံရေးပါတီများနှင့်လည်း တွေ့ဆုံခဲ့ပြီးနောက် အမေရိကန်အနေဖြင့် မြန်မာနိုင်ငံအား မည်သည့်ပေါ်လစီဖြင့် ချဉ်းကပ်ရမည်ဆိုသည်ကို ရှင်းလင်းစွာ နားလည်သွားသည်။ ဒဲရစ်မစ်ချဲလ်သည် မြန်မာအစိုးရနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံရေးမှုကို ဆုပ်ကိုင်ပြီးလာရောက်ခဲ့ရာ မြန်မာနိုင်ငံသည် အပြောင်းအလဲတစ်ခုဆီ ရွေ့နေကြောင်း သိမြင်လက်ခံခဲ့သည်။

Two-level Game ပေါ်လစီအရ စစ်မှန်သည့်အပြောင်းအလဲကို မမြင်တွေ့ရမချင်း ပိတ်ဆို့ဒဏ်ခတ်မှုများကို ဆက်လက်ထားရှိသွားဦးမည်ဆိုသည့် သဘောထားရှိနေသေးသော်လည်း အမေရိကန်-မြန်မာဆက်ဆံရေး၏ ပထမဆုံးခြေလှမ်းကို စတင်ခဲ့သည့် အထက်လွှတ်တော်အမတ် ဆီနိတ်တာ ဂျင်ဝက်ဘ်က အမေရိကန်အမျိုးသား အကျိုးစီးပွားဟု သမ္မတအိုဘားမားက ယူဆပါက မြန်မာနိုင်ငံမှ ပို့ကုန်များကို တားမြစ်ထားသည့် ဥပဒေအား သမ္မတအမိန့်ဖြင့် ပယ်ဖျက်နိုင်သည်။ မြန်မာပြည်ဆိုင်ရာ မူဝါဒများကို အချိန်အခါလိုက်ပြီးပြောင်းလဲသွားရမည်ဟု ပြောဆိုခဲ့သည်။ နှစ်နိုင်ငံဆက်ဆံရေးတွင် လေပြေလေညင်းများ တိုက်ခတ်လာနေပြီဟူ၍ လေ့လာသူများက သတိထားစောင့်ကြည့်နေကြသည်။

မြန်မာပြည်ခရီးစဉ် အဆုံးသတ်တွင် ဒဲရစ်မစ်ချဲလ်က မြန်မာနိုင်ငံ၌ စစ်မှန်သောအပြောင်းအလဲများ ဖြစ်ပေါ်လာစေရန် တိုက်တွန်းခဲ့ပြီး သံသယရှိနေသူများ များယွင်းနေကြောင်း သက်သေပြရန်၊ အပြောင်းအလဲများကို နောက်ကြောင်းမပြန်ဘဲ ရှေ့တိုးလုပ်ဆောင်ရန်ပြောခဲ့သည်။

လက်ဆုပ်လက်ကိုင်ပြနိုင်သည့် ပြောင်းလဲမှုများ တွေ့ရပါက အမေရိကန်ပြည်ထောင်စုသည် ချက်ချင်းတုံ့ပြန်သွားမည်ဟု အထူကိုယ်စားလှယ်ကဆိုသည်။ ယင်းမှာ အပြင်းပွားဖွယ်ရာဖြစ်နေသော စီးပွားရေး၊ ကုန်သွယ်ရေး ဒဏ်ခတ်ပိတ်ဆို့ထားသည့် အမေရိကန်တို့၏ အရေးယူမှုများကို ဖယ်ရှားပေးသွားမည်ဆိုသည့် ကမ်းလှမ်းချက်ဖြစ်သည်။ ယင်းသည် အမေရိကန်ပြည်ထောင်စု၏ မြန်မာနိုင်ငံဆိုင်ရာမူဝါဒ အပြောင်းအလဲကြီး တစ်ခုဖြစ်သည်။

အမေရိကန်ပြည်ထောင်စုရှိ ရင်းနှီးမြှုပ်နှံလိုသည့် ကုမ္ပဏီများကလည်း ဝါရှင်တန်ကို မူဝါဒပြောင်းပေးရန် တောင်းဆိုနေကြသည်။ ၂၀၁၁ အတွင်း တိုတောင်းလှသည့်ကာလ၌ မြန်မာနိုင်ငံ၏ အပြောင်းအလဲများသည် ပြင်ပကမ္ဘာအား အရှုးလုပ်ရန်ဟန်ပြလုပ်ဆောင်နေခြင်းဟု အင်အားစုအချို့က ဝေဖန်မှုများပြုလုပ်ခဲ့ပြီး အမေရိကန်တို့၏ မူဝါဒမပြောင်းလဲဘဲ ပိတ်ဆို့အရေးယူမှု ဆက်လက်ထားရှိရန် တောင်းဆိုနေကြသည်။ အဆိုပါဝေဖန်မှုများနှင့် သံသယရှိသူတို့လုံးဝမှားယွင်းကြောင်း မြန်မာနှင့် အမေရိကန်အစိုးရတို့ အခိုင်အမာသက်သေပြရတော့မည်ဖြစ်သည်။ အခြေအနေ အချိန်အခါလိုက် ပြောင်းလဲနေသော၊ ရွေ့နေသော အခင်းအကျင်းကြီး မြန်မာနိုင်ငံ၌ ပေါ်ပေါက်နေသည်ကို အမေရိကန်ပြည်ထောင်စုအပါအဝင် ကမ္ဘာ့နိုင်ငံများက အမှန်တကယ်ပင်လက်ခံကာ အသိအမှတ်ပြုပြီး အရာရာ နောက်ကြောင်းပြန်မသွားရေးအတွက်သာ တွန်းပေးချင်ကြသည်သာဖြစ်သည်။

ဝါရှင်တန်က အဓိကလိုလားနေသော အမျိုးသားပြန်လည်ရင်ကြားစေ့ရေးဖြစ်စဉ် ပေါ်ပေါက်လာစေရန် ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူများကို ခြွင်းချက်မရှိ လွှတ်ပေးရေးတို့သည် နှစ်ဖက်ကြား လိပ်ခဲတည်းလည်း ဖြစ်နေသည့် အခြေအနေများကို ကျော်လွှားသွားနိုင်မည့် အရေးဖြစ်သည်။ မစ္စတာ ဒဲရစ်မစ်ချဲလ်သည် မြန်မာပြည်ကို ပိတ်ဆို့အရေးယူထားသည်ကို ဆက်လက်ထောက်ခံနေသော်လည်း မြန်မာကို အထီးကျန်ထားခြင်းနှင့် ပိတ်ဆို့အပြစ်ပေးခြင်းသည် စစ်မှန်သော အပြောင်းအလဲကို ဖော်ဆောင်နိုင်မည်မဟုတ်ဟု ယုံကြည်သူလည်းဖြစ်သည်။

စက်တင်ဘာလသည် မြန်မာ-အမေရိကန်ဆက်ဆံရေးအတွက် ရှေ့သို့ခြေလှမ်းတစ်ခု လှမ်းလိုက်ခြင်းဖြစ်ပြီး အတိတ်က အအေးစက်တင်းမာခဲ့သော ဆက်ဆံရေးကို ဖယ်ရှားလိုက်သည့် သမိုင်းဝင်ကာလတစ်ခုဖြစ်ခဲ့သည်။ ဝါရှင်တန်၏ မူဝါဒအပြောင်းအလဲများဆက်တိုက်ဖြစ်ပေါ်လာစေရန် လာမည့်လများအတွင်း မြန်မာနိုင်ငံ၌ လူတိုင်းလိုလားနေသော ဖြစ်စဉ်များ အံ့သြဖွယ်ကောင်းလောက်အောင်ပေါ်လာဖို့ စောင့်ကြည့်ရမည်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် သမ္မတကြီး ဦးသိန်းစိန်က စိတ်ဝမ်းကွဲမှုများချုပ်ငြိမ်းပြီး သဘောထားမတူသည်များကို ဖယ်ရှားကာပူးပေါင်းဆောင်ရွက်သည့်နည်းကို ယုံကြည်စွာဆုပ်ကိုင်ထားကြောင်း လုပ်ရပ်များဖြင့် တစ်ဆင့်ချင်း သက်သေပြသည့်အခါ သန်း၆၀လုံး ညီညွတ်ပျော်ရွှင်စွာ ဒီမိုကရေစီပန်းတိုင်ကို လျှောက်လှမ်းဖို့ မြန်မာသည် သံန္နိဋ္ဌာန်ချထားကြောင်း တစ်ကမ္ဘာလုံးကို သက်သေထူခြင်းဖြစ်မည် ဖြစ်သည်။

မြန်မာအတွက် အာရုဏ်ဦး ရောက်လာခဲ့ပြီဖြစ်သည်။ ထိုအာရုဏ်သည် မှောင်မိုက်လှသော ညရှည်ကြီးကို ဖြတ်သန်းခဲ့ပြီးမှ တွေ့ကြုံရခြင်းဖြစ်သည်။ ပိတ်ထားသော တံခါးများကို ဖွင့်ရတော့မည်။ ထိုအခြေအနေသည်

အပြန်အလှန်လိုအပ်နေသော ဝါရှင်တန်နှင့် မြန်မာအကြား ကောင်းမွန်သောဆက်ဆံရေးအတွက် ရေခံမြေခံဖြစ်သလို ဒီမိုကရက်တိုက်ဖေးရှင်းဖြစ်စဉ် မြန်မာပြည်တွင် စနစ်ကျကျ ခြေကုတ်မြဲလာစေရန်နှင့် ဒီမိုကရေစီယဉ်ကျေးမှု ရှင်သန်ကြီးထွားရေးအတွက်လည်း မရှိမဖြစ်လိုအပ်သောကြောင့်ဖြစ်သည်။

## ဆယ်လမွန်ငါးတို့အပြန် . . .

ဦးနှောက်ယိုစီးခြင်း (Brain Drain) ဖြစ်ပေါ်စေသည့် အကြောင်းရင်းမှာ နိုင်ငံတစ်ခုအတွင်းမှ လူငယ်ပညာတတ်များ၊ လုပ်အားများနှင့် အရင်းအမြစ်များ ပြင်ပသို့ အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိသွားခြင်း ဖြစ်သည်။ အဆိုပါ အကြောင်းအမျိုးမျိုးသည်ကပင် ဦးနှောက်ယိုစီးခြင်းကို ဖြစ်စေသော အကြောင်းရင်းဖြစ်ပြီး နိုင်ငံရေး၊ စီးပွားရေးအခြေအနေများက ဦးနှောက်ယိုစီးမှုကို ဖြစ်ပေါ်စေရန် အဓိကတွန်းအားများဖြစ်သည်။

နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး လွတ်လပ်ခွင့်နှင့် အခွင့်အလမ်းများ ဆုံးရှုံးသည်ဟု ယူဆနိုင်သည့် အခြေအနေတစ်ရပ်အောက်တွင် တိုင်းပြည်တစ်ပြည်အဖို့ ဦးနှောက်ယိုစီးခြင်းနှင့် ပြစ်တင်ဝေဖန်မှုခံရခြင်းတို့ကို အကြီးအကျယ်ရင်ဆိုင်ရလေသည်။ ယင်းပြဿနာသည် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်မည်ဆိုသည့်အခါ မရှိမဖြစ် ထည့်သွင်းစဉ်းစားရမည့် အချက် ဖြစ်လာသည်။ အဘယ့်ကြောင့်ဆိုသော် ယိုစီးသွားသည့် တိုင်းပြည်၏ အရင်းအမြစ်များ ပြန်လည်စီးဝင်လာရေးသည် တိုင်းပြည်တစ်ခု ပြန်လည်ထူထောင်ရေး၌ အရေးပါသော ဒိုင်မေးရှင်း ဖြစ်နေခြင်းကြောင့်ဖြစ်သည်။

၁၉၈၈ ခုနှစ်နောက်ပိုင်း အကြောင်းအမျိုးမျိုးကြောင့် ပြည်ပကိုရောက်ရှိသွားသည့် မြန်မာနိုင်ငံသား တိုင်းရင်းသားများ အချိန်မရွေးပြန်လာနိုင်ဖို့ စဉ်းစားပေးသွားမည်ဆိုသည့် နိုင်ငံတော် သမ္မတကြီး၏ ဩဂုတ် ၁၇ ရက်နေ့ ကမ်းလှမ်းချက်သည် သန်းနှင့်ချီသော ပြည်ပရှိ မြန်မာနိုင်ငံသားများ ပြည်တော်ပြန်လာရေးအတွက် ပိတ်ထားသော တံခါးတစ်ချပ်ကို ဆွဲဖွင့်လိုက်ခြင်းဖြစ်သည်။ နိုင်ငံတည်ဆောက်ရေးအတွက် နှစ်ပေါင်းများစွာ ဆုံးရှုံးခဲ့ရသည့် တိုင်းပြည်၏ ဦးနှောက်များ၊ အရင်းအနှီးများနှင့် လူ့စွမ်းအားအရင်းအမြစ်များ ပြန်လည်ရရှိနိုင်ရေးအတွက် မျှော်လင့်ချက်ရောင်ခြည် သမ်းလာပြီဟု ယူဆနိုင်သည်။

ယင်းမှာ အစိုးရသစ်သည် အတိတ်ကာလ ခေတ်စနစ် အခင်းအကျင်းတစ်ခုလုံးနှင့် လမ်းခွဲလိုက်ခြင်းဖြစ်ကြောင်း ပြသခြင်းဖြစ်သလို နောက်ပြန်ဆွဲမည့် မည်သည့်အရာမှ မဆောင်ရွက် ဆိုသည့် စိတ်ဆန္ဒကို ပြသခြင်းလည်းဖြစ်သည်။ ယခုအခါ နိုင်ငံတော်သမ္မတကြီး၏ ကမ်းလှမ်းချက်သည် လက်တွေ့ကျပြီး အဓိပ္ပါယ်ရှိသော အမိန့်ဒီကရီဖြင့် ပြဌာန်းမည်ဆိုပါက ပြည်တော်ပြန်များအရေး အစိုးရသစ်အနေဖြင့် နိုင်ငံရေးဆန္ဒ (Political Will) ရှိကြောင်း သက်သေပြနိုင်မည်ဖြစ်သည်။

အဆိုပါ လက်ဆုပ်လက်ကိုင်ပြနိုင်သော နိုင်ငံရေးဆန္ဒထုတ်ဖော်ပြသသည့်အခါမှသာ ပြည်တော်ဝင်လာကြမည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးရပ်ဇာတိသို့ ရောက်လာကြမည်ဖြစ်သည်။ ထိုအခြေအနေသည် Brain Drain မှ Brain Gain ဦးနှောက်များပြန်ရရှိမှုအဆင့်ကို ရောက်နိုင်မည်ဖြစ်ပြီး ထိုဦးနှောက်များနှင့်အတူ တတ်ကျွမ်းမှု၊ ငွေပင်ငွေရင်းနှင့် နည်းပညာများ ကျွဲကူးရေပါ တစ်ပါတည်း ပါဝင်လာမည်ဖြစ်သည်။ သို့သော် အရပ်ဒေသအသီးသီးသို့ ပြန့်နှံ့ရောက်ရှိနေကြသော မြန်မာတို့ တိုင်းပြည်မှ ထွက်ခွာခဲ့ရသည့် အကြောင်းရင်းများစွာရှိသဖြင့် နိုင်ငံရေးအရ လုံခြုံစိတ်ချရမှုနှင့် တည်ငြိမ်မှု၊ ဥပဒေစိုးမိုးမှု

အာမခံနိုင်ရေးနှင့် ခွဲခြားဆက်ဆံခံရခြင်းကင်းမှုစသည့် အချက်များမရှိပါက ပြည်တော်ပြန်ရေးလုပ်ဆောင်မှုသည် အနှစ်သာရကင်းမဲ့နေမည်သာဖြစ်သည်။

ကမ္ဘာ့နိုင်ငံအသီးသီး၌ ပြန့်နှံ့နေထိုင်အခြေချကာ ဘဝသစ်များ ထူထောင်နေကြသော သန်းနှင့်ချီသည့်မြန်မာများ ပြည်တော်ပြန်ရေးသည် လွယ်လွယ်ဖြင့်ပေါ်ပေါက်နိုင်မည်မဟုတ်ပေ။ အိမ်နီးချင်းနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင် နေသည့် မြန်မာနိုင်ငံသားများ အနည်းဆုံး ၃သန်းကျော်ရှိပြီး ၎င်းတို့၏ ပြည်တော်ဝင်ခရီးသည် စီးပွားရေးတိုးတက်မှု အတွက် မရှိမဖြစ်သော အရင်းအမြစ်များဖြစ်သည်။ အကြောင်းအမျိုးမျိုးကြောင့် တတိယနိုင်ငံများတွင် အခြေချ နေထိုင်နေကြသူများ ပြည်တော်ပြန်လာရေးသည် ပြန်လာခဲ့ပါဆိုသည့် ဖိတ်ခေါ်ချက် တစ်ခုတည်းဖြင့် လုံလောက်မည် မဟုတ်ပေ။ နှစ်ပေါင်း ၂၀ အတွင်း ဘဝသစ်များကို နေရာသစ်များတွင် ပြန်လည်ထူထောင်ထားရသူများအတွက် ထိုအခြေအနေများကိုဖျက်ပြီး ပြည်တော်ပြန်လာနိုင်ဖို့ ပိုမိုအလေးအနက်ထားဖို့လိုအပ်သည်။

၎င်းတို့ရောက်ရှိနေသည့် နိုင်ငံများတွင် နိုင်ငံသားအဖြစ် ခံယူလိုက်သူများကို အဆိုပါ နိုင်ငံသားများအဖြစ်က စွန့်လွှတ်ပြီး မြန်မာပြည်သို့ပြန်လာပါဆိုပါက မည်သူမျှ ပြန်လာကြမည်မဟုတ်ပါ။ မိသားစုဘဝ၊ လက်ရှိအလုပ်အကိုင်နှင့် သားသမီးများ၏ ပညာရေးများကို ပြောင်းလဲပြီး အိမ်ပြန်လာရမည်ဆိုသည့် မက်လုံးမှာ ထိုထက် အမြင်ကျယ်မှု လိုအပ်ပါသည်။ အိမ်ပြန်ချင်သည့် စိတ်တစ်ခုတည်းဖြင့် ပြည်တော်ပြန်လိုကြသော်လည်း လက်တွေ့ပေါ်ပေါက်ဖို့ အခက်အခဲပေါင်းများစွာ ရှိနေမည်သာဖြစ်သည်။ နိုင်ငံရေး၊ စီးပွားရေး အခြေအနေကောင်းများကို မြင်တွေ့ လက်ခံနိုင်ကြမည်ဖြစ်သော်လည်း လက်တွေ့အိမ်ပြန်လာနိုင်ရေးအတွက် လုပ်ဆောင်ရန်မှာ နိုင်ငံရေးဆန္ဒရှိဖို့ဖြစ်သည်။

ထိုအခါ အကြောင်းအမျိုးမျိုးကြောင့် ပြည်ပသို့ရောက်သွားသူများ အိမ်ပြန်လာစေလိုသည့် ဆန္ဒကို ဆွဲဆောင်မှု၊ လိုက်လျောမှုများ၊ ဖြေလျှော့မှုများ၊ အခွင့်အလမ်းများဖြင့် ပေါင်းစည်းရမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် မွေးဖွားကြီးပြင်းခဲ့သူများသည် ဇာတိမြေ အခြေတိုးမြင့်စေရန် ဆန္ဒရှိကြသူများသာဖြစ်သည်။ ယင်းမှာ ဇာတိကိုခင်တွယ်စိတ်၊ မွေးရပ်မြေကို ချစ်မြတ်နိုးသည့်စိတ်၊ နိုင်ငံကို ချစ်မြတ်နိုးစိတ်ဖြစ်သည်။ ပြန်မလာနိုင်သည့် အခင်းအကျင်းများထားရှိနေပါက ပြန်လာကြမည် မဟုတ်သဖြင့် ပြည်တော်ပြန်များ ပြန်လာစေလိုပါက ပြည်ထောင်စုအစိုးရအနေဖြင့် ကျယ်ပြန့်ပြီး ပွင့်လင်းမြင်သာသော၊ အာမခံချက်ရှိသော၊ တင်းကျပ်မှုများ ဖြေလျှော့ပေးသော အနေအထားတစ်ရပ်ကို ဖန်တီးရတော့မည်ဖြစ်သည်။

အိမ်ပြန်လာရန် ကမ်းလှမ်းသော သမ္မတကြီး၏ မိန့်ခွန်းသည် နိုင်ငံရေးဆန္ဒကို ထုတ်ဖော်ပြသခြင်းဖြစ်သည်။ ထိုဆန္ဒအရ တိုင်းပြည်လူမှုစီးပွားဘဝ ဖွံ့ဖြိုးမှုအတွက် ပူးပေါင်းဆောင်ရွက်ကြရမည့် တိုင်းပြည်တည်ဆောက်ခြင်း၊ ဒီမိုကရေစီတည်ဆောက်ခြင်း၊ တရားမျှတမှုကို တည်ဆောက်ခြင်းတို့အတွက် သားရွှေအိုးထမ်းမည့် အခွင့်အလမ်းကြီးဖြစ်သည်။ မတိတ်သေးသောမျက်ရည်များကို သုတ်ပေးရတော့မည်ဖြစ်သည်။ သားသမီးများ အိမ်ပြန်အလာကို စောင့်မျှော်နေကြမည့် မိခင်အို၊ ဖခင်အိုကြီးတို့၏ မျက်ရည်စက်များကို သုတ်ပေးရတော့မည်။ ယုံကြည်ချက်ကြောင့် မိဝေးဖဝေးဖြစ်နေကြသူများ၊ ချုပ်နှောင်ခံထားရသူများ၏ အိမ်ပြန်လာချိန်သည် လေဟုန်ကိုဆန်ပြီး ပြန်ကြရမည့် အပြန်ခရီးသာဖြစ်သင့်ပါသည်။

အကြောင်းအမျိုးမျိုးကြောင့် ပြည်ပသို့ရောက်နေသည့် မြန်မာများအပြင် အကြောင်းအမျိုးမျိုးကြောင့် ဖမ်းဆီးချုပ်နှောင်ခံထားရသူများ အိမ်ပြန်ရောက်ရေးသည် ဇာတိမြေရှိ မိဘမောင်ဖွားများ၏ အိမ်အတွင်းရှိ

ကြေကွဲဝမ်းနည်းမှုများ၊ ပူဆွေးမှုများကို ဖြေဖျောက်နိုင်မည်ဖြစ်သဖြင့် မြန်မာပြည် ဒီမိုကရေစီထူထောင်ရေးအတွက် အဓိကအကျဆုံးသော နိုင်ငံရေးဆန္ဒပင်ဖြစ်ပေမည်။

ပြည်ထောင်စုလွှတ်တော်မှ ဥပဒေသစ်များ ပြဌာန်းခြင်း၊ ယခင်က ဥပဒေဟောင်းများကို စိစစ်ပြီး ဖျက်သိမ်းခြင်းများသည် အိမ်မပြန်နိုင်သေးသည့် နိုင်ငံအတွင်းမှ ယုံကြည်ချက်ကြောင့် အိမ်နှင့်ဝေးနေသော လူနစ်ထောင်ကျော် အိမ်ပြန်ရောက်ရေးနှင့် နိုင်ငံပြင်ပရှိ လူသန်းပေါင်းများစွာ အိမ်ပြန်ရောက်ရေးတို့အတွက် လက်တွေ့ပြသရမည့် အချိန်ဖြစ်နေပါသည်။ အဘယ့်ကြောင့်ဆိုသော် နိုင်ငံတော် သမ္မတကြီးသည် သူ၏ အုပ်ချုပ်ရေးအဖွဲ့၏ နိုင်ငံရေးဆန္ဒကို ထုတ်ဖော်ခဲ့ပြီဖြစ်သဖြင့် ဥပဒေပြုရေးမဏ္ဍိုင်၏ နိုင်ငံရေးဆန္ဒကို ဆက်လက် ဖော်ပြရန်သာလိုပါတော့သည်။ ။

## မဟာဗျူဟာလမ်းဆုံနှင့် . . . အာရှသတ်မှတ်ချက်ပေါ်က ဝါရှင်တန်

၂၀၀၉ စက်တင်ဘာလအတွင်းချမှတ်ခဲ့သည့် မြန်မာဆိုင်ရာ အမေရိကန်ပြည်ထောင်စု၏ ပေါ်လစီသစ်မှာ ပိတ်ဆို့အရေးယူမှုများကို ဆက်လက်ထားရှိကာ မြန်မာအစိုးရ ခေါင်းဆောင်များနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံရေးကို ဖော်ဆောင်မည်ဆိုသည့် Two-Levels Game ဖြစ်သည်။ ထိုပေါ်လစီသစ်စတင်ခဲ့ပြီး ၁၈ လ အကြာတွင် မအောင်မမြင်ဖြစ်ခဲ့ရပြီဟု အရှေ့အာရှနှင့် ပစိဖိတ်ရေးရာ နိုင်ငံခြားရေးဌာနမှ ဒုတိယလက်ထောက် မစ္စတာဂျိုးဇက်ယွန်းက ဝန်ခံလိုက်သည်မှာ မြန်မာနိုင်ငံနှင့် တိုက်ရိုက်ထိစပ်ပတ်သက်ဖို့ အမေရိကန်ပြည်ထောင်စုဘက်က အရှိန်မြှင့်တော့မည် ဆိုသည့် အရိပ်လက္ခဏာဖြစ်သည်။

တစ်နည်းဆိုရသော် မြန်မာနှင့် မပတ်သက်လျှင် မဖြစ်တော့သည့် ဒေသဆိုင်ရာ မဟာဗျူဟာ အခြေအနေများကြောင့် တိုက်ရိုက်ထိစပ်မှုလုပ်သည့်အခါတိုင်း အကန့်အအသတ်ပေါင်း များစွာရှိနေသဖြင့် နည်းလမ်းသစ်တစ်ခု ထပ်မံရှာဖွေရတော့မည်ဆိုသည့် အဓိပ္ပါယ်ဖြစ်သည်။ ဝါရှင်တန်၏ Two-Levels Game အဘယ့်ကြောင့် မအောင်မမြင်ခဲ့ဖြစ်ရသနည်းဆိုသည်မှာ အာရှဒေသတွင် တွင်ကျယ်နေသော ပေါ်လစီနှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေသောကြောင့် ဖြစ်သည်။ ယင်းမှာ အာရှနည်းအာရှဟန်ဟု လူသိများလာသော အာရှသတ်မှတ်ချက်ဖြစ်သည်။ ထိုသတ်မှတ်ချက်သည် အမေရိကန်ပြည်ထောင်စု၏ မူဝါဒမအောင်မြင်ဖြစ်ရခြင်း၏ အဓိကသော့ချက်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ဒီမိုကရေစီကျင့်စဉ်များ ထွန်းကားရေး၊ လူ့အခွင့်အရေးအခြေအနေများ တိုးတက်လာရေးအတွက် ရည်ရွယ်ပြီး ချမှတ်ခဲ့သော အရေးယူပိတ်ဆို့မှုများသည် မြန်မာ့အိမ်နီးချင်းများ၏ ပိတ်ဆို့မှုသည် အလုပ်မဖြစ်ပါ၊ စေ့စပ်ညှိနှိုင်းမှုသာလျှင် ပြောင်းလဲမှုဆီအရောက် ပို့ဆောင်နိုင်သည်ဆိုသည့် တည်ငြိမ်ရေးဆိုင်ရာ၊ ဟာမိုနီဖြစ်ရေးဆိုင်ရာ အာရှသတ်မှတ်ချက်ကြောင့် ပိတ်ဆို့မှုမအောင်မြင်ပါဆိုသည့် အဖြေကို ဝါရှင်တန်ကထုတ်ဖော်နိုင်ခဲ့သည်။

၂၀၀၉ တွင် အသစ်ပြောင်းလဲချမှတ်လိုက်သည့် ပေါ်လစီအသစ်သည်လည်း ၁၈ လ အကြာတွင် မအောင်မြင်ခဲ့ချေဟု ထပ်မံသုံးသပ်လိုက်ခြင်းမှာ မြန်မာပြည်အပေါ်ထားရှိသည့် ပိတ်ဆို့မှုများသည် စေ့စပ်ညှိနှိုင်းရာတွင် အကန့်အသတ်များရှိနေသောကြောင့် မအောင်မြင်ကြောင်း ကာလတိုတိုအတွင်း သိရှိသွားခဲ့သည်။ အမေရိကန်ပြည်ထောင်စုသည် အတိတ်ကာလထက် မြန်မာနိုင်ငံနှင့်ပတ်သက်ပြီး လက်တွေ့ကျကျ ရှုမြင်သုံးသပ် လာနိုင်သည့် အခြေအနေကိုရောက်လာပြီဟု ယူဆရတော့မည်။

ထိုအခါ ဖိအားပေးခြင်းသည် အလုပ်မဖြစ်ရုံမျှမက စေ့စပ်မည့်မှုကိုပါ ထိခိုက်လာနေကြောင်း ဝါရှင်တန်အစိုးရအတွင်း ရိပ်စားမိသွားကြသည်။ ယင်းမှာ အခြားမဟုတ်ပါ။ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှတွင် အရေးပါသောအခန်းကဏ္ဍဖြစ်သည့် မဟာဗျူဟာမြောက်လမ်းဆုံတစ်ခုဖြစ်လာသောကြောင့်ဖြစ်သည်။

ဝါရှင်တန်နှင့် စေ့စပ်ညှိနှိုင်းမှုသည် အကျိုးများသည်ဟု မြန်မာအစိုးရက ထင်မြင်ယူဆပါက နှစ်ဖက်ဆက်ဆံရေးသည် တိုးတက်လာမည်ဖြစ်သည်။ နှစ်နိုင်ငံ၏ ရည်မှန်းချက်ဖြစ်သော ဒီမိုကရေစီကျင့်စဉ်များ ထွန်းကားရေးနှင့် လူ့အခွင့်အရေးအခြေအနေများ တိုးတက်လာရေးကို လက်တွဲလုပ်ဆောင်သွားနိုင်ရန် အခွင့်အလမ်းများရှိနေဆဲဖြစ်သည်။ မြန်မာအစိုးရသစ်က ကြေညာထားသည့် ပေါ်လစီသစ်များနှင့်အတူ နှစ်ဖက်ဆက်ဆံရေး လိပ်ခဲတည်းလည်းဖြစ်နေသော အချက်များကို နားလည်မှုရှိရှိဖယ်ရှားသွားရန် အရေးကြီးသလို ဝါရှင်တန်ဘက်ကလည်း အကျိုးအမြတ်ရှိကြောင်း ပွင့်ပွင့်လင်းလင်း ထုတ်ဖော်ပြောဆို အသိအမှတ်ပြုရမည်ဖြစ်သည်။ ထိုလုပ်ရပ်သည် ပြောသလောက်လွယ်ကူမည်မဟုတ်သော်လည်း လုပ်ကြည့်ကြရန် အရေးကြီးသည်။

မဟာဗျူဟာလမ်းဆုံပေါ် ခွထိုင်မနေသော မြန်မာနိုင်ငံသည် အမေရိကန်ပြည်ထောင်စုကို မိတ်ဆွေအဖြစ်လိုအပ်ပါသည်။ လမ်းဆုံပေါ်တွင် ဒေသတွင်းအာဏာ ချိန်ခွင်ညှာကို ထိန်းညှိရန်အတွက် ဝါရှင်တန်ကိုလိုအပ်သည်။ ထိုအခါ အာရှ၏ သတ်မှတ်ချက်သည် အမေရိကန်အတွက် ပေါ်လစီသစ်တစ်ခုဖြစ်သင့်ပါသည်။ ယင်းမှာ အာရှ၏အင်အားကြီးမားလာသော အင်အားစုသုံးစုအကြား မြန်မာနိုင်ငံသည်လွတ်လပ်၍ တက်ကြွသော၊ ဘက်မလိုက်သည့် နိုင်ငံခြားရေးမူကို ဆုပ်ကိုင်ပြီး ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးတို့အတွက် စိတ်ဆုံးဖြတ်ထားမှုများကို ပြသရတော့မည်ဖြစ်သည်။

ယင်းသည် ခေတ်သစ်တစ်ခုအတွက် တံခါးဖွင့်ရန် စိတ်တက်ကြွနေသော မြန်မာနိုင်ငံအတွက် နိုင်ငံတကာ ဆက်ဆံရေးနယ်ပယ်တွင် ဒိုင်မေးရှင်းသစ် တစ်ခုလည်းဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် မြန်မာ့ခြေလှမ်းများသည် ကမ္ဘာပေါ်တွင် ပေါ်ထွက်လာမည့် အင်အားကြီးနိုင်ငံများအကြား ထွန်းသစ်စ၊ အင်အားပြည့်ဝသော နိုင်ငံတစ်နိုင်ငံအဖြစ် ဖန်တီးရမည့် ဂိမ်းတစ်ခုဖြစ်နေခြင်းကြောင့်ဖြစ်သည်။

သမ္မတအိုဘားမား အသစ်ခန့်အပ်ရန် သဘောတူထားသည့် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန် အထူးကိုယ်စားလှယ် မစ္စတာ ဒဲရစ်မစ်ချဲလ်နှင့် မြန်မာအစိုးရသစ်တို့အကြား အခန်းကဏ္ဍသစ်တစ်ခုကို ဖွင့်လှစ်ကြရတော့မည်။ မြန်မာအစိုးရသစ်အပေါ် အသိအမှတ်ပြုရေး၊ ချမှတ်ထားသည့် ပိတ်ဆို့မှုများကို ဖယ်ရှားရေးနှင့် လူ့အခွင့်အရေးအခြေအနေများ တိုးတက်စေရေးတို့အတွက် ဝါရှင်တန်သည် ပျော့ပြောင်းမှုများကို စတင်ပြသရတော့မည်။

နှစ်ဖက်လိုလားသော ရည်မှန်းချက်များပြည့်ဝစေရေး တစ်ဦးကိုတစ်ဦး ဖေးမကြရတော့မည်။ ယင်းသည် မဟာဗျူဟာမြောက်လမ်းဆုံပေါ်ရောက်လာနေသော မြန်မာနိုင်ငံအနာဂတ်အတွက် ဝါရှင်တန်ထားရှိရမည့် ပေါ်လစီပင် ဖြစ်ရမည်ဖြစ်သည်။

ပိတ်ဆို့အရေးယူမှုများကို ဖယ်ရှားပေးရန် စိုးရိမ်တကြီးပြောဆိုနေမှုမှာ မဟာဗျူဟာမြောက်လမ်းဆုံတွင် ဝါရှင်တန်အနေဖြင့် မျက်စိလည်လမ်းမှား မကျန်ရစ်စေရန် အချက်ပြနေသော သတိပေးမှုများဖြစ်သည်။ အာရှ၏

သတ်မှတ်ချက်ကို အမှန်တကယ်နားလည် လက်ခံဖို့၊ လက်တွေ့ကျကျရှုမြင်စေဖို့ဖြစ်သည်ကို နားလည်သဘောပေါက်သွားစေလို၍ဖြစ်သည်။ ပန်းတိုင်မှာ ဒီမိုကရေစီရှင်သန်သော ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတစ်ခုပေါ်ထွန်းလာစေခြင်းဖြစ်သည်။

## ဧရာဝတီမှာ ပြန်လည်ဆုံစည်းကြမည် . . .

ထိုနေ့သည် မှတ်မှတ်ရရ RFA အတွက် မြစ်ဆုံရေကာတာစီမံကိန်းနှင့် ပတ်သက်ပြီး ဗီဒီယို Feature ကို ရေးသားနေချိန်ဖြစ်သည်။ ကျွန်တော့် Facebook စာမျက်နှာပေါ်တွင် သတင်းတစ်ခု ရုတ်တရက်ပေါ်လာသည်။ ထိုနောက် ကျွန်တော် ကြက်သေသေသွားခဲ့သည်။ မြစ်ဆုံရေကာတာ စီမံကိန်းကို ပြည်သူများ၏ သဘောထားဆန္ဒများအရ ရပ်ဆိုင်းထားမည်ဟု နိုင်ငံတော်သမ္မတက လွှတ်တော်နှစ်ရပ်သို့ လွှန်ခဲ့သည့်မိနစ်ပိုင်းအတွင်း သဝဏ်လွှာ ပေးပို့လိုက်သည်ဆိုသည့် သတင်းဖြစ်သည်။

ခဏအကြာတွင် မိတ်ဆွေများထံ ဖုန်းဆက်ပြီး ထိုသတင်းကို အူလိုက်သည်းလိုက် ပြောဆိုနေမိတော့သည်။ မကြာခင် ကျွန်တော့်ပါးပြင်ပေါ် မျက်ရည်များစီးကျလာခဲ့သည်။

ချင်းမိုင်မြို့အနောက်ဖက်ရှိ မြင့်မားလှသော တောင်တန်းကြီးပေါ်တွင် မနက်ခင်းနေရောင်သည် ဝင်းပစ္စာဖြာဆင်းနေသည်။ တိမ်လိပ်တွေသည် ဖြူဖွေးနေသည်။ သီတင်းပတ်ပေါင်းများစွာ မိုးသည်းထန်ပြီး ရေကြီးရေလျှံနေသော ထိုတောင်ပေါ်မြို့လေးတွင် မှတ်သုံသည်ဆုတ်ခွာနေသည်။ ကျွန်တော် သတင်းသမားအဖြစ် လွန်ခဲ့သော ၁၇နှစ်ကျော်တုန်းက ထိုမြို့လေးတွင် နိုင်ငံရေးသတင်းများ၊ ဆောင်းပါးများရေးသားခဲ့ဖူးသည်။ ကျောင်းသားနိုင်ငံရေးဘဝကို အဆုံးသတ်ပြီး သတင်းသမားတစ်ယောက်ဖြစ်လာချိန်တွင် မြန်မာ့နိုင်ငံရေး ဒီရေအတက်အကျအလိုက် ခံစားချက်ပေါင်းစုံရှိခဲ့သည်။ ထိုမြို့လေးသို့ ကျွန်တော် ယခုတစ်ခေါက်ပြန်ရောက်ချိန်တွင် ကြုံကြိုက်ရသော မြန်မာ့နိုင်ငံရေး အခြေအနေသည် လွန်စွာ၊ လျှင်မြန်စွာပြောင်းလဲနေသည်။ ဆောင်းဝင်လာတော့မည်ဖြစ်သော်လည်း ဆောင်းအိပ်မက်တော့မမက်ချင်တော့ပေ။

မြစ်ဆုံစီမံကိန်းကြီးကို ရပ်ဆိုင်းမည်ဆိုသည့် သမ္မတကြီး၏ ကြေညာချက်သည် လူတိုင်းကိုကြီးမားသော ခံစားချက်ကြီးဖြစ်ပေါ်စေခဲ့သည်။ လူတိုင်းသည် ပျော်ရွှင်နေကြသည်။ စိတ်လှုပ်ရှားနေကြသည်။ လူမှုကွန်ရက် နယ်ပယ်ကြီးတစ်ခုလုံးနှင့် ကွန်မြူနတီတိုင်းတွင် မြန်မာနိုင်ငံနှင့်ပတ်သက်ပြီး အချင်းချင်းကြား ဝမ်းသာအားရတက်ကြွစွာ ကူးလူးဆက်သွယ်နေကြသော သတင်းစကားများဖြင့် ဖလှယ်နေကြသည်။ ထိုနေ့သည် နှစ်ပေါင်းများစွာ၊ ဆယ်စုနှစ်ပေါင်းများစွာ အချင်းချင်းကြား မယုံသင်္ကာမှုများ၊ တင်းမာမှုများ၊ ဒေါသများ ဖျာတ်ခနဲလွင့်စင်သွားစေသည့်နေ့ ဖြစ်ခဲ့သည်။

သမ္မတကြီးက တကယ်ပဲ ဒီလိုကြေညာခဲ့သလားဆိုသည့် မေးခွန်းများ၏ အဖြေသည် ညနေပိုင်းရေဒီယိုသတင်းများ၊ ညပိုင်းရုပ်မြင်သံကြားသတင်းများတွင် ပေါ်ထွက်လာခဲ့သည်။ အုပ်ချုပ်ရေးမဏ္ဍိုင်သစ်၏ ကတိကဝတ်များကို သတိကြီးကြီးထား စောင့်ကြည့်နေကြသူတိုင်းပင် ဝမ်းသာအားရကြိုဆိုခဲ့ကြသည်။ ထိုနေ့သည် တိုင်းရင်းသားလူမျိုးများအကြား၊ အနေအထားမတူညီသော နိုင်ငံရေးအင်အားစုများအကြား၊ အလွှာအဆင့်ဆင့်မှ ပြည်သူများ၊ လူမှုအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရများ၊ လူ့အခွင့်အရေးအဖွဲ့အစည်းများနှင့် ၁၉၉၁ ကမ္ဘာ့နိုဗယ်လ်ငြိမ်းချမ်းရေးဆုရှင် ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင်ကပင် ဝမ်းသာအားရထောက်ခံကြိုဆိုခဲ့ကြသည်။

အားလုံး၏ ကြည်နူးပျော်ရွှင်စွာ ထောက်ခံမှုကို သမ္မတကြီးဦးသိန်းစိန် ရရှိသွားသည်။ ထိုနေ့သည် မြန်မာနိုင်ငံအတွက် ပျော်ရွှင်ဖွယ်ရာကောင်းသော ခံစားချက်ကို ဖန်တီးလိုက်သော နေ့လည်းဖြစ်ပါသည်။

ကာလကြာမြင့်စွာ ပုန်းလျှိုးကွယ်ပျောက်နေခဲ့ရသော အမျိုးသားရေး ဂုဏ်သိက္ခာကြီးသည် ဧရာဝတီမြစ်ကြီးနှင့်အတူ ပြန်လည်ရှင်သန်လာခဲ့သည်။ လူတိုင်းသည် ဒီမိုကရေစီအတွက်၊ လူ့အခွင့်အရေးအတွက် အသာငမ်းငမ်းဖြစ်နေကြသည်။ ဧရာဝတီမြစ်ကြီးသည် သန်း (၆၀)လုံးကို တစ်နေရာတည်းတွင် မွေးဖွားသန့်စင်ပေးပြီး အချင်းချင်းကြား မျက်ရည်များသုတ်ပေးနေသော မိခင်ဖြစ်သည်။ ထိုမိခင်ကို အစိုးရနှင့်ပြည်သူတို့ တစိတ်တဝမ်းတည်း ပြန်လည်ပွေ့ဖက်ခဲ့ကြသည်။ ထိုနေ့သည် အမေကိုချစ်ကြသူများကြား စိတ်ဝမ်းကွဲမှုများကိုပါ ချုပ်ငြိမ်းပေးမည့် လမ်းစတစ်ခုပေါ်ပေါက်ခဲ့သည်။

ပြည်တွင်းပြည်ပ သတင်းဌာနများတွင် ထိုသတင်းကြီးကို နေ့စဉ်ရက်ဆက် ဆက်တိုက်ထုတ်လွှင့်နေသည်။ သတင်းတင်ပြပုံ၊ ရေးသားပုံများသည် ညီညွတ်နေကြသည်။ ကွဲပြားမှုများမရှိကြတော့။ အစိုးရသစ်အပေါ် ချီးကျူးထောပနာပြုသည့် အသံများထွက်ပေါ်လာနေကြသည်။ ရှေ့ဆက်လျှောက်ရမည့်ခရီးများအတွက် မျှော်လင့်ချက် များ တက်ကြွလာကြသည်။ ရင်ဆိုင်ရမည့် အခက်အခဲအကျပ်အတည်းများကို လက်တွဲပြီး အတူတူဖြေရှင်းချင်သည့် စိတ်စေတနာသည် လျှံတက်လာနေကြသည်။ ထိုအချိန်သည် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ စည်းလုံးညီညွတ်ရေး အတွက် လက်ဆုပ်လက်ကိုင်ပြလိုက်သော ကြီးကျယ်ခမ်းနားသည့် မှတ်တိုင်တစ်ခု ဖြစ်လာခဲ့ပါသည်။ တောင်အာဖရိက ခေါင်းဆောင် နယ်လ်ဆင် မန်ဒဲလားသည် လူဖြူအစိုးရနှင့်လက်တွဲကာ တွေ့ဆုံဆွေးနွေးမှုများဖြင့် ကြီးမားသော အပြောင်းအလဲများ ပေါ်ထွက်လာခဲ့သော လွန်ခဲ့သော အနှစ်၂၀ကျော်က အဖြစ်အပျက်ကြီးသည် တောင်အာဖရိကသားတိုင်း၏ နှလုံးသည်းပွတ်ကို ဆွဲခါယမ်းစေခဲ့သည်။ အတိတ်က စိတ်ဝမ်းကွဲမှုများကို ချုပ်ငြိမ်းစေခဲ့သော ညီညွတ်မှုသည် အတူတူလက်တွဲလုပ်ဆောင်သည့်အခါမှ ပေါ်ပေါက်မွေးဖွားလာခဲ့သည်။ တောင်အာဖရိကသားတိုင်း၏ ရင်ထဲတွင် သမ္မတကြီး နယ်လ်ဆင်မန်ဒဲလားကို ကျေးဇူးတင်နေကြဆဲဖြစ်သည်။ ထိုသူ၏ လုပ်ဆောင်ချက်သည် ကမ္ဘာကြီးကိုပြောင်းလဲသွားစေခဲ့၍ဖြစ်သည်။

မြန်မာနိုင်ငံသည် ထိုအချိုးအကွေ့သို့ရောက်နေသည်။ သန်း (၆၀) လုံး တန်းတူညီမျှမှုရှိသော၊ လွတ်လပ်ပြီး ဒီမိုကရေစီပြည့်ဝသော၊ ငြိမ်းချမ်းသော ပြည်ထောင်စုကြီးအတွက် ဆုံမှတ်တစ်ခုကို ရောက်ရှိသွားသည့် အချိုးအကွေ့ဖြစ်သည်။ မြစ်ဆုံတဝိုက် သေနတ်သံတွေရပ်ပြီး ငြိမ်းချမ်းရေး ဖော်ဆောင်ရတော့မည်။ ထို့အတွက် ဒေါ်အောင်ဆန်းစုကြည်နှင့် သမ္မတကြီးတို့ အတူတကွ ပူးပေါင်းလက်တွဲကာ လုပ်ဆောင်ပါက ရင်ဆိုင်ရမည့် အခက်အခဲပေါင်းများစွာအတွက် ပြည်သူတစ်ရပ်လုံး တစည်းတစ်လုံးတည်း ထိုခေါင်းဆောင်ကြီး နှစ်ဦးနှင့်အတူ မားမားမတ်မတ်ရပ်နေမည် ဖြစ်ပါသည်။

ပထမဦးဆုံး မဖြစ်မနေလုပ်ဆောင်ရမည့်အချက်မှာ အကျဉ်းထောင်အသီးသီးအတွင်းရှိနေကြသော ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသည့် နိုင်ငံရေးအကျဉ်းသားများ အားလုံး ခြွင်းချက်မရှိ အမြန်ဆုံး လွတ်မြောက်လာရေးဖြစ်ပါသည်။ ထိုအခါ ဒီမိုကရေစီစနစ်ပြည့်ဝအောင် ကျင့်သုံးရန်နှင့် အမျိုးသားရင်ကြားစေ့ရေး လမ်းကြောင်း အောင်မြင်စေရေးအတွက် အစိုးရ၊ ဒီမိုကရေစီအင်အားစုများ၊ တိုင်းရင်းသားအင်အားစုများကြား နားလည်မှုလွဲမှားစေမည့်အရာများကို မဆောင်ရွက်ဘဲတည်ငြိမ်ရင့်ကျက်သော ပူးပေါင်းဆောင်ရွက်ခြင်းသည်သာ အဖြေဖြစ်လာရမည်။ ပေါ်ထွန်းနေသော ဒိုင်ယာလော့ခ်ဖြစ်စဉ်ကို လမ်းကြောင်းလွဲစေမည့် ပြုမူဆောင်ရွက်ချက်များ

မပေါ်ပေါက်အောင် ဘက်အသီးသီးမှ တာဝန်ခံမှုရှိရမည်ဖြစ်သည်။ နိုင်ငံရေးတွင် အဖြူအမည်း သိသိသာသာ မခွဲခြားနိုင်သော ဂရေးကာလာများရှိနေချိန်တွင် အားလုံးသတိရှိကြရန်သာ အရေးကြီးပါသည်။

ထာဝရ ရင်သန်နေမည့် ရောဝတီမြစ်ကမ်းပါးတွင် ကျွန်တော်တို့အားလုံး ပျော်ပျော်ရွှင်ရွှင် ပြန်လည်ဆုံစည်းကြရတော့မည့်အချိန်သည် မဝေးလှသော အနာဂတ်တွင် ရောက်လာတော့မည်။ မိခင်လည်းပျော်ရွှင်၊ သားသမီးများလည်း ပျော်ရွှင်ရမည့် အလွန်တရာ ကြီးကျယ်ခမ်းနားမည့် အချိန်ဖြစ်ပါသည်။ ထိုနေ့သည် အမျိုးသားရေး ဂုဏ်သိက္ခာကို အမအရဆုပ်ကိုင်လိုက်နိုင်သည့်နေ့ဖြစ်ပါမည်။ ထိုမျှော်လင့်ချက်များ ရှင်သန်လာစေရန်အတွက် စက်တင်ဘာ (၃၀) ရက်နေ့က ဆုံးဖြတ်ချက်အတွက် နိုင်ငံတော်သမ္မတကြီးဦးသိန်းစိန်ကို ကျေးဇူးအထူးတင်ရှိပါသည်။

## ဒီမိုကရေစီ ဒေါင်းလုပ်ပြီးပြီ . . . အင်စတော်လေးရှင်း အသင့်ပြင်

၁၉၈၈ခုနှစ် ဒီမိုကရေစီရေး တောင်းဆိုသည့် အရေးတော်ပုံကြီးနောက်ပိုင်းမှစတင်ကာ အေးစက်တင်းမာခဲ့သည် မြန်မာ-အမေရိကန် ဆက်ဆံရေးသည် ၂၄နှစ်ခန့်အကြာတွင် တစ်ခန်းရပ်သွားပြီး နှစ်နိုင်ငံကြား ပုံမှန်ဆက်ဆံရေးကို ပြန်ရောက်နိုင်မည့် တံခါးများကို ဆွဲဖွင့်ခဲ့သည့် ခရီးစဉ်အဖြစ် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန် မြန်မာပြည်သို့ ရောက်ခဲ့ခြင်းဖြစ်သည်။ သမ္မတအိုဘားမား၏ မြန်မာနိုင်ငံဆိုင်ရာ ထိတွေ့ဆက်ဆံရေးမူဝါဒသစ် ကောင်းမွန်စွာ အလုပ်အကျွေးပြုကြောင်းနှင့် ပထဝီနိုင်ငံရေးအရ မြန်မာနိုင်ငံနှင့် ထဲထဲဝင်ဝင် ပတ်သက်ရမည်ဆိုသည့် တိုက်တွန်းချက်များ၊ အကြံပေးချက်များကို ဂရုတစိုက်နားထောင်ခဲ့ကြောင်း ဒီဇင်ဘာလဆန်း၌ ဖြစ်ပေါ်ခဲ့သည့် သမိုင်းဝင်တွေ့ဆုံမှုကပြသခဲ့သည်။

မြန်မာသမ္မတ ဦးသိန်းစိန်က ဒီမိုကရေစီအတွေ့အကြုံနုနယ်သေးသဖြင့် အပြောင်းအလဲများကို ဖြည်းဖြည်းနှင့်မှန်မှန် ညင်သာစွာ လုပ်ဆောင်နေပေမယ့် လက်ရှိဒီမိုကရေစီရေး ပြုပြင်ပြောင်းလဲရေးဖြစ်စဉ်ကနေ နောက်ကြောင်းပြန်မသွားပါဟု အတိအကျ ကတိကဝတ်ပေးခဲ့ခြင်းသည် နှစ်နိုင်ငံကြားတွင် အုပ်မိုးနေသော တိမ်မည်းကြီးများကို ဖယ်ရှားလိုက်ခြင်းဖြစ်သည်။ ထို့အပြင် အိန္ဒိယနှင့် တရုတ်နှစ်နိုင်ငံကြားက မြန်မာနိုင်ငံ၏ အနေအထားသစ်ကို မြန်မာခေါင်းဆောင်များ ကောင်းမွန်စွာ သဘောပေါက်ပြီး အိမ်နီးချင်းများနှင့် ရန်တိုက်ပေးမည့် လုပ်ရပ်ကို လက်မခံဘဲ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး ဘန်ဒေါင်းမူကို ဆုပ်ကိုင်ထားကြောင်း ခိုင်ခိုင်မာမာ ပြောဆိုခဲ့သည်။ ထို့ကြောင့် ဝါရှင်တန်ကို လက်ကမ်းခဲ့သည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးက မြန်မာပြည်၏ပြုပြင်ပြောင်းလဲရေးခြေလှမ်းများကို သူမ၏အစိုးရက ကြိုဆိုထောက်ခံအားပေးကြောင်း အကြိမ်ကြိမ်ပြောဆိုခဲ့ပြီး ဆက်လက်လုပ်ဆောင်သွားဖို့ တိုက်တွန်းခဲ့သည်။ သူမ ပေးခဲ့သည့်ကတိများမှာ သံအမတ်ကြီးအဆင့်ခန့်အပ်ပြီး ဆက်ဆံရေးမြှင့်တင်သွားဖို့၊ စီးပွားရေးပိတ်ဆို့မှုနှင့် ကုန်သွယ်ရေး ပိတ်ဆို့မှုများကို ဖယ်ရှားပေးရန် လမ်းပြမြေပုံဆွဲပြီး လျှော့ချရုပ်သိမ်းသွားဖို့နှင့် မြန်မာနိုင်ငံ၏လိုအပ်ချက်များကို ကူညီထောက်ပံ့ပေးသွားဖို့ဆိုသည့် အချက်များဖြစ်သည်။ ထိုအချက်များ လက်တွေ့ပေါ်ပေါက်လာစေရန် မြန်မာအနေဖြင့် ဒီမိုကရက်တိုက်ဖေးရှင်းလမ်းမပေါ် လက်တွေ့အကောင်အထည်ဖော်မှုများဖြင့် သက်သေပြရဦးမည်ဖြစ်သည်။

မြန်မာ-အမေရိကန်နိုင်ငံကြား အပြန်အလှန် ဝေဖန်တိုက်ခိုက်မှုများ ရပ်ဆိုင်းသွားပြီး တစ်ဦး၏တောင်းဆိုချက်ကို တစ်ဦးက အပြန်အလှန် လေးစားလိုက်နာ

အကောင်အထည်ဖော်ပေးသွားမည်ဆိုသည့် အနေအထားသည် နိုင်ငံတကာအသိုင်းအဝိုင်းအတွင်းသို့ မြန်မာနိုင်ငံအနေဖြင့် ဂုဏ်သိက္ခာရှိစွာ ပြန်လည်တက်လှမ်းလာသည့် ခြေလှမ်းများဖြစ်သည်။ ရှေ့တွင် ဆက်လျှောက်လှမ်းရမည့် ခြေလှမ်းများသည် အခက်အခဲပေါင်းများစွာ ရှိနေဦးမည်ဖြစ်သော်လည်း ဒီမိုကရက်တိုက်ဖေးရှင်းနှင့် လစ်ဘရယ်လိုက်ဖေးရှင်းနှစ်ခုကို တစ်ပြိုင်တည်းလိုလို ဖော်ဆောင်ရမည့် မြန်မာပြည်အတွက် ခိုင်မာသော မျှော်လင့်ချက်များအသေအချာရှိနေပါသည်။

စနစ်ဟောင်းအတိတ်ဟောင်းမှ တိတိကျကျ လမ်းခွဲထွက်လိုက်ကြောင်း သေချာလာသော်လည်း ဒီမိုကရက်တိုက်ဖေးရှင်းနှင့် ဒီမိုကရက်တစ်ယဉ်ကျေးမှု အသားတကျဖြစ်လာရန် အချိန်ယူရဦးမည်ဖြစ်သည်။ ထိုအခါ မြန်မာ့နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးကဏ္ဍ အသီးသီးတွင် ပါဝင်ကပြနေကြသော ဇာတ်ကောင်တိုင်း မိမိတို့၏ တစ်ဦးချင်းအလိုက် စနစ်သစ်ဖြင့် လိုက်လျောညီထွေဖြစ်စေရန် adjustment များ လုပ်ဆောင်ရမည်။ အစိုးရ၏ ဗျူရိုကရေစီယန္တရားကို သွက်လက်မြန်ဆန်လာစေရန် တည်ဆောက်ရဦးမည်ဖြစ်သလို ပြည်သူကို ဝန်ဆောင်မှုပေးသော၊ ပြည်သူ့အခွင့်အရေးကို ကာကွယ်သော တရားဥပဒေစိုးမိုးရေးမှာ ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် တစိုက်မတ်မတ်ပြောနေသလို အင်မတန် အရေးကြီးလှသည်။

Transition to Democracy in Myanmar မြန်မာပြည်တွင် ဒီမိုကရေစီအသွင်ကူးပြောင်းမှု ပေါ်ပေါက်နေပြီဟု အများက စတင်လက်ခံလာသောအချိန်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ထာဝရငြိမ်းချမ်းရေး တည်ဆောက်မှု၊ ဒီမိုကရေစီအင်အားစုများနှင့် ပူးပေါင်းပြီး နိုင်ငံရေးဖြစ်စဉ်၌ အင်အားစုအသီးသီးပါဝင်နိုင်မှု၊ လူထုသက်သာစေသောနည်းဖြင့် အပြောင်းအလဲများကို ငြိမ်းချမ်းစွာတည်ဆောက်မှု၊ တရားဥပဒေစိုးမိုး အသက်ဝင်လာရေးနှင့် မျှတမှန်ကန်သော တရားစီရင်ရေးစနစ် ရှင်သန်ပေါက်ဖွားလာမှုများသည် ၂၀၁၅ မတိုင်မီ သမ္မတဦးသိန်းစိန်ခေါင်းဆောင်သောအစိုးရ ရင်ဆိုင်ရမည့်အချက်များဖြစ်သည်။

အဆိုပါအခြေအနေများကို ညင်သာစွာ၊ ခိုင်မာစွာနှင့်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် အမေရိကန်ပြည်ထောင်စုက လိုလားသောအချက်များကို အတိအကျထောက်ပြခဲ့ပါသည်။ နိုင်ငံရေးအကျဉ်းသားများ အားလုံး ခြွင်းချက်မရှိ ပြန်လည်လွတ်မြောက်လာရေး၊ လာမည့်ကြားဖြတ်ရွေးကောက်ပွဲများ သန့်ရှင်းမျှတပြီး အင်အားစုအားလုံး ပါဝင်နိုင်ရေး၊ တိုင်းရင်းသားအင်အားစုများနှင့် ခိုင်မာသည့် ငြိမ်းချမ်းရေးကို တည်ဆောက်ရေးတို့ဖြစ်ပြီး အဆိုပါအချက်များအတွက် အမေရိကန်အစိုးရက ပူးပေါင်းကူညီပေးသွားဖို့ ကမ်းလှမ်းခဲ့ပါသည်။

လာမည့်နွေရာသီသည် မြန်မာနိုင်ငံအတွက် အင်မတန်အရေးပါသော ကာလဖြစ်လာမည်ဖြစ်သည်။ ကြားဖြတ်ရွေးကောက်ပွဲများ ပေါ်ပေါက်လာပြီး Electoral Process မည်မျှသန့်ရှင်းမျှတမလဲ၊ နှစ်ရှည် ထောင်ဒဏ်ကျခံနေရသော နိုင်ငံရေးလှုပ်ရှားသူများ နိုင်ငံရေးဖြစ်စဉ်အတွင်း မည်မျှလွတ်လပ်စွာပါဝင်နိုင်မလဲ၊ သတင်းမီဒီယာအပါအဝင် လွတ်လပ်စွာ ပြောဆိုဝေဖန်တင်ပြနိုင်သည့် အခွင့်အရေးများမည်မျှကျယ်ကျယ်ပြန့်ပြန့် ဖော်ဆောင်နိုင်မလဲဆိုသည့် မေးခွန်းများကို အတိအကျဖြေဆိုရတော့မည့် စမ်းသပ်ကာလတစ်ခုဖြစ်လာမည်ဖြစ်သည်။ ထိုအခါ ဒဏ်ခတ်အရေးယူထားသည့် ပိတ်ဆို့မှုများ လာမည့် ဇွန်၊ ဇူလိုင်တွင် ဖယ်ရှား ရုတ်သိမ်းသွားစေရေးဆိုသည့် ရလဒ်မှသည် မြန်မာ-အမေရိကန်နှစ်နိုင်ငံကြား ပုံမှန်ဆက်ဆံရေးမှ မဟာမိတ်ဆက်ဆံရေးအဆင့်။ ထိုမှ မဟာဗျူဟာမြောက် ဆက်ဆံရေးအဆင့်အသီးသီးသို့ တက်လှမ်းသွားစေရေး လမ်းဖွင့်ပေးတော့မည်ဖြစ်သည်။ မြန်မာသည် အာရှ-ပစိဖိတ်ဒေသသို့ ပျံ့ဝဲလာသည့် ရှော့ကီးတောင်တန်းကြီးပေါ်မှ သိမ်းငှက်ကြီးနှင့် မဟာဗျူဟာမြောက် ချစ်တင်းနှောခွင့်ကြုံနေသည့်

အခိုက်အတန့်တွင် လစ်ဘရယ်ဒီမိုကရေစီ လမ်းကြောင်းကို ခိုင်ခိုင်မာမာ အင်စတော်လေးရှင်းလုပ်ရန်လိုအပ်ပါသည်။ ချမ်းသာခြင်းသည် မဂ်လာမည်ပါသည်။ သို့သော် လစ်ဘရယ်ဒီမိုကရေစီ ထွန်းကားရှင်သန်ခြင်းသည် ပိုမိုကျက်သရေတိုးစေပါသည်။ ၂၀၁၁ နွေရာသီမှစတင်ကာ လစ်ဘရယ်ဒီမိုကရေစီကို (Download) ဒေါင်းလုပ် လုပ်ထားခဲ့သော်လည်း (Installatioin) အင်စတော်လေးရှင်းအရှိန်မှာ အင်မတန်နှေးကွေးနေဆဲဖြစ်သည်။ ယင်းမှာ မလိုလားအပ်သော ဖြတ်တောက်ပိတ်ဆို့မှုများ၊ ကန့်လန့်တိုက်မှုများ ကြုံနေရသည့် ညီအစ်ကိုမသိတသိအချိန်ကို ဖြတ်သန်းနေရသောကြောင့်လည်း ဖြစ်နိုင်သည်။

လာမည့် နွေရာသီသည် အရာရာ Speed တင်ရတော့မည့်အချိန်ဖြစ်သည်။ နောက်ပြန်မသွားဘူးဟုဆိုပါက ရှေ့ကို မြန်မြန်ရောက်ရန် အရှိန်တင်ရတော့မည်။

## ရထားကြီး ထွက်ခွာခဲ့ပြီ . . .

ဘယ်သောအခါမှ အရည်ပျော်မည်မသိဟု ထင်ခဲ့ရသော မြန်မာ့နိုင်ငံရေးသည် ၂၀၁၁ တွင် နင်းခဲပျော်ချိန်သို့ ရောက်ခဲ့ရသည်။ ညီအစ်ကိုမသိတသိအချိန်ဟု တင်စားကြသူများရှိသည်။ ဖြေလျှော့ချိန် (လစ်ဘရယ်လိုက်ဇေးရှင်း)ဟု သမုတ်ကြသူများရှိသည်။ ၂၀၁၁သည် အပြောင်းအလဲများကို သယ်ဆောင်လာခဲ့သည်ကား မှန်သည်။ သို့သော် မပြောင်းပါဘူး၊ အရင်ကလူတွေနဲ့ အရင်ကပွဲစဉ်ဟောင်းကို ဖုန်သုတ် မျက်နှာချေလိမ်းကာ အသစ်ပြန်လည်ပွဲထုတ်ပြီး မျက်လှည့်ပြကြတာဟု သံသယရှိနေသူများက စွပ်စွဲနေကြဆဲဖြစ်သည်။ ဆိုရသော် ၂၀၁၁ သည် တိုင်းပြည်ကံကြမ္မာတစ်ခုလုံးနှင့် တိုက်ရိုက်ပတ်သက်သော ခိုင်မာသည့်အရွေ့များကို ဖန်တီးခဲ့ပြီ၊ မှတ်တိုင်စိုက်ထူခဲ့ပြီ ဆိုသည်ကား မည်သို့မျှငြင်းဆန်မရသော အရှိတရာများဖြစ်သည်။ သံသယရှိနေသူများမားယွင်းကြောင်း သက်သေပြနိုင်ခဲ့သည်။ ၁၉၆၂ခုနှစ် မတ်လမှစတင်ကာ မြန်မာပြည် ကံဆိုးမိုးမှောင်ကျခဲ့မှုသည် နှစ်ပေါင်း ၅၀ တင်းတင်း ပြည့်တော့မည်။ မည်သို့မှ ပြန်လည်တမ်းတချင်ဖွယ်ရာ မကောင်းသည့် ထိုကာလသည် ၂၀၁၁ မတ်လ (၃၀)ရက်နေ့တွင် လွန်မြောက်ခဲ့ပြီ။ နိုင်ငံတစ်နိုင်ငံ၏ ခေတ်စနစ်သစ်တစ်ခုကို တည်ဆောက်ရန် မျိုးဆက်နှစ်ခုစာ စတေးခဲ့ရသည်။ သံသယကြီးသူများသည် အဆိုပါအတိတ်ဆိုးမှ ရုန်းမထွက်နိုင်ကြဘဲ ယနေ့အခင်းအကျင်းသစ်ကို ၁၉၇၃-၇၄ အခင်းအကျင်းဖြင့် ချိန်ထိုးကာ ခေတ်ဟောင်းစနစ်ဟောင်း အတွေ့အကြုံဟောင်းဖြင့် အကဲဖြတ်နေကြဆဲဖြစ်သည်။ နိုင်ငံရေးတွင် သတိရှိခြင်းသည်သာ အကျိုးရှိသည်။ သံသယရှိခြင်းသည် ခေတ်နောက်ပြန်ဆွဲခြင်းဖြစ်သည်။

၂၀၁၁ သည် ယိမ်းထိုးမှုများ၊ လွန်ဆွဲမှုများ၊ အိုင်ဒီရော်လော်ဂျီအတွင်းကိုယ်စစ်ပွဲများ၊ စိန်ခေါ်မှုများကြား ခက်ခက်ခဲခဲဖြတ်သန်းခဲ့ရသော နှစ်တစ်နှစ်ဖြစ်သည်။ ၂၁ရာစု မြန်မာပြည် ခေတ်သစ်သမိုင်းအတွက် အင်မတန်အရေးပါသောကာလကြီးကို ဖြတ်သန်းခဲ့ရသည်။ ဆိုရသော် ပြုပြင်ပြောင်းလဲရေးလုပ်မည်၊ လစ်ဘရယ် ဒီမိုကရေစီကို အင်စတောလ်လုပ်မည်၊ ကောင်းမွန်သော အုပ်ချုပ်မှု၊ သန့်ရှင်းသောအစိုးရ စသည့် ကြွေးကြော်သံများဖြင့် ရွေးကောက်တင်မြှောက်သော အစိုးရတစ်ရပ် ပေါ်ပေါက်လာခဲ့သည်။ လူထုအသံကို ကိုယ်စားပြုမည့် လွှတ်တော်အင်စတီကျူးရှင်းများပေါ်လာသည်။ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးအတွက် သမ္မတနှင့် ဒေါ်အောင်ဆန်းစုကြည်တို့ကြား ဒိုင်ယာလော့ခ်လမ်းကြောင်း ပွင့်လာသည်။ နှစ်ပေါင်း ၆၀ ကျော်ကြာ ပြည်တွင်းစစ်ကိုရပ်စဲပြီး ထာဝရငြိမ်းချမ်းရေးအတွက် လမ်းစများ၊ သံနှိဌာန်များ ပေါ်လာသည်။

၂၀၁၂သည် မကြာခင် ရောက်လာတော့မည်။ ၂၀၁၂တွင် မြန်မာတို့ မည်သည့်အရာများကို မျှော်မှန်းကြသနည်း။ မည်သည့် ပြောင်းလဲမှုများ ပေါ်ပေါက်လာဖွယ်ရှိသနည်း။ လာမည့် နှစ်ဦးကာလများသည် ၂၀၁၁ မတ်လတွင် ဒေါင်းလုပ် (download) လုပ်ခဲ့သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ မည်မျှ အစမ်းသပ်ခံနိုင်မှုရှိမည် မရှိမည်ကို အဓိကစောင့်ကြည့်ရတော့မည်။ ကြားဖြတ်ရွေးကောက်ပွဲများအတွက် မဲဆွယ်မှုများ မည်မျှသန့်ရှင်းပြီး လွတ်လပ်မှု ရှိမည်နည်း၊ ပါလီမန်လွှတ်တော်အတွင်း၌ အမြင်သဘောထားမတူညီသော အင်အားစုများ တိုင်းပြည်အတွက် မည်မျှ လက်တွဲညီညီ အလုပ်လုပ်နိုင်ကြမည်နည်း၊ ပေါ်ပေါက်လာနေသော ဒီမိုကရက်တစ် အင်စတီကျူးရှင်းများကို မည်သို့ ကျွမ်းကျင်ပါးနပ်စွာ အသုံးပြုသွားမည်နည်းဆိုသည့် အချက်များသည် ၂၀၁၂ နွေရာသီတွင် အဖြေပေးရတော့မည့် အချက်များဖြစ်သည်။

ပြည်သူလူထုသည် ၎င်းတို့၏ နိစ္စဓူဝဘဝများအပေါ် ကျရောက်လာမည့် ကောင်းမှု၊ ဆိုးမှုများကိုအခြေခံကာ ကောင်းမွန်သော အုပ်ချုပ်မှု၊ သန့်ရှင်းသောအစိုးရ၊ လွတ်လပ်ပြီးတရားမျှတမှုရှိသော တရားရေးမဏ္ဍိုင်များအပေါ် ဆုံးဖြတ်ချက်ချကြမည်သာဖြစ်သည်။ ၂၀၁၂ သည် နိုင်ငံရေးဒီမိုကရေစီ၊ စီးပွားရေးဒီမိုကရေစီဆိုင်ရာ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ မည်မျှမြန်ဆန်သွက်လက်ပြီး မည်မျှ တာဝန်ခံမှုရှိသည်၊ မည်မျှ ပွင့်လင်းသည် ဆိုသည်အတွက် အစိုးရသစ်သည် မုချလုပ်ဆောင်ရမည်ဖြစ်သည်။ ၂၀၁၁လွန် မြန်မာပြည်သည် ဒီမိုကရေစီမည်မျှ စစ်မစစ် မေးခွန်းထုတ်နေရမည့်အချိန်မဟုတ်တော့ဘဲ ဒီမိုကရေစီစစ်စစ်အတွက် မည်သည့်အလုပ်များကို လုပ်နိုင်ကြမည်၊ ယင်းအတွက် အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးမဏ္ဍိုင်တို့ မည်မျှ အာမခံချက်ပေးမည်ဆိုသည့် မေးခွန်းများကို လူတိုင်းဖြေဆိုရမည့်အချိန် ဖြစ်သည်။

၂၀၁၂သည် မီဒီယာ၏ လုပ်ကိုင်ခွင့်နှင့် ပွင့်လင်းမှုအတွက် ဖြေလျှော့မှုများကို လုံးဝပေးသင့်ပြီး အစိုးရ၏ လုပ်ဆောင်ချက်များကို မှတ်ကျောက်အတင်ခံနိုင်ရန် မီဒီယာ၏ဝေဖန်အကဲဖြတ်မှုကို လမ်းဖွင့်ပေးရမည်။ လူတိုင်းနိုင်ငံသားတိုင်းအတွက် စီးပွားရေးအခွင့်အလမ်းများကို ဖန်တီးပေးပြီး သာတူညီမျှသောအခွင့်အရေးကို အာမခံပေးရမည်။ နှစ်ပေါင်း ၅၀ ခန့် တည်ရှိခဲ့သော ဒီမိုကရေစီနှင့် ဆန့်ကျင်ဘက်ဖြစ်သည့် ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို ဖယ်ရှားရမည်။ ၁၉၈၈ တွင် တစ်နိုင်ငံလုံး အုံကြွတောင်းဆိုခဲ့သည့် ဒီမိုကရေစီရေး အရေးတော်ပုံကြီး၏ အာသီသမှာ တရားမျှတလွတ်လပ်သော၊ ခွင့်တူညီမျှ ဝါဒဖြူစင်သော နိုင်ငံတော်သစ် ထူထောင်ရေးဖြစ်သည်။ လူထုဆန္ဒကို လေးစားသော ဒီမိုကရေစီကျင့်သုံးသော ရွေးကောက်ခံအစိုးရတစ်ရပ်နှင့် နိုင်ငံရေးစနစ်ပေါ်ပေါက်ရေးဖြစ်သည်။

ထိုရည်မှန်းချက်များအတွက် ၂၀၁၁ မတ်လသည် ခေတ်ပဟောင်းတစ်ခုကို ကန့်လန့်ကာချလိုက်သည်။ ပြုပြင်ပြောင်းလဲရေးများလုပ်ဆောင်မည်ဆိုသည့် ရထားကြီးဘူတာမှ ထွက်ခွာသွားပြီဖြစ်သည်။ ဘူတာတွင်ကျန်ခဲ့သော လူအများအပြားရှိကောင်းရှိနေနိုင်မည်ဖြစ်သော်လည်း တစ်ချိန်ချိန်တွင် ခုတ်မောင်းသွားနေသည့် ရထားကြီးပေါ် ပြန်လည်ဆုံစည်းကြမည်သာဖြစ်သည်။ နောက်ကြောင်းပြန်မလှည့်ဘူးဆိုသည့် ကတိစကားများဖြင့် ရထားကြီးသည် အရှိန်ရစပြုလာသည်။ စတင်ထွက်ခွာကာစ အရှိန်နှေးနေခဲ့သော်လည်း ဘူတာစဉ်များတွင် မရပ်နားမချင်း အရှိန်တင်ရတော့မည်။ ယင်းသည် ၂၀၁၂ ဖြစ်သင့်ပါသည်။

နှင်းခဲပျော်ချိန်ကို ကြုံဆုံခဲ့ရသည်ဟုဆိုပါက ၂၀၁၂သည် အာရက်ကြောင့် နေလာနှင်းပျောက်ခဲ့ရသည့် ကာလအပိုင်းအခြား ဖြစ်သည်။ လေထဲတွင် အအေးဓာတ်တို့ ခြုံလွှမ်းနေဆဲဖြစ်သော်လည်း နေရောင်ခြည်၏ အနွေးဓာတ်တို့ရနေမည်။ အချိန်တန်လျှင် အအေးဓာတ်တို့ လုံးဝပျယ်လွင့်သွားပေမည်။ နယ်လ်ဆင်

မန်ဒဲလားသည် အတိတ်နဲ့ပတ်သက်သော ခံစားချက်နှင့်ပတ်သက်ပြီး ကမ္ဘာကျော်စကားတစ်ခွန်းပြောဆိုခဲ့သည်။ (ကျွန်တော် ခွင့်လွှတ်နိုင်ပါတယ်။ ဒါပေမဲ့ ကျွန်တော် ဘယ်တော့မှမမေ့မှာ မဟုတ်ဘူး) I can forgive, but I will never forget ဆိုသည့် စကားဖြစ်သည်။ နေ၏ နွေးထွေးမှုကို ခံစားနေချိန်တွင် နှင်း၏အေးစက်ခဲ့မှုကို မမေ့သင့်ပေ။ မည်သူမှ နောက်ပြန်မသွားလိုသောကြောင့်ဖြစ်သည်။

## မြန်မာတို့ခေတ်မီကြရတော့မည် . . .

၂၀၁၂ နှစ်ဆန်းသို့ ရောက်သည်နှင့် မြန်မာပြည်အတွင်း နိုင်ငံရေး၊ စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ အလျင်အမြန် ဆောင်ရွက်လိုက်သော မြန်မာအစိုးရ၏ နိုင်ငံရေးစေတနာ (Political Will) ကို အမေရိကန်ပြည်ထောင်စုအပါအဝင် ကမ္ဘာ့နိုင်ငံအများစုက ကောင်းချီးသြဘာပေးခြင်းဖြင့် ကြိုဆိုလိုက်သည်။ မြန်မာသည် ကမ္ဘာသို့ နောက်ထပ်တံခါးတစ်ချပ်ကို ဖွင့်လှစ်လိုက်သည်။ ထိုတံခါးချပ်သည် ၂၃နှစ်ကြာ လိပ်ခဲတည်းလည်းဖြစ်ခဲ့ရသည့် နိုင်ငံရေး၊ စီးပွားရေးဆိုင်ရာ ပြိုကွဲမှုကြီးကို ဖယ်ရှားလိုက်သည့် လုပ်ဆောင်ချက်ဖြစ်ခြင်းကြောင့် မြန်မာအပေါ်ပိတ်ထားသည့် အလားတူတံခါးချပ်များကို ကမ္ဘာ့အင်အားကြီးနိုင်ငံများကလည်း ပြန်လည်ဖွင့်လှစ်ပေးခဲ့သည်။ ယင်းမှာ နိုင်ငံရေးအရဖမ်းဆီးထိန်းသိမ်းထားသူများကို ပြန်လွှတ်ပေးသည့်အခါ မြန်မာအပေါ်ပိတ်ဆို့ဒဏ်ခတ်ထားမှုများကို ပြန်လည်ဖယ်ရှားပေးသွားမည်ဆိုသည့် တုံ့ပြန်ဆောင်ရွက်ချက်များဖြစ်သည်။ ဥရောပသမဂ္ဂသည် မြန်မာအစိုးရ ခေါင်းဆောင်များအပေါ် ကန့်သတ်ထားမှုများကို ဖယ်ရှားပေးလိုက်သည်။ အမေရိကန်ပြည်ထောင်စုကလည်း နာမည်ဆိုးဖြင့် ကျော်ကြားနေသော စီးပွားရေး၊ ဘဏ္ဍာရေး၊ ကုန်သွယ်ရေးဆိုင်ရာ ပိတ်ဆို့မှုများကို ဖယ်ရှားပေးဖို့ လေ့သံပစ်နေကြသည်။ ကွန်ဂရက်ခေါင်းဆောင်အချို့သည် ဘားမားအစား မြန်မာဟုပင် ပြောင်းလဲခေါ်ဝေါ်ချင်လာကြ သည်။

မြန်မာသမ္မတကလည်း လက်ရှိအခြေအနေများမှ နောက်ပြန်မသွားကြောင်း ကတိပေးနေပြီး ပိတ်ဆို့မှုများကို ဖယ်ရှားပေးရန် တောင်းဆိုခဲ့သည်။ လာမည့်နွေရာသီသည် မျှော်လင့်ထားသော ကြီးမားသည့် အပြောင်းအလဲကြီးများပေါ်ပေါက်လာဖို့ အချက်အလက်များကို မြင်တွေ့နေရသည်။ ဧပြီ (၁) ကြားဖြတ်ရွေးကောက်ပွဲသည် အများကလက်ခံသော သန့်ရှင်းမျှတမှုရှိကြောင်း သက်သေပြနိုင်သည်နှင့် ယခုထက်ထူးခြားသည့် အခြေအနေကောင်းများ ပေါ်ပေါက်လာတော့မည်ဆိုသည်ကိုမူ မည်သူမျှသံသယမရှိကြ။ ထိုပြည်တွင်းရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများသည် ကြီးမားသော နိုင်ငံတကာဆိုင်ရာ အနေအထားတစ်ရပ်ကိုလည်း ထူထောင်နေခြင်းဖြစ်သည်။ ဒီမိုကရေစီရေး ပြုပြင်ပြောင်းလဲမှုနှင့်အတူ ကျွဲကူးရေးပါကိစ္စရပ်များ ဆက်တိုက် ပေါ်ပေါက်လာတော့မည်။ ထိုအချက်များမှာ မျှော်လင့်ချက်အတုများမဟုတ်ပါ။

အမေရိကန်ထိပ်တန်းခေါင်းဆောင်များ၏ မြန်မာခရီးစဉ်များ ဆက်တိုက်ပေါ်ပေါက်ပြီးနောက် အမေရိကား၏ အာရှ-ပစိဖိတ်ရာစုနှစ်ဆိုင်ရာ မျှော်မှန်းချက်တွင် မြန်မာသည် အရေးပါသောအနေအထားသို့ ရောက်လာသည်။ (အမေရိကားဟာ ပစိဖိတ်ရဲ့ ပါဝါဖြစ်တယ်။ မြန်မာပြည်ရဲ့ စတင်မှုအသစ်တွေဟာ မျှော်လင့်ချက်အသစ်ကို ထွန်းညှိပေးလိုက်တာဖြစ်တယ်) ဟု အမေရိကန်ပြည်ထောင်စုသမ္မတဘားရတ်အိုဘားမား၏ ဇန်နဝါရီ ၂၄ ရက်နေ့ နိုင်ငံတော်အခြေပြမိန့်ခွန်း ၂၀၁၂၌ ထည့်သွင်းပြောဆိုချက်သည် အံ့သြဖွယ်ရာပြောင်းလဲနေသော မြန်မာနိုင်ငံအတွက် နောက်ထပ်ခွန်အားတစ်ခု တိုးမြှင့်ပေးလိုက်ခြင်းဖြစ်သည်။

ဆိုရသော် အန်ကယ်ဆမ်တစ်ယောက် အာရှ-ပစိဖိတ်သို့ပြန်လာပါပြီဟု ကြွေးကြော်လိုက်ခြင်း၏နောက်ကွယ်မှ မဟာဗျူဟာမြောက်အိပ်မက်အရ မဟာဗျူဟာမြောက်လမ်းဆုံကြီးပေါ် ခွထိုင်မိသားဖြစ်နေသော မြန်မာပြည်သည် ဝါရှင်တန်၏ ပစိဖိတ်ရာစုနှစ်အတွက် မျှော်လင့်ချက်တစ်ခုဖြစ်ကြောင်း ခိုင်ခိုင်မာမာပြောဆိုလိုက်ခြင်းဖြစ်သည်။ ထိုအချက်သည် အင်မတန်အရေးပါသည်။ ပစိဖိတ်ဒေသတွင် အမေရိကန်တို့ စိုးမိုးထားမှုကို အင်အားဖြည့်တင်းမည့်အစီအစဉ်၌ မြန်မာသည် အဘယ့်ကြောင့် အရေးပါသနည်းဆိုသည့် မေးခွန်းကို မြန်မာတို့ကိုယ်တိုင် စေ့စေ့ငှငှ နားလည်သဘောပေါက်ထားရန် လိုအပ်ပါသည်။

ပထမအချက်မှာ အိန္ဒိယ-တရုတ်နှစ်နိုင်ငံကြား မဟာဗျူဟာမြောက်လမ်းဆုံကြီးပေါ်ရှိ မြန်မာသည် ပထဝီနိုင်ငံရေး၏ လှည့်စားမှုကို ပက်ပင်းရင်ဆိုင်လိုက်ရချိန် ထိုအနေအထားသစ်သည် အန်ကယ်လ်ဆမ်အတွက် ပစိဖိတ်စိုးမိုးရေးမဟာဗျူဟာအတွင်း ဒုတ်ဒုတ်ထိရောက်နေပြီဆိုသော အချက်ဖြစ်သည်။ ဒုတိယအချက်မှာ မြန်မာသည် ကပ္ပလီပင်လယ်နှင့် တောင်တရုတ်ပင်လယ်ကို ဆက်သွယ်ပေးမည့် ပင်မ Gateway ကြီးဖြစ်လာခြင်းပင်ဖြစ်သည်။ ပထမအချက်နှင့် ဒုတိယအချက်တို့အရ မြန်မာသည် အင်အားကြီးနှစ်နိုင်ငံကြားက တံတားကြီးဖြစ်သလို ပင်လယ်ကြီးနှစ်ခုကို ဆက်သွယ်မည့် ဆိပ်ကမ်းကြီးတစ်ခုဖြစ်နေခြင်းကြောင့် ဝါရှင်တန်သည် မြန်မာကို မရှိမဖြစ် ချစ်တင်းနှောလိုခြင်းဖြစ်သည်။

အတိုချုပ်ဆိုရသော် ပစိဖိတ်ဒေသကို လွှမ်းမိုးထားနိုင်ရေးအိပ်မက်အတွက် အရှ၏ အနေအထားသစ်ကို ပိုင်ဆိုင်ထားသည့် မြန်မာ၏အနာဂတ်သည် အမေရိကန်ပြည်ထောင်စု၏ အနာဂတ်ဖြစ်ကြောင်း ရှင်းလင်းစွာ ဆုံးဖြတ်ချက်ချလိုက်ခြင်းဖြစ်သည်။ မြန်မာသည် အမေရိကန်ပြည်ထောင်စုနှင့် လက်ချင်းချိတ်ထားဖို့ မရှိမဖြစ် လိုအပ်ပါသည်။ အကြောင်းမှာ ဒေသတွင် ပထဝီနိုင်ငံရေးအခင်းအကျင်းသစ်ကြောင့် အကျိုးစီးပွားများ ခြေချင်းလိမ်လာချိန်တွင် အစစအရာရာ ပြန်လည်နလံထူရန် ကြိုးပမ်းနေရသောမြန်မာသည် အန်ကယ်ဆမ်နှင့်အတူ ဒင်နာတည်ခင်းရန် အရေးပါပါသည်။ ထိုအရာသည်လည်း မြန်မာ့အကျိုးစီးပွားတစ်ခုပင်ဖြစ်သည်။

မကြာမီ နွေဦးရောက်တော့မည်။ လစ်ဘရယ် ဒီမိုကရေစီအခင်းအကျင်းသစ်တစ်ခုကို စတင်လျှောက်လှမ်းနေသော မြန်မာနိုင်ငံ၌ နိုင်ငံသားတိုင်း တိုင်းပြည်ပြန်လည်ထူထောင်ရေး၊ နိုင်ငံတော်သစ်တစ်ခု ပီပီပြင်ပြင် တည်ဆောက်ရေးတို့အတွက် လူတိုင်းအလုပ်လုပ်ကြရမည့်ခေတ်ဖြစ်သည်။ ပျင်းရိလေးတွဲ့ဖွယ်ရာ ဖိနှိပ်အုပ်ချုပ်သည့် ခေတ်ကုန်ဆုံးသွားပြီဖြစ်ကြောင်း နိုင်ငံသားတိုင်း သက်သေပြဖို့ရာ အချိန်ကောင်းကြီးဖြစ်သည်။ ထိုအချိန်သည် ဂလိုဘယ်လမ်းကြောင်းကြီးပေါ် တိုင်းပြည်ကို ဆွဲမတင်ရမည့်အချိန်ဖြစ်သည်။ ဥပဒေစိုးမိုးရေးနှင့် ဒီမိုကရေစီ၊ လူ့အခွင့်အရေးများ ပြည့်ဝမှုရှိရေးသည် ခေတ်မီရေးဖြစ်သည်။ မြန်မာတို့ မကြာခင်ခေတ်မီကြရတော့မည်။